The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 20, NO. 25 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 10, 2020

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

စာမျက်နှာ - ၃ ➢



## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး INDO ASEAN Oceanic Business Summit & Expo ဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား

စာမျက်နှာ - ၃ ➢



## ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

စာမျက်နှာ - ၁၈ ➢

## စီးပွားရေး အခွင့်အလမ်းသစ်များနှင့် တန်ဖိုးကွင်းဆက်များ

စာမျက်နှာ - ၂၅ ➢

## ယခုနှစ်အတွင်း ပြည်ပသို့ ကော်ဖီတင်ပို့မှု ယခင်နှစ်ထက် လျော့နည်းနေ

စာမျက်နှာ - ၂၆ ➢







ကိုရိုနာဗိုင်းရပ်စ် (**Covid 19**) ရောဂါကို မိမိကစ၍ ကြိုတင်ကာကွယ်ပါ။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ



ဩဂုတ် ၅ ရက် နံနက် ၁၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်ထူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် အရည်အသွေးပြည့်မီသည့် မြန်မာ့ရော်ဘာများ တင်ပို့နိုင်ရေးအတွက် နည်းပညာဆိုင်ရာအထောက်အကူများကို တစ်စိတ်တစ်ပိုင်းအနေဖြင့် ဖြည့်ဆည်းပြီး ဖြစ်ကြောင်း၊ ကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြားလိုအပ်ချက်များဖြစ်သော ဓာတ်ခွဲခန်းဝန်ထမ်း ထပ်မံဖြည့်တင်းရေး၊ ဓာတ်ခွဲခန်း အဆောက်အအုံ တိုးချဲ့ရေးတို့ကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ မြန်မာ့ရော်ဘာကဏ္ဍတွင် ပါဝင်ဆောင်ရွက်သူများအားလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ရော်ဘာစိုက်ပျိုးသူ၊ ထုတ်လုပ်သူနှင့် TSR စက်ရုံများ၏ ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်စေရေးအတွက် ထုတ်လုပ်မှု မြှင့်တင်ရေး၊ ဈေးနှုန်းရရှိရေး၊ အရည်အသွေး မြှင့်တင်ရေးအတွက် လိုအပ်သော ထိန်းကျောင်းမှုများ ဆောင်ရွက်သွားနိုင်ရန် နှီးနှောဖလှယ်ပွဲ (Forum) တစ်ရပ်ကို ရန်ကုန်မြို့တွင် ကျင်းပသွားနိုင်ရေးတို့ အပါအဝင် ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် JICA ကဲ့သို့သော ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်၍ နည်းပညာ အကူအညီများ ရယူ ဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းတို့အကြား နားလည်မှုစာချွန်လွှာ (MoU)ကို ၂၀၁၆ ခုနှစ်တွင် လက်မှတ်ရေးထိုး၍ မြန်မာ့သဘာဝရော်ဘာ အရည်အသွေး စမ်းသပ်စစ်ဆေးရေး ဓာတ်ခွဲခန်း (MNRQTL) ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) တွင် တည်ထောင်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် မလေးရှားရော်ဘာဘုတ်အဖွဲ့ (MRB) မှ ဓာတ်ခွဲခန်းအား Audit လာရောက်စစ်ဆေးခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အသင်းဝင် ဓာတ်ခွဲခန်းများ၏ သဘာဝရော်ဘာ အရည်အသွေးစမ်းသပ်ခြင်း အရည်အချင်း စစ်ဆေးမှုအစီအစဉ်များ (Round Robin Test (or) Proficiency Test) ပါဝင်ဖြေဆိုခဲ့ရာ PT Series လေးကြိမ်ဆက်တိုက် အောင်မြင်ခဲ့သည့်အတွက် အပြည်ပြည်ဆိုင်ရာရော်ဘာအသင်း (International Rubber Association - IRA) အသိအမှတ်ပြုလက်မှတ်ရ ဓာတ်ခွဲခန်းတစ်ခု ဖြစ်လာတော့မည်ဖြစ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

---

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး INDO ASEAN Oceanic Business Summit & Expo ဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား



ဩဂုတ်၄ ရက် နံနက် ၁၁နာရီတွင် အိန္ဒိယနိုင်ငံ Confederation of Indian Industry (CII) က ကျင်းပပြုလုပ်သောINDO ASEAN Oceanic Business Summit & Expo ဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် Guest of Honor အဖြစ် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခုအခမ်းအနားသည် အိန္ဒိယ၊ အာဆီယံ၊ အာရှပစိဖိတ်နိုင်ငံများအကြား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များနှင့်အညီ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန် မြှင့်တင်ပေးနိုင်မည့် အစီအစဉ် တစ်ရပ်ဖြစ်ကြောင်း၊ ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူညီချက်သည် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်တွင် သဘောတူလက်မှတ်ရေးထိုးနိုင်ရန် မျှော်မှန်းထားကြောင်းနှင့် ထိုသို့ရေးထိုးနိုင်ပါက ပွင့်လင်း၍ အလုံးစုံပါဝင်သည့် နိုင်ငံစုံ ကုန်သွယ်မှုစနစ်ကို ပိုမိုပေါင်းစည်းပါဝင်နိုင်မည်ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှုဒေသလည်း ဖြစ်လာမည်ဖြစ်ကြောင်း၊ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေးသက်ရောက်မှုများအား တုံ့ပြန်နိုင်ရန်၊ COVID-19 အလွန် New Normal ပုံစံသစ်တွင် ပိုမိုကြံ့ခိုင်၍ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာစေရန်တို့အတွက် အပြန်အလှန်လေးစားယုံကြည်မှုဖြင့် ပူးပေါင်းလက်တွဲ ရင်ဆိုင်သွားကြရမည်ဖြစ်ကြောင်း၊ ကပ်ရောဂါကာလအတွင်း အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးစနစ်သည် ကမ္ဘာ့ကုန်သွယ်ရေးအတွက် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်လာသည်ကို မြင်တွေ့ရပြီး စီးပွားရေးပြန်လည်ဦးမော့လာစေရန် အခွင့်အလမ်းတစ်ရပ်အဖြစ် အသုံးချ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင်လည်း COVID-19 ကြောင့် စီးပွားရေး ပြန်လည်ကုစားမှုအစီအမံများကို မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် (MSDP) နှင့်အညီ ရေးဆွဲဆောင်ရွက်နေကြောင်း၊

**စာမျက်နှာ ၄ သို့**


**Commerce JOURNAL**

**အတိုင်ပင်ခံစာတည်း**
မြင့်သူရ
ဦးဦးဟန်
မျိုးသူ

**စာတည်းမှူးချုပ်**
မင်းအောင်အေး

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ အေးအေးသန့်
သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
စောမောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ခင်မိုးသူ

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၄၄၈ ၀၄၇၁၃၂)
မြင့်ဇင်ညွန့် (၀၉ ၇၃၀ ၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
ကျော်မျိုးမင်း

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမွန်မွန်သူ၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲ တန်ချိန်သုံးသောင်းကျော်တင်ပို့

ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်တာကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၅၂ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၈၀၀၀ ကျော် တင်ပို့ခဲ့သည်။တင်ပို့မှုများအနေဖြင့် မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တန်ချိန် ၇၉၀၀ ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၈၀ နီးပါး၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၁၀၀ ခန့်သာ တင်ပို့နိုင်ခဲ့သဖြင့် ယခင်အပတ်နှင့်နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၃၀၀၀ ခန့် ပိုမိုတင်ပို့ခဲ့ကြောင်းသိရသည်။

ဇူလိုင် ၄ ရက် မှ ၃၁ ရက်တာကာလအတွင်း နယ်စပ်မှ ဆန်တင်ပို့မှုတန်ချိန် နှစ်သောင်းကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုမှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲတန်ချိန် ၁၄၀၀ ကျော်နှင့် မြဝတီကုန်သွယ်ရေးဇုန်မှ ဆန်ကွဲတန်ချိန် ၇၀၀ ကျော် တင်ပို့နိုင်သဖြင့် စုစုပေါင်းတန်ချိန်နှစ်ထောင်ကျော် တန်ဖိုးအားဖြင့် သုည ဒသမ ၆၃၇ သန်း တင်ပို့ခဲ့ကြောင်းသိရသည်။ ယခင်အပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ဆန်ကွဲတန်ချိန် ၅၀ကျော် လျော့နည်းတင်ပို့ခဲ့ကြောင်းသိရသည်။

ဇူလိုင် ၄ ရက် မှ ၃၁ ရက်တာကာလအတွင်း နယ်စပ်မှ ဆန်ကွဲတင်ပို့မှုတန်ချိန်ပေါင်း နှစ်သောင်းကျော်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်တာကာလအတွင်း ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၄၅ သန်း တန်ဖိုးရှိ ဆန်တန်ချိန် တစ်သောင်း ခုနစ်ထောင်ကျော် တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

တင်ပို့မှုများအနေဖြင့် အီးယူနိုင်ငံများသို့ ဆန်တန်ချိန် ၃၄၀၀ ခန့်၊ အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၉၅၀၀ ခန့်နှင့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၄၆၀၀ ကျော် တင်နိုင်ခဲ့ကြောင်းသိရသဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် လေးထောင်ကျော် ပိုမိုတင်ပို့ခဲ့ကြောင်းသိရသည်။

ယခုအပတ် ပင်လယ်ရေကြောင်းမှ ဆန်ကွဲတင်ပို့မှု တန်ချိန် တစ်သောင်းကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၈၅ သန်းခန့် ရှိခဲ့သည်။ တင်ပို့မှုများအနေဖြင့် အီးယူနိုင်ငံများသို့ ဆန်ကွဲတန်ချိန် လေးထောင်ခန့်နှင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၆၆၀၀ ကျော် တင်ပို့နိုင်ခဲ့သည်။ ယခင်အပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန်၅၀၀၀ ကျော် ပိုမိုခဲ့ကြောင်း သိရှိရသည်။

ယခုတစ်ပတ်ဆန်နှင့်ဆန်ကွဲတင်ပို့မှုစုစုပေါင်းတန်ချိန် ၃၄၀၀၀ ခန့် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၈၆၀၀ ခန့် ပိုမိုခဲ့ကြောင်း သိရသည်။

**အေးအေးသန့်**

# ဖျာပုံမြို့နယ်တွင် ပေါ်ဆန်းဆန်စျေး အနည်းငယ်ကျဆင်း

ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များတွင် ဩဂုတ်လပထမပတ်အတွင်း ဆန်စပါးအရောင်းအဝယ်အေးလျက်ရှိသောကြောင့် ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်များတွင် ပေါ်ဆန်းဆန်စျေးနှုန်းများ အနည်းငယ်ကျဆင်းလျက်ရှိကြောင်း တိုင်းဆန်၊ စပါးသတင်းများမှသိရသည်။

အဆိုပါမြို့နယ်များတွင် ယခင်ပေါ်ဆန်းဆန်တစ်အိတ်ကိုကျပ် ၃၆၀၀၀ - ၃၇၀၀၀ စျေးနှုန်းမှ ယခုစျေးကျပ် ၃၅၀၀၀၊ ၃၆၀၀၀ ဖြစ်သွားသည့်အတွက် ဆန်တစ်အိတ်ကိုကျပ် ၁၀၀၀ ခန့်စျေးနှုန်းကျဆင်းလျက်ရှိပြီး စပါးစျေးနှုန်းမှာ အပြောင်းအလဲမရှိသကဲ့သို့ လက်ရှိတိုင်းအတွင်းရှိ ကျန်မြို့နယ်များတွင်စပါး၊ ဆန်စျေးနှုန်းမှာ ပြောင်းလဲမှုမရှိဘဲစျေးနှုန်းတည်ငြိမ်လျက်ရှိပြီး အရောင်းအဝယ်အေးလျက်ရှိကြောင်း တိုင်း ဆန်၊ စပါး သတင်းများမှ သိရသည်။ **မင်းမင်းဦး(ပုသိမ်)**

# ပဲခူးတိုင်းဒေသကြီး၏ မိုးစပါးစိုက်ပျိုးမှုအခြေအနေ

ပဲခူးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံတွင် ဒုတိယစပါးအများဆုံးစိုက်ပျိုးသော တိုင်းဒေသကြီးဖြစ်သည်နှင့်အညီ ၂၀၂၀-၂၀၂၁ မိုးစပါးရာသီအတွင်း စီမံကိန်းလျာထားဧက ၂၆၉၂၉၃၁ ဧကကိုစိုက်ပျိုးလျက်ရှိရာ ရာခိုင်နှုန်းအနေဖြင့် ၇၀ရာခိုင်နှုန်းခန့် စိုက်ပျိုးပြီးဖြစ်ကြောင်းသိရှိရသည်။

ယခုအခါ ပဲခူးတိုင်းဒေသကြီးအတွင်း မိုးရွာသွန်းမှုအခြေအနေမှာ နည်းပါးလျက်ရှိပြီး ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလမှ ဇူလိုင် ၂၄ ရက်အထိ ၂၅ ဒသမ ၉လက်မသာ ရွာသွန်းခဲ့ရာ ယခင်နှစ်ကာလတူထက် ၇ ဒသမ ၆၁လက်မ လျော့နည်းသဖြင့် ပုံမှန်မိုးရွာသွန်းမှုထက် ၁၄ ဒသမ ၃၈ လက်မလျော့နည်းလျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ မိုးရွာသွန်းမှုနည်းပါးပါက ပဲခူးတိုင်းဒေသကြီး၏ အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် မိုးစပါးစီမံကိန်း ဧကပြည့်မီအောင် စိုက်ပျိုးရန် အခက်အခဲရှိလာနိုင်သည်နှင့်အညီ စိုက်ပျိုးပြီးဧကများအတွက်လည်း ရေလိုအပ်ခြင်း၊ အောင်ရေလုံလောက်မှုမရှိခြင်းများဖြစ်ပေါ်လာနိုင်ပြီး စပါးပင်များ၏သက်တမ်းအလိုက် ပင်ပွားထွက်ခြင်း၊အပွင့်ပွင့်ခြင်းနှင့် ဖူးတံထိုးခြင်းတို့တွင် ထိခိုက်၍ စပါးအထွက်နှုန်းကျဆင်းနိုင်သည့်အတွက် လာမည့် ၂၀၂၀-၂၀၂၁ မိုးစပါးထွက်ရှိမှုအပေါ်တွင် အကျိုးသက်ရောက်မှုရှိလာနိုင်ကြောင်း ခန့်မှန်းရရှိသည်။

**ဝါဝါလွင်(ပဲခူး)**

# ပြည်ခရိုင်တွင် နွေစပါးစျေး ဆက်လက်မြင့်တက်လာ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် ယခုနှစ် နွေစပါးစိုက်ဧကမှာ ၅၀၈၀၃ ဧက စိုက်ပျိုးရိတ်သိမ်းပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် တင်း၈၀နီးပါးထွက်ရှိသည်။ နွေစပါးစျေးနှုန်းများအနေဖြင့် ယခုအပတ်တွင် ၄၆ ပေါင် တင်း၁၀၀လျှင် ကျပ် ၅၃၀၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုအပတ်တွင်ကုန်သည် ဝယ်လက်များက နွေစပါးကို အဝယ်လိုက်လာသည့် အတွက်ကြောင့် နွေစပါးစျေးဆက်လက်မြင့်တက်လာသည်။ ယခုအပတ် နွေစပါးစျေးမှာ ၄၆ ပေါင် တင်း၁၀၀လျှင်ကျပ် ၅၉၀၀၀၀အထိ မြင့်တက်လာခဲ့၍ယခင်အပတ်ထက် ကျပ်၆၀၀၀၀စျေးမြင့်လာသည်။

**လွင်လွင်ဆန်း(ပြည်)**

**စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန . . . မှအဆက်**

မြန်မာနိုင်ငံ၌ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ဆိပ်ကမ်းများအား အိန္ဒိယနှင့် ပင်လယ်ကမ်းဒေသနိုင်ငံ ဆိပ်ကမ်းများနှင့် ချိတ်ဆက်နိုင်ရန် တည်ဆောက်လျက်ရှိကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ အိန္ဒိယနိုင်ငံ Mr.SHon’ble Minister of State ဖြစ်သူ Mr. Hardeep SinghPuri၊ အိန္ဒိယ၊ ဖီဂျီ၊ ဖိလစ်ပိုင်၊ မလေးရှား၊ ကမ္ဘောဒီးယားနိုင်ငံတို့မှဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံများမှ သံအမတ်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

# အာရှနိုင်ငံများမှ FOB ဆန်စျေးနှုန်းများ

၇-၈-၂၀၂၀ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၉၀ | ၄၉၉ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၇၄ | ၄၈၃ | △ | ၄၄၀ | ၄၆၃ | △ | ၃၇၀ | ၃၇၀ | □ | ၄၁၀ | ၄၁၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၆၁ | ၄၇၀ | △ | ၄၂၀ | ၄၅၀ | △ | ၃၄၀ | ၃၄၀ | □ | ၃၆၀ | ၃၆၀ | □ |
| ပေါင်းဆန် | ၄၈၃ | ၄၉၃ | △ | - | - | - | ၃၇၀ | ၃၇၀ | □ | ၄၆၃ | ၄၆၃ | □ |

*Source: thairiceexporters*

# ပြည်တွင်းမြို့ကြီးများ၏ (၇-၈-၂၀၂၀)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ - ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၉၀၀ | □ | ၂၃၀၀၀ | □ | ၆၉၀၀ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၅၅၀၀ | □ | ၇၆၂၀ | □ | ၃၆၀၀၀ | □ |
| ပဲခူး | ၅၉၀၀ | □ | ၂၄၀၀၀ | □ | ၇၂၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၈၀၀၀ | □ | ၃၂၀၀၀ | □ | ၁၃၀၀၀ | □ | ၄၃၀၀၀ | □ |
| စစ်တွေ | ၅၃၀၀ | □ | ၂၃၀၀၀ | □ | ၈၅၀၀ | □ | ၄၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၂၀၀ | □ | ၂၈၀၀၀ | □ | - | - | ၄၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၆၀၀ | □ | ၂၂၇၀၀ | □ | - | - | ၃၄၅၀၀ | □ |
| မန္တလေး | ၆၈၀၀ | □ | ၂၈၀၀၀ | □ | - | - | ၅၁၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၉၀၀၀ | □ | - | - | ၅၃၀၀၀ | □ |
| မော်လမြိုင် | ၅၆၀၀ | □ | ၂၇၀၀၀ | □ | ၈၃၀၀ | □ | ၃၆၀၀၀ | □ |
| လှိုင်ကော် | ၈၀၅၀ | △ | ၃၇၀၀၀ | □ | - | - | ၆၁၀၀၀ | □ |
| မြိတ် | ၆၅၀၀ | △ | ၂၆၅၀၀ | □ | - | - | ၃၉၅၀၀ | △ |
| ဘားအံ | ၆၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၂၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင် မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

**၃၁-၇-၂၀၂၀မှ ၆-၈-၂၀၂၀ရက်နေ့အထိ Online CO Applicationမှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း**

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 396 | 15 | - | - | - | 411 |
| | Form AANZ | 8 | - | - | - | - | 8 |
| | Form AHK | - | - | - | - | - | - |
| | Form AI | 52 | 1 | - | - | - | 53 |
| | Form AJ | 22 | 2 | - | - | - | 24 |
| | Form AK | 113 | 4 | - | - | - | 117 |
| | Form CHINA | - | - | - | - | - | - |
| | Form D | - | - | - | - | - | - |
| | Form DFTP | 1 | 1 | - | - | - | 2 |
| | Form E | 125 | 5 | - | - | 7 | 137 |
| | Form Korea | 3 | - | - | - | - | 3 |
| | E Form D | 168 | - | - | - | - | 168 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 888 | 28 | - | - | 7 | 923 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၇-၈-၂၀၂၀ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၃၁/၇ | ၇/၈ | ပြောင်းလဲမှု | ၃၁/၇ | ၇/၈ | ပြောင်းလဲမှု | ၃၁/၇ | ၇/၈ | ပြောင်းလဲမှု | ၃၁/၇ | ၇/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၅၃၈ | ၁၅၃၉ | ▲ | ၁၄၅၀ | ၁၅၆၇ | ▲ | ၁၄၇၅ | ၁၅၀၀ | ▲ | ၁၅၂၅ | ၁၅၅၀ | ▲ |
| ပဲစင်းငုံ | ၁၃၁၄ | ၁၃၁၂ | ▼ | ၁၂၆၇ | ၁၂၅၈ | ▼ | ၁၂၅၀ | ၁၂၆၀ | ▲ | ၁၂၆၅ | ၁၂၆၅ | ■ |
| ပဲတီစိမ်း | ၁၈၆၅ | ၁၈၆၅ | ■ | ၂၀၂၇ | ၂၀၄၄ | ▲ | ၁၉၂၃ | ၁၉၂၃ | ■ | ၁၉၅၀ | ၁၉၇၅ | ▲ |
| ကုလားပဲရိုးရိုး | ၁၆၂၀ | ၁၇၀၀ | ▲ | ၁၂၉၃ | ၁၂၈၄ | ▼ | ၁၂၈၉ | ၁၂၈၉ | ■ | ၁၂၅၀ | ၁၂၅၅ | ▲ |
| ပဲလွန်းဖြူ | ၁၈၃၀ | ၁၈၃၀ | ■ | ၁၆၆၇ | ၁၆၆၇ | ■ | - | - | - | ၁၄၂၀ | ၁၄၂၀ | ■ |
| ထောပတ်ပဲ | ၉၉၀ | ၉၉၀ | ■ | ၉၇၈ | ၉၆၀ | ▼ | ၈၉၅ | ၈၈၄ | ▼ | ၉၃၀ | ၉၃၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၅.၇.၂၀၂၀)ထိ | ယခုတစ်ပတ် (၁.၈.၂၀၂၀)ထိ | (၁.၁၀.၂၀၂၀) မှ (၁.၈.၂၀၂၀) ထိ |
| မတ်ပဲ | ၃၆၉၅၀၇ | ၉၄၂၂ | ၃၇၈၉၂၉ |
| ပဲတီစိမ်း | ၁၉၈၀၃၁ | ၂၇၀၄ | ၂၀၀၇၃၅ |
| ပဲစင်းငုံ | ၁၈၂၉၄ | ၉၇၀ | ၁၉၂၆၄ |
| ကုလားပဲ | ၁၀၆၆၀ | ၉၉ | ၁၀၇၅၉ |
| ပဲလွန်းဖြူ | ၂၀၆၂၇ | ၁၉၃ | ၂၀၈၂၀ |
| မြေထောက်ပဲ | ၁၈၁၄၄ | ၁၀၇ | ၁၈၂၅၁ |

# ပခုက္ကူကုန်စည်ဒိုင်တွင် ပဲတီစိမ်း အရောင်းအဝယ်ဖြစ်နေ

ပခုက္ကူကုန်စည်ဒိုင်တွင် အညာဒေသမှ ထွက်ရှိသော ပဲမျိုးစုံဖြစ်သည့် ပဲစင်းငုံ၊ ကုလားပဲ ၊ ထောဖြူ ၊ ပဲတီစိမ်းကြီး၊ ပဲတီစိမ်းသေး၊ နှမ်း၊မြေပဲ၊ပြောင်းဖူးစေ့နှင့် အခြားပဲမျိုးစုံဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ၂၀၂၀ ပြည့်နှစ်ထွက်ပဲစင်းငုံနီတစ်တင်းလျှင် ကျပ် ၂၅၀၀၀ ဖြင့် အိတ် ၂၀၊ ကုလားပဲဝါလုံးကြီး (929)တစ်တင်းလျှင် ကျပ် ၂၄၅၀၀ ဖြင့် အိတ်၅၀၊ ကုလားပဲဝါ(HL)တစ်တင်းလျှင် ကျပ် ၂၃၄၀၀ ဖြင့် အိတ်၅၀၊ ပဲတီစိမ်းကြီးတစ်တင်းလျှင် ကျပ် ၃၆၀၀၀ ဖြင့် အိတ် ၂၀၀၊ ပဲတီစိမ်းသေး တစ်တင်းလျှင် ကျပ် ၃၆၇၀၀ ဖြင့် အိတ် ၅၀စွန်တာနီတစ်တင်းလျှင် ကျပ် ၁၈၀၀၀ ဖြင့် ၃၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၈၇၀၀ ဖြင့်အိတ် ၅၀၊ မြစ်ခြေပဲယင်းတစ်တင်းလျှင်ကျပ် ၁၈၀၀၀ ဖြင့်အိတ် ၅၀၊ ထောပတ်ပဲဖြူ တစ်တင်းလျှင် ကျပ် ၁၇၇၀၀ ဖြင့်အိတ်၃၀၀ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်စည်ဒိုင်မှ သိရှိရသည်။

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင်စွန်တာနီတစ်တင်းလျှင် ကျပ် ၁၇၅၀၀ ဖြင့် အိတ် ၂၀၀၊ထောပတ်ပဲဖြူ တစ်တင်းလျှင်ကျပ် ၁၇၀၀၀ ဖြင့် အိတ် ၂၀၀ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်စည်ဒိုင်မှသိရှိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ဟသ်ာတကုန်စည်ဒိုင်တွင် ပဲမျိုးစုံဈေးအေးပြီး ဆန်ထွက်ပစ္စည်း ဈေးအနည်းငယ်တက်

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတကုန်စည်ဒိုင်တွင် ဇူလိုင်လ နောက်ဆုံးပတ်က တစ်တင်းလျှင် ကျပ် ၃၁၀၀၀ ဈေးပေါက်ခဲ့သော မတ်ပဲသည် ဩဂုတ် ၆ ရက်တွင်လည်း ယခင်သီတင်းပတ်နှင့် ဈေးနှုန်းတူ ကျပ် ၃၁၀၀၀ ဈေးဖြင့်ပင် အိတ် ၁၀၀၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။ ပဲတီစိမ်း(ဆီပြောင်)နှင့်ပဲတီစိမ်း(ဝါးခယ်မ)တို့မှာလည်း ယခင်သီတင်းပတ်နှင့်ဈေးနှုန်းတူ ကျပ် ၃၆၀၀၀ ဈေးဖြင့်လည်းကောင်း၊ ပဲလွမ်းနီမှာလည်း အရည်အသွေးပေါ် မူတည်၍ ယခင်သီတင်းပတ်နှင့်ဈေးနှုန်းတူ တစ်တင်းလျှင် ကျပ် ၂၇၀၀၀ မှ ကျပ် ၂၉၀၀၀ အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သလို ပဲပုပ်တစ်တင်းလျှင် ကျပ် ၁၈၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၅၀၀ ကျဆင်းခဲ့ကာ ဟသ်ာတကုန်စည်ဒိုင်တွင် ဩဂုတ်လ ပထမပတ်၌ ပဲမျိုးစုံ ဈေးအေးခဲ့သည်။

အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ကျပ် ၁၀၉၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၅၀၀ မြင့်တက်ခဲ့သည်။ ဖွဲနုပေါင် ၇၀ တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၃၀၀ မြင့်တက်ခဲ့ကာ ဆန်ကွဲ (၁၊၂) ၁၀၈ ပေါင်တစ်အိတ်လျှင် ကျပ်၁၇၀၀၀ဖြင့်လည်းကောင်း၊ဆန်ကွဲ (၂၊၃၊၄) ၁၀၈ပေါင်တစ်အိတ်လျှင် ကျပ် ၁၆၀၀၀ဈေးဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၅၀၀ စီ မြင့်တက်ခဲ့ကြောင်း သိရှိရသည်။

**မောင်မောင်မြတ်ခိုင်**

# မော်လမြိုင်မြို့တွင် ဖြစ်ပေါ်နေသော အခြေခံစားကုန်ဈေးနှုန်းများ

မော်လမြိုင်မြို့၏ ဩဂုတ်လပထမပတ်တွင် ဖြစ်ပေါ်နေသော အခြေခံစားကုန်ဈေးနှုန်းများမှာ ပေါ်ဆန်း (စပါး) တင်း ၁၀၀ ကျပ် ၈၃၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်ကျပ် ၃၆၀၀၀၊ ဧည့်မထ (စပါး)တင်း ၁၀၀ ကျပ်၅၆၀၀၀၀၊ ဧည့်မထ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်ကျပ် ၂၇၀၀၀၊ စားအုန်းဆီတစ်ပိဿာ ကျပ် ၂၀၀၀၊ မြေပဲဆီတစ်ပိဿာကျပ်၈၀၀၀၊ ကြက်သွန်နီ တစ်ပိဿာကျပ်၆၀၀ ၊ကြက်သွန်ဖြူ (ရှမ်း)တစ်ပိဿာကျပ် ၄၀၀၀၊ ကြက်သွန်ဖြူ (ကြူဂုတ်)တစ်ပိဿာ ကျပ် ၂၅၀၀ ၊မန်ကျည်းမှည့်တစ်ပိဿာကျပ်၄၅၀၀၊ ငရုတ်ခြောက် တစ်ပိဿာကျပ် ၆၀၀၀၊ ပဲနီလေး (မြန်မာ) တစ်ပိဿာ ကျပ် ၅၀၀၀၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၂၅၀၀၊ မြေပဲဆန် တစ်ပိဿာ၃၁၅၀ကျပ်၊ မွေးမြူရေးကြက်သားတစ်ပိဿာကျပ် ၈၀၀၀၊ ဝက်သားတစ်ပိဿာ ကျပ် ၁၀၀၀၀၊ ဆိတ်သား တစ်ပိဿာကျပ် ၂၅၀၀၀၊ အမဲသား တစ်ပိဿာကျပ် ၁၂၀၀၀၊ ငါးကြင်းတစ်ပိဿာကျပ်၁၀၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာကျပ်၇၀၀၀၊ ကြက်ဥ/ဘဲဥတစ်လုံးလျှင်ကျပ် ၁၅၀/၂၂၀၊ ရော်ဘာRSS3တစ်ပေါင် ကျပ်၆၉၀ ၊ရွှေ ၁၆ ပဲရည် ကျပ် ၁၃၁၀၀၀၀၊ ရွှေ ၁၅ပဲရည် ကျပ် ၁၂၀၅၀၀၀၊ ရွှေ ၁၄ ပဲရည် ကျပ် ၁၁၇၀၀၀၀၊ ဓာတ်ဆီတစ်ဂါလန် ၃၀၁၅ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၇၄၅ကျပ် ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

ယခုအပတ် ဈေးနှုန်းများမှာ ယခင်အပတ်နှင့်နှိုင်းယှဉ်လျှင် ကြက်သွန်နီ၊ ကုလားပဲခြမ်း၊ ပဲနီလေးတို့မှာ ဈေးအနည်းငယ်ကျ၍ ရော်ဘာနှင့်ရွှေဈေးမှာဈေးနှုန်း မြင့်တက်လာကြောင်း သိရှိရသည်။

**နန်းတာတာလှိုင်(မွန်)**

# ပြည်မြေပဲဆန် လက်ကျန်များဖြင့်သာ အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်၌ မြေပဲဆန်ဝင်ရောက်မှုမရှိသော်လည်း ဒေသတွင်းပွဲရုံလက်ကျန်များဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မြေပဲဆန်ဆီဆန်ဈေးမှာငြိမ်နေသော်လည်းလုံးဆန်ဈေးမှာဈေးအနည်းငယ်ကျလာသည်။ ဆီစက်သမားများက ဆီဆန်ကိုအဝယ်ရှိပြီး ရန်ကုန်ဝယ်လက်များက လုံးဆန်ကိုအဝယ်ရှိကြသည်။

ယခုအပတ်တွင် ဆီဆန်(အဖြူ)တစ်ပိဿာလျှင် ကျပ်၂၅၀၀ နှင့် (အနီ) တစ်ပိဿာလျှင်ကျပ်၂၅၅၀ဖြင့် ယခင်အပတ်ကအတိုင်း ဈေးငြိမ်နေပြီး လုံးဆန်ဈေးမှာ(အဖြူ)တစ်ပိဿာလျှင်ကျပ်၂၉၀၀နှင့်(အနီ)တစ်ပိဿာလျှင်ကျပ်၂၉၅၀ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ဝေဝေမင်း(ပြည်)**

# ပြည်ပဲမျိုးစုံဈေးကွက်တွင် ပဲကြီးသီးနှံဈေးပိုရလာ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်၌ ဩဂုတ်လဆန်းပိုင်းတွင်လည်း ပဲအားလုံးလိုလို ဈေးငြိမ်ရောင်းဝယ်လျက်ရှိခဲ့သည်။ ပြည်ပဝယ်လက်သမားများက မတ်ပဲနှင့်ပဲစင်းငုံသီးနှံကိုရက်ခြားရောင်းဝယ်နေကြသည်။ ပြည်တွင်းဝယ်လက် အဓိကဖြစ်သော ပဲများထဲတွင် ကုလားပဲနှင့်ပဲကြီးသီးနှံမှာ နေ့စဉ်အရောင်းအဝယ်ဖြစ်ပြီး လက်လီပဲဈေးကွက်၌ ဗိုလ်ကိတ်ပဲ၊ ပဲလွမ်းဖြူ စားတော်ပဲသီးနှံများ ဈေးကောင်းရခဲ့ကာ ကျန်ပဲများဖြစ်သော ထောပတ်ပဲ၊ ပဲနီပြားသီးနှံများမှာ ဈေးအနိမ့်ဖြင့်သာ ရောင်းဝယ်ခဲ့ကြကြောင်း သိရသည်။

**မတ်ပဲ**

မတ်ပဲသီးနှံမှာဈေးအတက်အကျမဖြစ်ဘဲ ဈေးငြိမ်နေပြီး တစ်တင်း ကျပ်၃၁၀၀၀ဖြင့်သာ ရောင်းဝယ်မှုဖြစ်ခဲ့ကြသည်။ ရန်ကုန်ဝယ်လက်ဝယ်ယူခဲ့ပြီး အရောင်းအဝယ်ဖြစ်သည့်ရက်၌ အိတ် ၂၀၀ ကျော် ရောင်းချမှုဖြစ်ခဲ့ကြသည်။ မတ်ပဲသီးနှံမှာ ယခုနှစ်အတွင်း ပဲစင်းငုံသီးနှံနှင့်ယှဉ်လျှင် ယခင်နှစ်ထက်ဈေးကောင်းပိုရလျက်ရှိပြီ မတ်ပဲသီးနှံဈေးကတစ်တင်းလျှင် ကျပ်သုံးသောင်းအောက်သာ လျော့နည်းအရောင်းအဝယ်ဖြစ်ခဲ့သည်။

**ပဲတီစိမ်း**

ပဲတီစိမ်းသီးနှံမှာ ပဲဈေးကွက်အတွင်း ဈေးအမြင့်ဖြင့် ဈေးဖွင့်ထားခဲ့ပြီး တစ်တင်းလျှင် ကျပ်၃၉၀၀၀အထိရရှိနေခဲ့သော်လည်း ဈေးကွက်အတွင်း မိုးပဲတီစိမ်းသစ်များ ဝင်ရောက်လာခြင်းမရှိသေးကြောင်းသိရသည်။ ယခင်နှစ်က ဩဂုတ်လဆန်းပိုင်းမှစ၍ ပဲဈေးကွက်သို့ မိုးပဲတီစိမ်းသစ်များ စတင်ဝင်ရောက်လာခဲ့ပြီး တစ်တင်းလျှင် ကျပ် ၃၄၀၀၀ဖြင့် ဈေးဖွင့်ရောင်းဝယ်ခဲ့ကြသည်။ ယခုနှစ်ဈေးကွက်အတွင်းသို့ ပဲအဝင်နောက်ကျနေပြီး ပဲဈေးက ယခင်နှစ်ထက် ယခုလက်အချိန်မှာဈေးပိုရသည်။

**ပဲကြီး**

ပဲကြီးသီးနှံမှာ ယခုတစ်ပတ်အတွင်း ဈေးအနည်းငယ်ပိုလာခဲ့ခြင်းကြောင့် (ရွှေကျွန်း) တစ်တင်းကျပ်၃၀၀၀၀၊ (ကမ်းနား) တစ်တင်း ကျပ်၂၇၀၀၀ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိကာ ဒေသတွင်း ပဲကြော်ဖိုလုပ်ငန်းသမားများ အဓိကဝယ်ယူနေကြသည်။

တစ်ခါတစ်ရံ ရန်ကုန်ဝယ်လက်နှင့် ကျောက်ပန်းတောင်းဘက်ကလည်း အဝယ်ရှိနေကြောင်းသိရသည်။ ပဲအဝင်အနည်းငယ်ရှိခဲ့သကဲ့သို့ လက်ကျန်ပဲများလည်းရှိသည့်အတွက် ဝယ်လိုအားရှိသလောက် ရောင်းချမှုရှိခဲ့ကြသည်။

**ပဲနီပြား**

ပဲနီပြားသီးနှံသည် လက်လီပဲဈေးကွက်၌ ဈေးအနိမ့်ဖြင့်ရောင်းဝယ်နေပြီး လက်လီနေ့စဉ်အိတ် ၂၀၀ ကျော် ရောင်းဝယ်မှုဖြစ်ခဲ့သည်။ ရန်ကုန်ဝယ်လက်သမား ဝယ်ယူသည့်ရက်များတွင် အိတ် ၁၀၀ ကျော်အထိ ရောင်းဝယ်မှုဖြစ်ခဲ့ကြသည်။ လက်လီပဲဈေးကွက်၌ ဗိုလ်ကိတ်နှင့်ပဲလွမ်းဖြူသီးနှံများမှာတစ်တင်းလျှင် ကျပ်သုံးသောင်းအထက်ရရှိနေသည်။ ဈေးကောင်းဝင်ပဲသီးနှံများဖြစ်သည့်အတွက် ပဲနီပြားသီးနှံမှာအဆိုပါပဲများထက်ဈေးလျော့နည်းခဲ့သည်။ ယခင်နှစ်ကာလတူ အချိန်ပေါက်ဈေးနှင့်ယှဉ်လျှင် ဈေးအတက်အကျသိပ်မဖြစ်ကြောင်းသိရသည်။ **ခင်ဆွေဝင်း(ပြည်)**

# ဇူလိုင်လတွင် မြန်မာ့ထုတ်လုပ်မှု PMI အညွှန်းကိန်း ပြန်လည်မြင့်တက်လာ


ကမ္ဘာ့စီးပွားရေး အခြေအနေကို အချိန်မီတိကျစွာ သိရှိနိုင်ရန် Purchasing Managers' Index (PMI) ကို အသုံးပြုကြကြောင်း သိရှိရသည်။

IHS Markit က မြန်မာနိုင်ငံ၏ ထုတ်လုပ်မှု PMI ကို ထုတ်လုပ်သူ ၄၀၀ ၏ ဝယ်ယူရေး မန်နေဂျာများထံ ပေးပို့ခဲ့သည့် မေးခွန်းလွှာများအတွက် ဖြေကြားချက်များကို အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်သည်။ PMI အညွှန်းကိန်းသည် သုညနှင့် ၁၀၀ အကြားတွင်ရှိပြီး ယေဘုယျအားဖြင့် PMI အညွှန်းကိန်းသည် ၅၀ အထက်ရှိလျှင် တိုးတက်မှုရှိသည်ကို ဖော်ပြပြီး ၅၀ အောက်ဖြစ်လျှင် ကျဆင်းနေကြောင်း ဖော်ပြထားပါသည်။

PMI အညွှန်းကိန်းသည် New Orders ၃၀ ရာခိုင်နှုန်း၊ Output ၂၅ ရာခိုင်နှုန်း၊ Employment ၂၀ ရာခိုင်နှုန်း၊ Suppliers' Delivery Time ၁၅ ရာခိုင်နှုန်း၊ Stocks of Purchases ၁၀ ရာခိုင်နှုန်း စသည့် အညွှန်းငါးခုတို့ကို အသုံးပြု၍ weighted average အဖြစ် တွက်ချက်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။

IHS Markit ၏ PMI စစ်တမ်းအရ မြန်မာထုတ်လုပ်ရေးကဏ္ဍရှိ လုပ်ငန်းအခြေအနေများမှာ ဇူလိုင်လတွင် တိုးတက်ခဲ့သည်။ မြန်မာထုတ်လုပ်မှု PMI အညွှန်းကိန်းသည် ဇွန်လ၌ ၄၈ ဒသမ ၇ ရှိခဲ့ရာမှ ဇူလိုင်လတွင် (ခြောက်လအတွင်း အမြင့်ဆုံးဖြစ်သည့်) ၅၁ ဒသမ ၇ သို့ မြင့်တက်ခဲ့သည်။ PMI အညွှန်းကိန်း ၃ ဒသမ သုည မြင့်တက်လာခြင်းမှာ အော်ဒါအသစ်များ လက်ခံရရှိမှု၊ ထုတ်လုပ်မှုအားကောင်းစွာ တိုးတက်လာခြင်းနှင့် အလုပ်နေရာ ကျဆင်းမှု နှေးလာခြင်းတို့ကို ထင်ဟပ်နေကြောင်း ဖော်ပြထားသည်။

**ရင်းမြစ်။ IHS Markit ၏**
**၄-၈-၂၀၂၀ ရက်နေ့ သတင်းထုတ်ပြန်ချက်**
**DOT**




ရင်းမြစ်- IHS Markit.

# လွိုင်ကော်မြို့၌ MSME နှင့်ပတ်သက်၍ COVID-19 ချေးငွေ ချထားမှုအတွက် လိုအပ်သည့် အချက်အလက်များ ရှင်းလင်း

လွိုင်ကော်မြို့၌ MSME နှင့်ပတ်သက်၍ COVID-19 ချေးငွေ ဒုတိယအကြိမ် ချထားမှုအတွက် လိုအပ်သည့် အချက်အလက်များ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၆ ရက်တွင် လွိုင်ကော်မြို့ နောင်ယားကန်သာဘေး BBQ စားသောက်ဆိုင်၌ ကျင်းပခဲ့ပြီး MSME Association Kayah အသင်းမှ တာဝန်ရှိသူများ၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် MSME Association Kayah အသင်း ဒုဥက္ကဋ္ဌက ပြည်နယ်အတွင်း အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းရှင်များ၊ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးရှိ လုပ်ငန်းရှင်များအချင်းချင်း ချိတ်ဆက်လုပ်ကိုင်နိုင်ပြီး ပြည်နယ်အတွင်းရှိလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ SMEs လုပ်ငန်းရှင်များအတွက် နည်းပညာအကူအညီ၊ ငွေကြေးအကူအညီ၊ ထုတ်ကုန်စျေးကွက်ရရှိနိုင်ရေးနှင့် သမားရိုးကျ လုပ်ငန်းများကို ဆန်းသစ်တီထွင်နိုင်စေရေးတို့ကို ကူညီလုပ်ဆောင်ပေးနိုင်ရန် အခါအားလျော်စွာ စီးပွားရေးပညာရှင်များ၊ စီးပွားရေးအကြံပေးများဖိတ်ခေါ်၍ စီးပွားရေးသင်တန်းများ ပေးလျက်ရှိကြောင်းနှင့် MSME နှင့်ပတ်သက်၍ COVID-19 ချေးငွေ ဒုတိယအကြိမ် ချထားမှုအတွက် လိုအပ်သည့်အချက်အလက်များ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ငြိမ်းဝေနှင်း(လွိုင်ကော်)**

## မြန်မာ့ဆိပ်ကမ်းတွင် ၆ . ၈ . ၂၀၂၀ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ငံရှုဆိပ်ကမ်း(၁) | -MT.VL-21 | P'Oil (In Bulk) ၄၉၀၀ တန်ချ |
| ထီးတန်းဆိပ်ကမ်း(၁) | -EVER CHANT | ကုန်သေတ္တာ ၆၁၅ တင် |
| ထီးတန်းဆိပ်ကမ်း(၂) | -PACAO | ကုန်သေတ္တာ ၉၉၈ တင် |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | -CAPE FLORES | ကုန်သေတ္တာ ၈၈၅တင် ၇၈၅ တန်ချ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - SINAR SOLO | ကုန်သေတ္တာ ၈၈၅တင် ၇၈၅ တန်ချ |
| အလုံဆိပ်ကမ်း(၂) | - TRUONG MINH DRAGON | Urea (In Bulk)၁၂၅၀၀ တင် |
| Myanmar Integrated Port Limited | - ROWAN-3 | Steel Product ၁၈၁၇၀ တန်ချ |
| သီလဝါဆိပ်ကမ်း(၄) | -OBSERVATOR | Steel Product ၁၇၂၅၇ တန်ချ |
| WILMAR JETTy | -MT.W BLOSSOM | P'Oil (In Bulk) ၈၄၀၀ တန်ချ |
| သီလဝါစက်မှုဆိပ်ကမ်းသစ်(၁) | -PNT MIGHTY | Deformed Bar ၁၂၅၀၆ တန်ချ |
| MMTM JETTY | -MT.ANGEL NO-6 | DIESEL+MOGAS (92 Ron)၂၆၂၈၃ တန်ချ |
| ELITE JETTY | -MT.PANGINU | DIESEL+MOGAS (92 Ron )၂၀၀၂၂ တန်ချ |
| REGENCY&DENKO | -MT.YU HAI | DIESEL+MOGAS (92 Ron )၁၇၂၃၁တန်ချ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BA BUZA WISDON | Urea ၁၄၀၂၂ တန်ချရန် | MALAYSIA(AWBA) | ၆.၈.၂၀၂၀ |
| KITTY TIDE | Steel Product ၁၂၆၉ တန်ချရန် | CHINA | ၇.၈.၂၀၂၀ |
| GREAT 6 | ဂျုံတန်ချိန် ၁၀၀၀၀ တန်ချရန် | USA | ၈.၈.၂၀၂၀ |
| HAN XIN | Steel Product ၁၃၂၀၀ တန်ချရန် | OMAN | ၉.၈.၂၀၂၀ |
| ANIHITA | Soybean ၁၉၄၂၅ တန်ချရန် | MEAL U RUGUAY | ၉.၈.၂၀၂၀ |
| YONG SHUN | Steel Pipe &Steel Pile ၂၀၃၆ တန်ချရန် | VIETNAM | ၁၀.၈.၂၀၂၀ |
| ARAWANA | Coal (In Bulk) ၂၇၁၂၀ တန်ချရန် | AUSIRIA | ၁၄.၈.၂၀၂၀ |
| MODERN LINK | Unit Vehicle (RO/RO) ၅၀၂တန်ချရန် | JAPAN | ၁၄.၈.၂၀၂၀ |
| GINTO | Steel Rails ၃၀၀၃ တန်ချရန် | JAPAN | ၁၅.၈.၂၀၂၀ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KUO TAI | SINGAPORE | သီလဝါသစ်/စက်မှုဆိပ်ကမ်း | ၇.၈.၂၀၂၀ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၈.၂၀၂၀ |
| ISEACO FORTUNE | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၈.၈.၂၀၂၀ |
| CTP FORTUNE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၈.၂၀၂၀ |
| ALS SUMIRE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၈.၈.၂၀၂၀ |
| MATHU BHUM | SINGAPORE | သီလဝါသစ်/စက်မှုဆိပ်ကမ်း | ၁၀.၈.၂၀၂၀ |
| MCC SHENZHEN | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၀.၈.၂၀၂၀ |
| NORD CLAIRE | SINGAPORE | သီလဝါသစ်/စက်မှုဆိပ်ကမ်း | ၁၁.၈.၂၀၂၀ |
| AISOPOS 11 | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၂.၈.၂၀၂၀ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၈.၂၀၂၀ |
| OCEAN PROBE | SINGAPORE | သီလဝါသစ်/စက်မှုဆိပ်ကမ်း | ၁၃.၇.၂၀၂၀ |
| ALS SUZURAN | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၃.၇.၂၀၂၀ |
| ALIVIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၇.၈.၂၀၂၀ |
| XETHA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၇.၈.၂၀၂၀ |
| ISO BEL | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၀.၈.၂၀၂၀ |
| SINAR SOLO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၈.၂၀၂၀ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.THERESA GENESIS | P'Oil(In Bulk)၁၃၁၉၉ ချရန် | _ | ၆.၈.၂၀၂၀ |
| MT.GOLAR KEWIN | LNG 65000 တန်ချရန် | SINGAPORE | ၈.၈.၂၀၂၀ |
| MT.HAWKS | Mogas ( 92 Ron) 7500 တန်ချရန် | SINGAPORE | ၈.၈.၂၀၂၀ |
| MT.GLORY STAR | Deesel Oil 15000တန်ချရန် | SINGAPORE | ၈.၈.၂၀၂၀ |
| MT.KIRANA HASTA | Diesel Oil 17000တန်ချရန် | SINGAPORE | ၉.၈.၂၀၂၀ |
| MT.DENKO BRIGHT | Diesel 23000တန်ချရန် | SINGAPORE | ၉.၈.၂၀၂၀ |
| MT.VERITY | Diesel Oil 8800 တန်ချရန် | SINGAPORE | ၉.၈.၂၀၂၀ |
| MT.GREAT OCEAN | Deesel Oil 13000 တန်ချရန် | SINGAPORE | ၉.၈.၂၀၂၀ |
| MT.W BLOSSOM | P.Oil(In Bulk) ၈၈၀၀တန်ချရန် | INDONESIA | ၉.၈.၂၀၂၀ |
| MT.ORCA PACIFIC | Diesel 16000တန်ချရန် | SINGAPORE | ၉.၈.၂၀၂၀ |
| MT.ROYAL 36 | P.Oil(In Bulk) ၅၅၀၀တန်ချရန် | INDONESIA | ၉.၈.၂၀၂၀ |
| MT.SURYA AKI | LNG Gas 8200 တန်ချရန် | MALAYSIA | ၁၃.၈.၂၀၂၀ |
| MT.VL -21 | P.OiL (In Bulk)4900တန်ချရန် | INDONESIA | ၁၃.၈.၂၀၂၀ |

# Online Investment Project Introduction Conference တက်ရောက်ရန်ဖိတ်ခေါ်

ပေကျင်းမြို့အခြေစိုက် တရုတ်စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ တင်ပို့/တင်သွင်းခြင်းဆိုင်ရာ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ China Chamber of Commerce for Import and Export of Machinery and Electronic Products-(CCCME) က "Online Investment Project Introduction Conference" အား ယခုနှစ် ဩဂုတ်လအတွင်း Zoom application ဖြင့် ကျင်းပမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သိရှိရသည်။

CCCME သည် အဖွဲ့ဝင်ကုမ္ပဏီပေါင်း ၁၀၀၀ ကျော် ပါဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်းတစ်ခုဖြစ်သည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ မိတ်ဆက်သည့် Online ညီလာခံသို့ မြန်မာနိုင်ငံမှ စိတ်ဝင်စားသည့် ဝန်ကြီးဌာနများ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံစေလိုသည့် စီမံကိန်းဆိုင်ရာ အသေးစိတ်အချက်များအား ကုမ္ပဏီများက ပို့ပေးပါက ယင်းညီလာခံတွင် ပါဝင်နိုင်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ပြီး စီမံကိန်းများ မိတ်ဆက်ပြီးသည့်နောက်တွင် CCME က ကုမ္ပဏီတစ်ခုချင်းစီအတွက် B2B Online အစည်းအဝေးများ ကျင်းပနိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းညီလာခံကျင်းပရေး ဆောင်ရွက်ချက်များတွင် မြန်မာသံရုံး ပေကျင်းမြို့အနေဖြင့်လည်း ပါဝင်တက်ရောက်သွားမည်ဖြစ်သည်။ အဆိုပါ Conference သို့ တက်ရောက်လိုပါက Ms.Zhao Mengyuan၊ Tel:+ 86-10-58280752၊ 86-13972576926၊ E-mail: investpro@cccme.org.cn သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရရသည်။

**ငယ်ငယ်ထွန်း**

## ကြက်သွန်

### အရည်အသွေးကောင်း ပြည်ကြက်သွန်နီ အရောင်းအဝယ်သွက်

ယခုတစ်ပတ် ပြည် ကြက်သွန်စျေးကွက်သို့ ရေနံချောင်း၊ ဆိပ်ဖြူ၊ တောင်တွင်း၊ အောင်လံဘက်မှ ကြက်သွန်နီများ ပိဿာ ၃၀ ဝင် အိတ် ၄၀၀ မှ ၅၀၀ ဝန်းကျင်ထိကို တစ်ရက်ခြား ဝင်ရောက်မှုရှိနေသည်။ ဝင်ရောက်မှုရှိသော ကြက်သွန်နီများမှာ အရည်အသွေးကောင်းသဖြင့် အရောင်းအဝယ်မှာ ဝင်ရောက်မှု၏ အားလုံးနီးပါးကို ဒေသတွင်း ဝယ်လက်သမားများ၊ အိတ်ဆွဲဝယ်ရောင်းသမားများနှင့် ဧရာဝတီ၊ ရခိုင်တို့သို့နယ်ကျော်တင်ပို့မှုများပါ အပါအဝင် အရောင်းအဝယ်သွက်လျက်ရှိကြောင်း ပွဲရုံလုပ်ငန်းရှင်များထံမှ သိရသည်။

အရည်အသွေးကောင်းပြီး အရောင်းအဝယ်ပါသွက်နေသည့်အတွက် စျေးနှုန်းမှာပွဲရုံလက်ကားစျေး တစ်ပိဿာလျှင် ကျပ် ၅၀ မြင့်တက်သွားသည်။ စျေးနှုန်းများအနေဖြင့် ပွဲရုံလက်ကားစျေး တစ်ပိဿာကို (ကြီး/လတ်/သေး) ကျပ် ၆၅၀/၆၀၀-၅၅၀/၅၀၀-၄၅၀နှင့် လက်လီစျေးအသေးများတွင် (ကြီး/လတ်/သေး) ကျပ် ၈၅၀/၈၀၀/၇၅၀-၇၀၀/၆၅၀-၆၀၀-၅၅၀ တို့ဖြင့် ရောင်းဝယ်မှုရှိနေကြောင်းသိရသည်။

**ဝင်းလှဲ့ဝါ (ပြည်)**

### ပြည်ကြက်သွန်ဖြူ အရောင်းအဝယ် ပုံမှန်ဖြစ်

ပြည်စျေးကြီးနှင့် ကြက်သွန်ဖြူပွဲရုံများတွင် ကြက်သွန်ဖြူအိတ်များ ပုံမှန်ဝင်ရောက်နေပြီး စျေးနှုန်းမပြောင်းဘဲ အရောင်းအဝယ် အသင့်အတင့် ဖြစ်နေသည်။ (ရှမ်းစ) ဗမာကြက်သွန်ဖြူက တစ်ပိဿာပေါ် တွင် လက်ကားစျေး ကျပ် ၁၅၀ ထပ်မံကျဆင်းလာသည်။

ယခင်တစ်ပတ် ကြက်သွန်ဖြူစျေးနှုန်းများမှာ ပွဲရုံစျေး တစ်ပိဿာလျှင် (ရှမ်းစ) ကျပ် ၁၈၀၀၊၂၀၀၀၊၂၂၀၀ နှင့် (ကြူကုတ်စ) ကို ကျပ် ၁၅၀၀၊ ၁၆၀၀ စျေးတို့ဖြင့် ရောင်းချလျက်ရှိနေသည်။ ဒေသတွင်းစျေးများတွင် လက်လီစျေးမှာ (ရှမ်းစ) ကျပ် ၂၄၀၀၊ ၃၀၀၀၊ ၃၄၀၀ စျေးနှင့် (ကြူကုတ်စ)စျေးမှာ ကျပ် ၁၈၀၀၊၂၀၀၀ဖြင့် ရောင်းဝယ်လျက်ရှိနေသည်။ ဒေသတွင်း ရောင်းဝယ်ရေးသမားများကြောင့် ပွဲရုံများတွင် အရောင်းအဝယ်ပုံမှန်ဖြစ်နေသည်။

**နီနီဝင်း (ပြည်)**

### မုံရွာကြက်သွန်နီ စျေးအနည်းငယ်မြင့်တက်လာ

မုံရွာ (ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်တွင် ကြက်သွန်နီသီးနှံများ အရောင်းအဝယ်ဖြစ်မှုမှာ ယခင်တစ်ပတ်ထက် အနည်းငယ်အရောင်းအဝယ်ကောင်းပြီး စျေးလည်းအနည်းငယ် မြင့်တက်လာကြောင်း သိရသည်။ မုံရွာပွဲရုံသို့ နေ့စဉ်ဝင်ရောက်မှုမှာ ပိဿာချိန် ၂၀၀၀၀ ကျော် အဝင်ရှိပြီး ရန်ကုန်၊ မန္တလေး၊ ကလေး၊ ခန္တီးနှင့် ဟုမ္မလင်းမြို့များသို့ တင်ပို့ရောင်းဝယ်လျက်ရှိကြောင်း သိရှိရ သည်။

ယခုတစ်ပတ် ပွဲရုံများတွင် ကြက်သွန်နီလက်ကား တစ်ပိဿာပေါက်စျေးနှုန်းများမှာ (ကြီး) ကျပ် ၄၅၀၊ (လတ်) ကျပ် ၄၀၀၊ (သေး) ကျပ် ၃၅၀ နှုန်း ပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်စျေးနှုန်းများမှာ (ကြီး)ကျပ် ၈၀၀၊ (လတ်) ကျပ် ၇၀၀၊(သေး)ကျပ် ၅၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

မုံရွာကြက်သွန်ဖြူစျေးကွက်မှာ ယခုတစ်ပတ် ကြက်သွန်ဖြူလက်ကားတစ်ပိဿာ ပေါက်စျေးနှုန်းမှာ ကြက်သွန်ဖြူ (ဗမာ)ကျပ် ၂၀၀၀-၂၇၀၀၊ ကြက်သွန်ဖြူ (ရှမ်း) ကျပ်၁၃၀၀-၂၂၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်)ကျပ် ၁၄၀၀-၁၅၀၀ ကျပ် နှုန်းရှိပြီး လက်လီတစ်ပိဿာ ပေါက်စျေးနှုန်းမှာ (ဗမာ)ဖြူ ကျပ် ၂၈၀၀-၃၅၀၀၊ (ရှမ်း)ဖြူကျပ် ၂၀၀၀- ၂၈၀၀၊ (ကြူကုတ်) ကျပ် ၂၈၀၀-၃၂၀၀နှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**ထက်ထက်မိုး(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

## နှမ်း

### ပြည်စျေးကွက်တွင် နှမ်းစျေးငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်ခရိုင်တွင် ၂၀၂၀-၂၀၂၁ ခုနှစ် နွေနှမ်းစိုက်ဧကမှာ ၁၂၀၆ ဧက စိုက်ပျိုးရိတ်သိမ်းပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၀ တင်း ထွက်ရှိခဲ့သည်။ ယခုအချိန်တွင် ပြည်မြို့နယ်၌ မိုးကြိုနှမ်းကို ၁၀ ဧကရိတ်သိမ်းပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၁ တင်း ထွက်ရှိခဲ့သည်။ ပြည်စျေးကွက်သို့လည်း အခြားမြို့နယ်များဖြစ်သော မြန်အောင်နှင့် ကြံခင်းဘက်က ဝင်ရောက်မှုရှိနေသည့်အတွက် စျေးကွက်တွင် ယခုအချိန်၌ တစ်နေ့လျှင် အိတ် ၅၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် နှမ်းစျေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၃၅၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း စျေးငြိမ်နေပြီး နှမ်းနက်တစ်မျိုးသာ တစ်တင်းလျှင် ကျပ် ၅၆၀၀၀ ဖြင့် ယခင်တစ်ပတ်ထက်စာလျှင် တစ်တင်းလျှင် ကျပ် ၃၀၀၀ စျေးမြင့်လာသည်။ အောင်လံနှင့် မန္တလေးဝယ်လက်များက အဝယ်ရှိနေ၍ တစ်နေ့လျှင် အိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။

**ဝေဝေမင်း (ပြည်)**

## မန်ကျည်း

### ယခုတစ်ပတ် မန်ကျည်းပြန်လည်တင်ပို့

ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက် သီတင်းပတ်အတွင်း မန်ကျည်း တန်ချိန် ၂၀ တင်ပို့ခဲ့သည်။ တင်ပို့ခဲ့သည့်နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်သည်။ ယခင်သီတင်းပတ်က မန်ကျည်းတင်ပို့မှု မရှိခဲ့ဘဲ ယခုတစ်ပတ်မှ ပြန်လည်တင်ပို့ခြင်းဖြစ်သည်။

ကာလတူဖြစ်သည့် ၂၀၁၉ ခုနှစ် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက် သီတင်းပတ်တွင် မန်ကျည်းတန်ချိန် ၃၅၀ တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် မန်ကျည်းအစေ့လွတ် တင်ပို့ခဲ့ပြီး တစ်တန် အမေရိကန်ဒေါ်လာ ၁၅၁၅ ဒေါ်လာရရှိခဲ့သည်။ ယခုတစ်ပတ် မန်ကျည်းတင်ပို့မှုမှ စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၀၃၀၀ ဒေါ်လာဝင်ငွေ ရရှိခဲ့သည်။

**သီတာဝင်း (DOT)**

## နနွင်း

### ပြည် နနွင်းပွဲရုံများသို့ ကျောက်ဆည်နနွင်းများ ပိုမိုဝင်ရောက်

ယခုတစ်ပတ် နနွင်းပွဲရုံများသို့ ကျောက်ဆည် နနွင်းများ ပိုမိုဝင်ရောက်လျက်ရှိနေသည်။ ဗမာနနွင်း (ဟသ်ာတ)က ပုံမှန်အဝင်ရှိနေပြီး စျေးသက်သာသောကြောင့် လုပ်ငန်းရှင်သမားများ အသုံးများပြီး အရောင်းအဝယ်ဖြစ်လျက်ရှိနေသည်။

ယခုတစ်ပတ် နနွင်းတစ်ပိဿာလျှင် (ပွဲရုံစျေး)ရှမ်းနနွင်း ကျပ် ၃၈၀၀၊ ကျောက်ဆည်နနွင်း ကျပ် ၃၅၀၀၊ ၃၆၀၀၊ ဟသ်ာတနနွင်း ကျပ် ၂၈၀၀ စျေးတို့ဖြစ်ပြီး လက်လီစျေးမှာ ဗမာနနွင်းနှင့် ကျောက်ဆည်နနွင်းများကိုသာ ရောင်းချနေပြီး ဗမာနနွင်း ကျပ် ၃၈၀၀ နှင့်ကျောက်ဆည်နနွင်း ကျပ် ၄၅၀၀ စျေးတို့ဖြင့် ရောင်းဝယ်လျက်ရှိသည်။

**နီနီဝင်း (ပြည်)**

### ယခုတစ်ပတ် နနွင်းတင်ပို့မှုပိုမို

ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက် သီတင်းပတ်အတွင်း နနွင်းတန်ချိန် ၁၃၀ ကို ပင်လယ်ရေကြောင်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ကိုရီးယားနိုင်ငံသို့ ငါးတန်နှင့် အိန္ဒိယနိုင်ငံသို့ ၁၂၅ တန် တင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။

ယခင်သီတင်းပတ်က နနွင်း ၃၅ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် နနွင်း ၉၅ တန် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။ နနွင်းတစ်တန် ပျမ်းမျှအမေရိကန်ဒေါ်လာ၁၄၅၀-၁၅၀၀ ဝန်းကျင်ရရှိခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉၄၁၅၀ ဒေါ်လာ ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း (DOT)**

## ချင်း



### အဝင်လှိုင်နေသည့် ပြည်ချင်းစျေး ထပ်မံကျနေ

ပြည်ချင်းပွဲရုံများသို့ (ရှမ်းချင်း)နှင့် ဟသ်ာတချင်း ဝင်ရောက်မှုမှာ အဝင်လှိုင်နေပြီး ယခုတစ်ပတ် ချင်းစျေး(ပွဲရုံစျေး) တစ်ပိဿာပေါ် တွင် ကျပ် ၄၀၀၊ ၅၀၀ အထိ စျေးထိုးကျလာသည်။ ချင်းလှီးသမားများ၊ မုန့်လုပ်ငန်း၊ ယိုလုပ်ငန်း၊ အခြားလုပ်ငန်းရှင်များ၏ ချင်းအဝယ်လိုက်နေသောကြောင့် ချင်းရောင်းဝယ်ရေးကောင်းနေသည်။

ယခုတစ်ပတ် ချင်းတစ်ပိဿာလျှင် (ပွဲရုံစျေး)ရှမ်း(ချင်း) ကျပ် ၂၂၀၀၊ ဟသ်ာတချင်း ကျပ်၁၈၀၀ စျေးတို့ဖြင့် ရောင်းဝယ်လျက်ရှိနေသည်။ လက်လီစျေးမှာ ရှမ်းချင်း ကျပ် ၃၂၀၀၊ ဟသ်ာတချင်း ကျပ် ၂၈၀၀ စျေးဖြင့် ရောင်းချနေသည်။ ခြားလှီးချင်း (ဖတ်)တစ်ပိဿာ ကျပ် ၂၅၀၀ စျေးဖြစ်ကြောင်း သိရသည်။

**ဝင်းဝင်းခိုင် (ပြည်)**

### ချင်းတန်ချိန် ၁၅၀၀ ကျော် တင်ပို့

ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက် သီတင်းပတ်အတွင်း ချင်း ၁၅၁၄ ဒသမ ၁၀ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၄၈၅ ဒသမ ၆ တန်နှင့် စင်ကာပူနိုင်ငံသို့ ၂၈ ဒသမ ၅ တန်တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။

ယခင် သီတင်းပတ်က ချင်း၉၁၃ ဒသမ ၁၀ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၆၀၁ တန်ပိုမိုတင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ချင်းစိုနှင့် ချင်းခြောက်တင်ပို့ခဲ့ပြီး ချင်းစိုတစ်တန် ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၀၀ ရရှိခဲ့ပြီး ချင်းခြောက်တစ်တန် ပျမ်းမျှအမေရိကန်ဒေါ်လာ ၈၀၀ ရရှိခဲ့သည်။ ယခုတစ်ပတ် ချင်းတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ၄၆၂၇၃၈ ဒေါ်လာ ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း (DOT)**

# မူဆယ်နယ်စပ်ဒေသ၏ ပြောင်းဈေးကွက် အလားအလာ

ပြောင်းသီးနှံအား မြန်မာနိုင်ငံ တစ်နိုင်ငံလုံးနီးပါး မြေပြန့်တောင်းတန်းဒေသမရွေး စိုက်ပျိုးလေ့ရှိကြသော်လည်း စီးပွားဖြစ်စိုက်ပျိုးမှုအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် မြောက်ပိုင်း)၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အဓိက စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

ပြောင်းသီးနှံကို နှစ်စဉ် ဇွန်လမှ စတင်စိုက်ပျိုး၍ စက်တင်ဘာလတွင် ဈေးကွက်တင် ရောင်းချနိုင်သည့် အဆင့်သို့ရောက်ရှိကာ စားသုံးမှုအနည်းငယ်ရှိသည်မှအပ အများစုအား ပြည်ပသို့ ခြွေလှေ့အခြောက်ခံသန့်စင်ပြီး တင်ပို့ရောင်းချလျက်ရှိသလို နှစ်စဉ်ပျမ်းမျှ ပြောင်းတန်ချိန် ၁ ဒသမ ၃ သန်းခန့် တင်ပို့ရောင်းချနိုင်ကြောင်း ကိန်းဂဏန်းများအရ တွေ့ရှိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတစ်ခုတည်းကနေ အစေ့ထုတ်ပြောင်း ဘဏ္ဍာနှစ်အလိုက် စိုက်ပျိုးထွက်ရှိမှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၃၇၀၅၈၅ ဧက၊ ၂၇၃၈၅၇၇၉ တင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၃၈၀၅၈၈ ဧက၊ ၂၇၈၄၁၇၄၉ တင်း၊ ၂၀၁၉-၂၀၂၀(၁၉-၂-၂၀၂၀)ထိ ၃၇၄၀၉၈ ဧက၊ ၂၇၁၉၁၆၈၈ တင်း ထွက်ရှိခဲ့သည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဘဏ္ဍာနှစ်အလိုက် တင်ပို့ခဲ့မှုအခြေအနေမှာ မှတ်တမ်းများအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ၁၂ ဒသမ ၅ သိန်းကျော် တန်ဖိုးအမေရိကန်ဒေါ်လာ ၂၅၈ သန်းကျော် တင်ပို့နိုင်ခဲ့သော်လည်း ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် (ဇူလိုင်လအထိ) ပြောင်းတန်ချိန် ၃၇၁၉၈ ဒသမ ၅၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၅၅ သန်းခန့်သာ တင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

တရုတ်နိုင်ငံအနေဖြင့် မွေးမြူရေးအစာ လိုအပ်ချက်ရှိနေသည့်နိုင်ငံဖြစ်ပြီး ဈေးကွက်ဝယ်လိုအား ရှိနေသော်လည်း မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ပြောင်းသီးနှံ တရားဝင်တင်ပို့ရောင်းချခွင့် MoU သဘောတူညီချက် ရေးထိုးနိုင်ခြင်း မရှိသေးသောကြောင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှစတင်၍ တရုတ်နိုင်ငံနယ်စပ်အသီးသီးမှာ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းတွေ ပြင်းပြင်းထန်ထန် တားဆီးမှုများ ပြုလုပ်ခဲ့ပြီးနောက် တင်ပို့ရောင်းချနိုင်မှု လျော့နည်းကျဆင်းသွားခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား အစေ့ထုတ်ပြောင်းများ တရားဝင် ကုန်သွယ်ခွင့် ရရှိရေးအတွက် ၂၉-၃-၂၀၁၆ ရက်မှစ၍ နှစ်နိုင်ငံ စိုက်ပျိုးရေးပညာရှင်တွေ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သော်လည်း ပြီးပြတ်မှုမရှိခဲ့ဘဲ ၂၀၁၈ နှစ် နှစ်ကုန်ပိုင်းခန့်ရောက်မှသာ နှစ်ဖက်လက်ခံနိုင်သည့် ဆွေးနွေးညှိနှိုင်းမှု သဘောတူညီချက်ရရှိခဲ့ပြီး MoU လက်မှတ်ရေးထိုးနိုင်ရေး အဆင့်ဆင့် ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးနိုင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သက်ဆိုင်သည့်ဌာနတာဝန်ခံများမှတစ်ဆင့် စုံစမ်းသိရှိရသည်။

ထိုကဲ့သို့ တရုတ်နိုင်ငံနှင့် တရားဝင်ပြောင်းတင်ပို့မှု သဘောတူညီချက် မရသေးမီကာလအတွင်း မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံဘက်သို့ ပြောင်းလဲတင်ပို့ရောင်းချခဲ့မှုမှာ တာချီလိတ်ကုန်သွယ်ရေးစခန်း၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၄၇၁ တန်၊ တန်ဖိုး ဒေါ်လာ သုည ဒသမ ၃၃၅ သန်း၊ ၂၀၁၈(Mini budget) တွက် တန် ၂၀၀၊ တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၄၅ သန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၁၄၈၈ ဒသမ ၅ တန်၊ တန်ဖိုး ဒေါ်လာ သုည ဒသမ ၂၉၈ သန်း၊ ၂၀၁၉-၂၀၂၀ ဇူလိုင်လထိ (ယာယီ) ၂၁၂၈၃၀ ဒသမ ၂၂၆ တန်၊ တန်ဖိုး ဒေါ်လာ ၄၅ ဒသမ ၈၉၉ သန်းနှင့် မြဝတီကုန်သွယ်ရေးဇုန်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၆၃၁၁၉၈ ဒသမ ၅၇၂ တန်၊ တန်ဖိုး ဒေါ်လာ ၉၇ ဒသမ ၃၇၃ သန်း၊ ၂၀၁၉-၂၀၂၀ ဇူလိုင်လထိ(ယာယီ) ၁၂၁၈၉၄၅ ဒသမ ၀၅၀ တန်၊ တန်ဖိုး ဒေါ်လာ ၁၇၀ ဒသမ ၂၅၀ သန်း တင်ပို့နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိသည့် အစေ့ထုတ်ပြောင်းများကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံ နှစ်နိုင်ငံစလုံးမှ မွေးမြူရေးအစာ လိုအပ်ချက်များအရ ဝယ်လိုအား ကြီးမားစွာရှိနေကြောင်း သုံးသပ်တွေ့ရှိရပြီး တရုတ်နိုင်ငံနှင့် တရားဝင်ကုန်သွယ်ခွင့်ရရှိမည့် MoU ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်မည်ဆိုပါက လာမည့်စိုက်ပျိုးရာသီအတွင်း စိုက်ပျိုးထွက်ရှိလာမည့် အစေ့ထုတ်ပြောင်းများကို ရောင်းသူဈေးကွက် (Saller Market) အနေဖြင့် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ လိုအပ်သလို ရွေးချယ်ရောင်းချသွားနိုင်မည့် အခြေအနေရှိပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**MUSE MG**

# ဘိုကလေးမြို့တွင် အဆင့်မြင့် ယိုမျိုးစုံထုတ်လုပ်နည်း သင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမတွင် ဩဂုတ် ၂ ရက် နံနက် ၉ နာရီက COVID-19 ကာလအလွန် စီးပွားရေး ပြန်လည်ကုစားရေး အစီအစဉ်အရ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးနှင့် အသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ အဆင့်မြင့် ယိုမျိုးစုံထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲကို (နေပြည်တော်ရုံးချုပ်) အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်၊ တိုင်းဦးစီးမှူး ဦးစိုးနိုင်ထူးနှင့် ဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘိုကလေးမြို့အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထက်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူ/ သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် နေပြည်တော်ရုံးချုပ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်က ယခုလို COVID-19 ကာလအလွန် စီးပွားရေးလုပ်ငန်းများ ပြန်လည်ကုစားရေး အစီအစဉ်အရ အသက်မွေးကျောင်းဆိုင်ရာ ကာလတိုသင်တန်း ငါးမျိုး၊ စားသောက်ကုန်သင်တန်း၊ လူသုံးကုန်သင်တန်း၊ ရက်ကန်းသင်တန်း၊ ဝါး၊ အုန်း၊ လက်မှုသင်တန်းနှင့် လျှပ်စစ်သွယ်တန်းခြင်း သင်တန်းတို့ကို တစ်နိုင်ငံလုံးမှာ နေရာပေါင်း ၃၀၀၊ အကြိမ်ပေါင်း ၃၀၀ သင်တန်းသူ/သားပေါင်း ၉၀၀၀ ကျော်ကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာလည်း သင်တန်းစရိတ်နှင့် သင်ထောက်ကူပစ္စည်းများကို ဌာနမှ ကူညီထောက်ပံ့ပေးမည်ဖြစ်သည်။

သင်တန်းပြီးဆုံး၍ စီးပွားရေးလုပ်ငန်းများ လုပ်မည်ဆိုလျှင် ဥပဒေကြောင်းအရ လုပ်ငန်းမြှင့်တင်ပေးဖို့ တရားဝင်လုပ်ငန်းမှတ်ပုံတင်ရာတွင်လည်း ကူညီဆောင်ရွက်ပေးမည် ဖြစ်သကဲ့သို့ စီးပွားရေးလုပ်ငန်းလုပ်သည့်အခါ အခက်အခဲမရှိစေရန် လိုအပ်သော အသိပညာနှင့် ချိတ်ဆက်မှုများကို ကူညီဆောင်ရွက်ပေးမှာဖြစ်ပြီး သင်တန်းတိုင်းမှာလည်း စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မင်းမင်းဦး(ပုသိမ်)**

# ရေနံစာတ်ငွေ့ရည်သိုလှောင်ကန် တိုးချဲ့တည်ဆောက်မည့်မြေနေရာအား ကွင်းဆင်းစစ်ဆေး



ကရင်ပြည်နယ် စက်သုံးဆီ ကြီးကြပ်ရေးကော်မတီသည် ဇူလိုင် ၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် အေးချမ်းအောင် အောင်ပါဝါ ကုမ္ပဏီလီမိတက်၏ မြဝတီမြို့ အမှတ်( ၅ )ရပ်ကွက် စိုက်ပျိုးရေးဇုန် သျှာလမ်းခွဲအမှတ် ၁၇၆/ ၈၉ မြေဧရိယာ ၂ ဒသမ ၇၆ ဧကရှိ မြေပေါ်တွင် ရေနံဓာတ်ငွေ့ရည်ကို ပြည်ပမှတင်သွင်း၍ သိုလှောင်ဖြန့်ဖြူးခွင့်လိုင်စင် (ခ)ရယူပြီး လေးတန်ဆံ့ သိုလှောင်ကန်၊ သိုလှောင်ရုံများဖြင့် လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ လုပ်ငန်းလိုအပ်ချက်အရ ရှစ်တန်ဆံ့ သိုလှောင်ကန် တစ်ကန်အား တိုးချဲ့တည်ဆောက်လိုပါသဖြင့် ထောက်ခံချက်ပြုလုပ်ပေးနိုင်ရန်အတွက် ကရင်ပြည်နယ်၊ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီမှ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်ဦးစီးမှူး ဦးဆောင်၍ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးသန်းဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်စည်ပင်သာယာရေးမှ ဒု-ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်အခွန်မှ ပြည်နယ်ဦးစီးမှူးတို့မှ မြေပြင်အခြေအနေ သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိ/မရှိတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**မသဇင်(မြဝတီ)**

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုနှင့် ဈေးနှုန်းများ

ဩဂုတ် ၁ ရက်မှ ၅ ရက်အတွင်း ကယားပြည်နယ်မှ မန္တလေးသို့ ဒေသထွက်(ဧည့်မထ) ဆန်အိတ် စုစုပေါင်း အိတ် ၁၆၄၀၊ တန်ချိန်အားဖြင့် ၈၂ ဒသမ ၃၅ တန် တင်ပို့နိုင်ခဲ့ပြီး ရန်ကုန်မြို့မှ ဆန်အိတ် ၉၅၀၊ မန္တလေးမြို့မှ ဆန်အိတ် ၉၂၀၊ ရွှေဘိုမြို့မှ ဆန်အိတ် ၃၈၀ တင်သွင်းခဲ့ကြောင်း သိရသည်။ ပြည်နယ်အတွင်းထွက်ရှိသော ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးမြို့နှင့် အခြားမြို့ကြီးများသို့ ပြောင်းအိတ် ၃၃၂၀ တန်ချိန်အားဖြင့် ၁၆၂ ဒသမ ၆၄ တန် တင်ပို့နိုင်ခဲ့ကြောင်း ပြည်နယ်အထွက် ဂိတ်စာရင်းအရ သိရှိရသည်။

ကယားပြည်နယ်အတွင်း ယခုလက်ရှိဖြစ်ပေါ်နေသော စပါးဈေးနှုန်းမှာ ဧည့်မထ(မိုး)စပါး ၄၆ ပေါင် တင်း ၁၀၀ လျှင် ကျပ် ၈၀၅၀၀၀ ဈေး ပေါက်လျက်ရှိကြောင်း၊ ဆန်ဈေးနှုန်းမှာ ရွှေဘိုပေါ် ဆန်း ဆန်တစ်အိတ်လျှင် ကျပ် ၆၃၀၀၀၊ (ဧည့်မထ) ရွှေရင်အေး (၂)ဆန်တစ်အိတ်လျှင် ကျပ် ၃၇၀၀၀၊ ငစိန်ဆန်တစ်အိတ်လျှင် ၂၅၀၀၀ ၊ စားသုံးဆီဈေးနှုန်းများမှာ ပဲဆီတစ်ပိဿာလျှင် (စည်ပင်လက်လီဈေး)ကျပ် ၇၀၀၀၊ နှမ်းဆီ တစ်ပိဿာလျှင်(စည်ပင် လက်လီ ဈေး)ကျပ် ၇၀၀၀၊ စားအုန်းဆီတစ်ပိဿာလျှင်(စည်ပင် လက်လီ ဈေး) ကျပ် ၂၂၀၀၊ ပြောင်း (ခြောက်)တစ်ပိဿာလျှင် ကျပ် ၄၈၀၊ ငရုတ်သီးခြောက်(ရှည်) တစ်ပိဿာလျှင် ကျပ် ၇၅၀၀၊ ငရုတ်သီးခြောက်(ပု) တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀၊ ကြက်သွန်(နီ)တစ် ပိဿာလျှင် ကျပ် ၈၀၀ ၊ ကြက်သွန်(ဖြူ) ရှမ်းစ /ဒေသစတစ်ပိဿာ လျှင် ကျပ် ၃၅၀၀ ၊ ကြက်သွန်(ဖြူ) ကြူကုတ်တစ်ပိဿာလျှင် ကျပ် ၃၂၀၀ ဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**အေးအေးမော်(ကယား)**

## ယခုတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်တန်ချိန် ၁၄၀၀၀ နီးပါးဝင်

ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၆၃၈၃၇၅တန်ဖိုးရှိ ဒီဇယ်၇၁၅၄ ဒသမ ၈၄ တန်နှင့်အမေရိကန်ဒေါ်လာ ၂၂၃၆၀၀၇ တန်ဖိုးရှိ ဓာတ်ဆီ ၆၇၅၁ ဒသမ ၅၇ တန်၊ စုစုပေါင်း ၁၃၉၀၆ ဒသမ ၄၁ တန်ကို ပင်လယ်ရေကြောင်းမှတင်သွင်းခဲ့သည်။

ယခင်သီတင်းပတ်က ဓာတ်ဆီအဝင်မရှိဘဲ ယခုတစ်ပတ်မှပြန်လည်တင်သွင်းခြင်းဖြစ်သည်။ ယခင်သီတင်းပတ်က ဒီဇယ်၄၄၁၃၈ ဒသမ ၆၁ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၃၆၉၈၃ ဒသမ ၇၆၇ တန် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။ **သီတာဝင်း**(DOT)



## တည်းကုန်းဈေး၌ ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းများ

အင်းစိန်မြို့နယ်ရှိ တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ဩဂုတ် ၁ ရက်မှ ၇ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မဂ်လာဒုံ၊ အင်းစိန်၊ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံး ဝင်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ်(ပိဿာ)ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၄၀၀မှ၈၀၀အတွင်း၊ ပန်းဂေါ်ဖီ(တစ်ထုပ်)ကျပ် ၆၀၀မှ၁၅၀၀အတွင်း၊ အာလူး (ပိဿာ) ကျပ် ၆၀၀ မှ ၈၀၀ အတွင်း၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၂၀၀ မှ ၂၀၀၀ အတွင်း၊ ရွှေဖရုံသီး(လုံး) ကျပ် ၁၀၀၀ မှ ၂၂၀၀ အတွင်း၊ ဘူးသီး (လုံး) ကျပ် ၇၀၀ မှ ၁၅၀၀ အတွင်း၊ မုန်ညင်း(ထုပ်) ကျပ် ၁၀၀၀ မှ ၁၃၀၀ အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ)(ပိဿာ)ကျပ် ၆၀၀ မှ ၈၀၀ အတွင်း၊ ကြက်သွန်ဖြူ(ရှမ်း) (ပိဿာ)ကျပ် ၂၁၀၀ မှ ၂၄၀၀ အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၁၇၀၀မှ ၁၉၀၀ အတွင်း၊ ချင်း (ပိဿာ) ကျပ် ၂၅၀၀ မှ ၄၆၀၀ အတွင်း၊ ဆလတ်ရွက်(စီး)ကျပ် ၅၀ မှ ၂၀၀ အတွင်း၊ ရုံးပတီသီး(တောင့်) ရှစ်ကျပ်မှ ၁၃ ကျပ်အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၁၅၀ မှ ၂၀၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး)ကျပ် ၄၀ မှ ၇၀ အတွင်း၊ ခရမ်းသီး (ရှည်) (လုံး) ကျပ်၁၀၀မှ ၁၇၀ အတွင်း၊ သံပုရာသီး(လုံး)ကျပ် ၂၀ မှ ၅၀ အတွင်း၊ ပဲသီး (စီး)ကျပ် ၄၀မှ ၆၀အတွင်း၊ ငရုတ်သီးစိမ်း(ကျောက်စိမ်း)(ပိဿာ) ကျပ် ၅၀၀ မှ၁၀၀၀အတွင်း၊ ဖရဲသီးအဝင်မရှိကြောင်း သိရှိရသည်။ ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး(ထိုင်ဝမ်)၊ ဂေါ်ဖီထုပ်၊ အာလူး၊ ကြက်သွန်ဖြူ(ရှမ်း)၊ ကြက်သွန်ဖြူ(ကြူကုတ်) နှင့် ချဉ်ပေါင်ရွက်တို့မှာ ဈေးအနည်းငယ်ကျနေကြောင်း သိရှိရသည်။

**ခိုင်ရွှေ(ရန်ကုန်)**

## Energy NYMEX

**7-8-2020**

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 41.90 | -0.05 | -0.12 |
| Brent Crude Futr (USD/bbl) | 45.04 | -0.05 | -0.11 |
| Gasoline Rbob Fut (Cent/gal) | 122.67 | -0.14 | -0.11 |
| Natural Gas Futr (USD/MMBtu) | 2.15 | -0.01 | -0.69 |
| Heating Oil Futr (Cent/gal) | 124.76 | -0.23 | -0.18 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 3-August | - | - | - | - | - |
| 4-August | 24.39 | 2289.95 | 1700.61 | 6439.87 | 918.00 |
| 5-August | 26.27 | 2306.27 | 1716.92 | 6438.10 | 943.00 |
| 6-August | 27.61 | 2371.28 | 1719.12 | 6466.98 | 979.00 |
| 7-August | 28.73 | 2378.99 | 1726.39 | 6442.95 | 976.00 |

## ပြည်တွင်းရွှေဈေးနှုန်းဝယ်လိုအား ကောင်းမွန်လာခြင်းကြောင့် ပြည်လည် မြင့်တက်လာ

ကမ္ဘာ့ရွှေဈေး မြင့်တက်လာသည်နှင့်အမျှ ပြည်တွင်း၌လည်း ဝယ်လိုအား ကောင်းမွန်လာခြင်းကြောင့် မြန်မာ့ရွှေဈေးနှုန်း ပြန်လည်မြင့်တက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ဩဂုတ် ၅ ရက်တွင် ပြောသည်။ လက်ရှိတွင် ပြည်တွင်း၌ ဘဏ်အတိုးနှုန်းများ ချခြင်းနှင့် ငွေလဲနှုန်းတွင် ဒေါ်လာဈေး ကျဆင်းခြင်းကြောင့် ရွှေဝယ်စုသူများပြားလာကြောင်း ဦးမျိုးမြင့်က ပြောသည်။

"အခု ဗဟိုဘဏ်က ဘဏ်အတိုးနှုန်းတွေလည်း ချပေးနေတယ်။ ဒေါ်လာဈေးတွေလည်း ကျနေတယ်။ ပြီးတော့ ကမ္ဘာ့ရွှေဈေးက ဆက်တိုက်မြင့်တက်နေတယ်။ ပြည်တွင်းမှာလည်း ရွှေဝယ်စုသူများပြီး ဝယ်လိုအား လိုက်လာတာရယ်ကြောင့် ပြည်တွင်းရွှေဈေး ပြန်တက်လာတာပါ"ဟု ၎င်းက သုံးသပ်သည်။

ပြည်တွင်း ရွှေဈေးမှာ ပြီးခဲ့သည့် ဩဂုတ် ၄ ရက်မှစတင်ကာ မြင့်တက်လာခြင်းဖြစ်ပြီး ယင်းနေ့နံနက် မြန်မာ့ရွှေအဖွင့်ဈေးမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၃၀၆၅၀၀ ရှိခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၇၇ ဒေါ်လာရှိခဲ့သည်။

ဩဂုတ် ၆ ရက် ညနေပိုင်း အပိတ်ဈေးတွင်တော့ ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၃၂၄၀၀၀ ရှိနေပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၂၀၄၉ ဒေါ်လာအထိ စံချိန်တင် မြင့်တက်နေကြောင်းသိရသည်။

**ပန်းဆု**

## ပြည်တွင်း ငွေလဲနှုန်း တက်မလာသေး

ပြည်တွင်း ငွေလဲနှုန်းမှာ လက်ရှိတွင် ၁၃၀၀ ကျော်၌သာ ဆက်လက်ဖြစ်ပေါ်နေပြီး အတက်ဘက်သို့ ရောက်ရှိလာခြင်းမရှိသေးကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြည်တွင်းငွေကြေးဈေးကွက် တည်ငြိမ်စေရန်အတွက် နိုင်ငံခြားငွေဈေးပြိုင် လေလံစနစ်ဖြင့် ဒေါ်လာဝယ်ယူမှုများ ဆက်လက်ပြုလုပ်နေသော်လည်း ငွေလဲနှုန်းများမှာ လက်ရှိအချိန်အထိ ၁၃၀၀ ကျော်တွင်သာ ဈေးငြိမ်နေခြင်းဖြစ်သည်။

ဗဟိုဘဏ်အနေဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ သန်းကို ဩဂုတ် ၅ရက်က လေလံအတွက် ပျမ်းမျှ ငွေလဲလှယ်နှုန်း ၁၃၆၀ ဒသမ ၃ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဩဂုတ် ၆ ရက်တွင် လေလံအတွက် ပျမ်းမျှ ငွေလဲလှယ်နှုန်း ၁၃၅၇ ဒသမ ၁ ကျပ်နှုန်းဖြင့်လည်းကောင်း အသီးသီး ထပ်မံဝယ်ယူခဲ့သည်။

လက်ရှိပြည်တွင်းငွေလဲနှုန်းမှာ ဩဂုတ် ၄ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၇၅ ကျပ်၊ ဝယ်ဈေး ၁၃၇၂ ကျပ်ရှိပြီး ဩဂုတ် ၅ ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၃၇၅ ကျပ်၊ ဝယ်ဈေး ကျပ် ၁၃၇၀ ရှိခဲ့ကာ ဩဂုတ် ၆ ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၃၇၃ ကျပ်၊ ဝယ်ဈေး ၁၃၆၉ ကျပ် ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

**ပန်းဆု**

## ကိုဗစ်ကြောင့် နိုင်ငံခြားသား စတော့ရှယ်ယာဝယ်ယူမှု တိုးတက်မလာသေး

ရန်ကုန် စတော့အိတ်ချိန်းတွင် နိုင်ငံခြားသားများ ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုပေးခဲ့သော်လည်း COVID-19 ကြောင့် ၎င်းတို့၏စတော့ရှယ်ယာ ဝယ်ယူမှု တိုးတက်မလာသေးကြောင်း သိရသည်။

၂၀၁၇ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့သည့် ကုမ္ပဏီများဥပဒေအရ ရန်ကုန်စတော့အိတ်ချိန်းတွင် နိုင်ငံခြားသားများ ရှယ်ယာဝယ်ယူခွင့်ကို ယခု ၂၀၂၀ ပြည့်နှစ် မတ် ၂၀ ရက်မှ စတင်ကာ ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ယင်းသို့ အစုရှယ်ယာ ဝယ်ယူခွင့်ကို လက်ရှိတွင် ပထမ မြန်မာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်(FMI)၊ မြန်မာသီလဝါ အထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီ(MTSH)တို့ကသာ တိုက်ရိုက်ဝယ်ယူခွင့်ပြုထားပြီး ပထမပုဂ္ဂလိကဘဏ်(FPB)က ရှယ်ယာရှင်အချင်းချင်း ရှယ်ယာအစုအလိုက်အပြုံလိုက်ရောင်းချသည့်စနစ်ကိုသာ ခွင့်ပြုထားသည်။

"ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်မှာ စတင်ပြဋ္ဌာန်းခဲ့တဲ့ ကုမ္ပဏီများ ဥပဒေအရ ပြည်တွင်း ကုမ္ပဏီတွေမှာ နိုင်ငံခြားသားတွေက အစုရှယ်ယာ ၃၅ ရာခိုင်နှုန်း ပိုင်ဆိုင်ခွင့်ရှိတာကြောင့် စတော့အိတ်ချိန်းမှာလည်း အခုလို ခွင့်ပြုပေးခဲ့တာပါ။ ဒါပေမဲ့ လက်ရှိမှာတော့ နိုင်ငံခြားသားစတော့ ဝယ်ယူမှုက ထင်သလောက် တိုးတက်လာခြင်း မရှိသေးပါဘူး"ဟု ရန်ကုန်စတော့အိတ်ချိန်း၏ အကြီးတန်း အမှုဆောင်မန်နေဂျာ ဦးသက်ထွန်းဦးက ပြောသည်။

လက်ရှိ ရန်ကုန်စတော့ဈေးကွက်မှာ ကိုဗစ်ကြောင့် တိုက်ရိုက်မထိခိုက်သော်လည်း အရောင်းအဝယ်များ ကျဆင်းနေကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ နေ့စဉ် အညွှန်းကိန်းများအရ သိရသည်။

**ပန်းဆု**

## Currency Exchange Rate

**August 7, 2020**
**Base Currency is United States Dollar - USD**

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.38 |
| BDT Bangladesh Taka | 84.74 |
| CAD Canada Dollars | 1.33 |
| CNY China Yuan Renminbi | 6.96 |
| EUR Euro | 0.84 |
| H KDHong Kong Dollars | 7.75 |
| I NR India Rupees | 74.97 |
| I DR Indonesia Rupiahs | 14641.58 |
| JPY Japan Yen | 105.52 |
| MYR Malaysia | 4.19 |
| PKR Pakistan Rupees | 168.36 |
| PHP Philippines Pesos | 49.04 |
| RUB Russia Rubles | 73.62 |
| SGD Singapore Dollars | 1.37 |
| KRW South Korea Won | 1184.64 |
| LKR Sri Lanka Rupe | 185.25 |
| THB Thailand Baht | 31.17 |
| GBP United Kingdom Pounds | 0.76 |
| VND VietnamDon | 23245.19 |

**23188.02*Source:xe.com***

## World Gold Price

**August- 2020 (USD/OZ)**

| Date | NY | London | Zurich |
|---|---|---|---|
| 3 | - | - | - |
| 4 | 1985 | 1977 | 1979 |
| 5 | 2037 | 2037 | 2036 |
| 6 | 2144 | 2054 | 2058 |
| 7 | 2067 | 2065 | 2066 |

## Domestic Gold Price

**Kyats(Thousand)**

| Date | Yangon | Mandalay |
|---|---|---|
| 3-8.-2020 | - | - |
| 4-8-2020 | 1302.00 | 1302.00 |
| 5-8- 2020 | 1317.00 | 1315.50 |
| 6-8- 2020 | 1321.00 | 1320.50 |
| 7-8- 2020 | 1331.00 | 1331.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၂၀ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 3 | 6.98 | 31.20 | 84.72 | 75.22 |
| 4 | 6.98 | 31.13 | 84.71 | 75.10 |
| 5 | 6.95 | 30.99 | 84.70 | 74.91 |
| 6 | 6.94 | 31.06 | 84.72 | 74.85 |
| 7 | 6.96 | 31.17 | 84.74 | 74.97 |


## ဘိလပ်မြေ

# ပင်လယ်ရေကြောင်းမှ ဘိလပ်မြေတန်ချိန် ၂၅၀ကျော်ဝင်

ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၀၃၂၀ တန်ဖိုးရှိ ဘိလပ်မြေ၂၅၁ ဒသမ ၂၀ တန်ကိုပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ထိုင်းနိုင်ငံမှတန်ချိန် ၁၀၀နှင့်မလေးရှားနိုင်ငံမှ ၁၅၁ ဒသမ ၂၀ တန်တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ အများဆုံးတင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၂၃၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင်တန်ချိန် ၂၀ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

ဇူလိုင် ၂၅ရက် မှ ၃၁ ရက်အတွင်း နယ်စပ်လမ်းမှဘိလပ်မြေအဝင်မှာ တန်ချိန် ၆၂၇၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၂၂၀၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တွင် တန်ချိန် ၅၉၃၀ ကျော် အဝင်လျော့ခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှအဝင်ပိုခဲ့ပြီး နယ်စပ်မှအဝင်လျော့ခဲ့သည်။

# တောင်ကြီးဘိလပ်မြေဈေးကွက် အရောင်းအေး



**တောင်ကြီးဘိလပ်မြေ**ဈေးကွက်၌ ယခုတစ်ပတ် မိုးများနေသောကြောင့် အရောင်းပါးကြောင်း သိရသည်။ အပါချီကကျပ် ၁၀၀၊ကမ္ဘောဇနှင့် နဂါးဘိလပ်မြေက ကျပ် ၂၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၅၀၀၊ ကမ္ဘောဇကျပ် ၄၃၀၀၊ ကျားခေါင်းကျပ် ၆ ၂၀၀၊ နဂါး ကျပ်၄၃၀၀ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** မိုးများနေသောကြောင့် အရောင်းအဝယ်ပါးကြောင်းသိရသည်။ ယခုတစ်ပတ် ကြံ့တစ်ကောင်(အပြာ)က ၁၂၅ ကျပ် ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ဆင်မြန်မာကျပ် ၅၆၀၀၊ ကြံ့တစ်ကောင်(ပြာ) ကျပ် ၅၀၇၅၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၃၅၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်ကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီကျပ် ၄၅၀၀၊ ကြံ့ကျပ်၄၇၀၀၊ ကမ္ဘောဇကျပ် ၅၅၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၂၀၀၊အယ်လ်ဖာကျပ် ၄၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်**၌အရောင်းပုံမှန်ရှိကြောင်းသိရသည်။ ယခုတစ်ပတ် ခရောင်း(၅၂၅)နှင့်(၄၂၅)က ကျပ် ၁၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေ များက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၄၀၀၀၊ အယ်လ်ဖာကျပ် ၃၉၀၀၊ ခရောင်း(၅၂၅) ကျပ် ၄၅၀၀၊ ခရောင်း (၄၂၅) ကျပ် ၄၁၀၀ ဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# မြေဩဇာတန်ချိန် ၂၄၀၀၀ ကျော်ဝင်

ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၇၃၁၆၉ တန်ဖိုးရှိ မြေဩဇာ ၂၄၇၀၀ ဒသမ ၄၂ တန်ကိုပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ ၄၀၅၁ တန်၊ အီဂျစ်နိုင်ငံမှ ၅၁၈ ဒသမ ၂၅၄ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ ၅ ဒသမ ၆ တန်၊ ကိုရီးယားနိုင်ငံမှ ၃၅၁ ဒသမ ၃၂ တန်၊ မလေးရှားနိုင်ငံမှ ၁၉၈ တန်၊ နော်ဝေနိုင်ငံမှ ၄၉၅ ဒသမ ၆၁ တန်၊ အိုမန်နိုင်ငံမှ ၂၂ ဒသမ ၀၂၂ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၁၇၁၀၇ တန်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၇၅၀၊ ယူအက်စ်အေမှ ၁ ဒသမ ၆၁၃ တန်နှင့်ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၂၀၀တင်သွင်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ဆော်ဒီအာရေဗျနိုင်ငံမှအများဆုံး တင်သွင်းခဲ့သည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာ ယူရီးယား(၄၆%)(ဖြူးမောက်)၊ အမိုးနီးယားဆာလဖိတ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)(ရွှေပျား)၊ ယူရီးယား(၄၆%) (တွင်ကယ်လ်)၊အာမို၊ ကွန်ပေါင်း(၁၀း၁၀း၁၀) (Sea Horse)၊ ကွန်ပေါင်း(၁၅း၁၅း၁၅) (Sea Horse)၊ ကွန်ပေါင်း(၁၂း၆း၂၂)၊ ကွန်ပေါင်း(၁၅း၁၅း၁၅)(TRISTAR)၊ ယူရီးယား(ဒိုင်းမွန်း)၊ ကွန်ပေါင်း(၁၅း၁၅း၁၅)(ဂျမ်ဘို)၊ ဖလော်ရာ(ကာဘွန်ကေ)၊ ဖလော်ရာ(ဓာတ်ဆား)၊ အော်ဂဲနစ်၊ ကွန်ပေါင်း(၁၆း၁၆း၈)(အာမို-ပိုလာ)နှင့် ကွန်ပေါင်း (Grow Up)တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေဩဇာတန်ချိန် ၁၆၆၉၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၈၀၀၀ ကျော် တင်သွင်းမှုပိုခဲ့ကြောင်းသိရသည်။

# တောင်ကြီးမြေဩဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်အထိ နယ်စပ်လမ်းမှမြေဩဇာအဝင်မှာ တန်ချိန် ၁၄၄၈၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန် ၁၆၀၆၀ကျော် ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တွင်တန်ချိန် ၁၅၈၀ ကျော်အဝင်လျော့ခဲ့ကြောင်းသိရသည်။ထို့ကြောင့် ယခုတစ်ပတ်ပင်လယ်ရေကြောင်းမှအဝင်ပိုခဲ့ပြီး နယ်စပ်မှအဝင်လျော့ခဲ့သည်။

ပြည်တွင်းဈေးကွက်များဖြစ်သည့် တောင်ကြီးတွင် အရောင်းပုံမှန်ရှိပြီး မော်လမြိုင်၊ မန္တလေးနှင့်မကွေးတို့၌အရောင်းအေးကြောင်းသိရသည်။

**တောင်ကြီးဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်းသိရသည်။ ယခုတစ်ပတ် ယူရီးယား(ပန်းဖူး-တရုတ်)က ကျပ် ၁၅၀၀၊ တီစူပါ(၁၀း၁၀း၅)က ကျပ် ၅၀၀၊ ဓာတ်ဆားကကျပ် ၁၀၀၀ ဈေးကျပြီး ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၄၅၀၀၊ တီစူပါ၂၀%(တရုတ်)ကျပ် ၁၆၀၀၀၊ ပိုးသတ်ဆေးကျပ် ၂၂၀၀၊ တီစူပါ (၁၅)ပတ်လည်(တရုတ်)ကျပ် ၄၀၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)ကျပ် ၁၈၅၀၀၊ ဓာတ်ဆား (တရုတ်)ကျပ် ၁၅၀၀၀၊ ပိုတက်(တရုတ်) ကျပ်၃၀၀၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၅၀၀၀၊ မြွားကမ္ဘာ ကျပ်၁၉၀၀၀၊ ရွက်ဖျန်း ကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၂၀၀၀ ဈေးဖြင့် အရောင်း အဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။

**မကွေးဈေးကွက်၌** ယခုတစ်ပတ်အရောင်းအဝယ်ပါးပြီး ဈေးငြိမ်ကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြွားကမ္ဘာ-တရုတ် (၁၂း၁၃)ကျပ်၁၇၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၈၀၀၀၊ အာမို၁၅း၁၅း၁၅ကျပ် ၃၈၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၆၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၄၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)ကျပ် ၂၄၂၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ်၂၄၂၀၀၊ မြွားကမ္ဘာ(၁၅း၇း၈) ကျပ် ၂၁၅၀၀၊ တီစူပါက ကျပ် ၂၄၅၀၀၊ ဇာမနီကျပ် ၂၀၀၀၀၊ တက်တိုး ကျပ် ၂၂၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**မန္တလေးဈေးကွက်၌** အရောင်းပါးကြောင်း သိရသည်။ ယခုတစ်ပတ် အာမို (၁၅)ပတ်လည်နှင့် မြွား(၁၅း၇း၈) က ကျပ် ၁၀၀၊ ပိုတက်က ကျပ် ၂၀၀ ဈေးကျပြီး ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီတန်ချိန် ၄၇၀ကျော်နှင့် နို့မှုန့်တန်ချိန် ၂၅၀ကျော်ဝင်

ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက် အတွင်း အမေရိကန်ဒေါ်လာ ၅၄၇၆၃၀ တန်ဖိုးရှိ နို့ဆီ ၄၇၄ ဒသမ ၂၂၈ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့သည်။ တင်သွင်းခဲ့သည့်တံဆိပ်များမှာ မာရီဂိုး၊ ဒွန်းနှင့် Hawk တို့ဖြစ်သည်။ ယခုတစ်ပတ် စင်ကာပူနိုင်ငံမှ ၃၅၀ ဒသမ ၂၀၈ တန်နှင့်မလေးရှားနိုင်ငံမှ ၁၂၄ ဒသမ ၀၂တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ယခင်သီတင်းပတ်က နို့ဆီ ၅၉ ဒသမ ၇၅၆ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၄၁၄ ဒသမ ၄၇၂ တန် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ ၇၇၅၉၁၅ တန်ဖိုးရှိ နို့မှုန့် ၂၅၂ တန် တင်သွင်းခဲ့သည်။

ယခုတစ်ပတ်နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က နို့မှုန့် တန်ချိန် ၂၅၂ ဒသမ ၈၀ တန် တင်သွင်းခဲ့ခြင်း ကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင်သုညဒသမ ၈၀ တန်တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင် လျော့ခဲ့သည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၇ မှ ၃၁/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၇ မှ ၂၄/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၃•၆၅ | ၃•၀၀ | (+) | ၂၀•၆၅ |
| ၂။ | လွယ်ဂျယ် | | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၂၁၀၀•၀၀ | ၆၇၀၀•၀၀ | (-) | ၄၆၀၀•၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | | ၁၆၀၀•၀၀ | (-) | ၁၆၀၀•၀၀ |
| ၈။ | မြိတ် | ၄၁၅၀•၀၀ | ၃၉၀၀•၀၀ | (+) | ၂၅၀•၀၀ |
| | စုစုပေါင်း | ၆၂၇၃•၆၅ | ၁၂၂၀၃•၀၀ | (-) | ၅၉၃၀•၆၅ |

အေးအေးသန့်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၇ မှ ၃၁/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၇ မှ ၂၄/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၁၂၉•၂၀ | ၁၈၉၈•၆၅ | (+) | ၂၃၀•၅၅ |
| ၂။ | လွယ်ဂျယ် | ၆၁၇•၀၀ | ၇၁၉•၅၀ | (-) | ၁၀၂•၅၀ |
| ၃။ | ချင်းရွှေဟော် | ၈၂၈၁•၀၀ | ၉၄၄၃•၀၀ | (-) | ၁၁၆၂•၀၀ |
| ၄။ | ကန်ပိုက်တီ | ၅၈၁•၀၄ | ၇၂၉•၀၄ | (-) | ၁၄၈•၀၀ |
| ၅။ | မြဝတီ | ၂၈၇၂•၃၅ | ၃၂၇၈•၄၁ | (-) | ၄၀၆•၀၆ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | - | | - |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၄၄၈၀•၅၉ | ၁၆၀၆၈•၆၀ | (-) | ၁၅၈၈•၀၁ |

ခင်မိုးသူ




# အိန္ဒိယနိုင်ငံ၌ အခွန်အရပ်ရပ်ကောက်ခံရရှိမှု လျော့ကျလျက်ရှိ

အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အကျပ်အတည်းကြောင့် ပြည်တွင်းဝယ်လိုအားနှင့် ကုန်ထုတ်လုပ်မှုတို့ ကျဆင်းပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အခွန်အရပ်ရပ် ကောက်ခံရရှိမှုမှာ ယခင်နှစ်ထက် သိသာစွာ လျော့ကျလျက်ရှိရာ ကုန်စည်နှင့်ဝန်ဆောင်မှုအခွန် (Goods and Services Tax-GST) ဥပဒေအရ ပြည်နယ်ဒေသန္တရအစိုးရများသို့ ပေးလျော်ရမည့် နစ်နာကြေး များအား ဗဟိုအစိုးရအနေဖြင့် ရှေ့လာမည့်ကာလများတွင် ခွဲဝေပေးနိုင်မည့်အခြေအနေ မရှိကြောင်း သိရှိရသည်။

ဇူလိုင် ၂၈ ရက်က ကျင်းပခဲ့သော ဘဏ္ဍာရေးဆိုင်ရာ လွှတ်တော်အမြဲတမ်းကော်မတီ၏အစည်းအဝေးတွင်အတိုက်အခံပါတီများမှ ကော်မတီအဖွဲ့ဝင်များ၏ မေးမြန်းမှုအပေါ် အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနမှ အတွင်းဝန် Mr. Ajay Bhushan Pandey က ယခုဘဏ္ဍာရေးနှစ်အတွင်း COVID-19 ဗိုင်းရပ်စ်ကူးစက်မှုကြောင့် အခွန်ကောက်ခံရရှိမှုမှာ ကျဆင်းလျက်ရှိကြောင်းနှင့် ဗဟိုအစိုးရအနေဖြင့် ပြည်နယ်များသို့ GST နစ်နာကြေးများကို ခွဲဝေပေးနိုင်ခြေမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပြည်နယ်အစိုးရများအနေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း ၎င်းတို့၏ အသုံးစရိတ် လိုအပ်ချက်များအား ဗဟိုအစိုးရထံမှ GST နစ်နာကြေးဖြင့် ရန်ပုံငွေဖြည့်ဆည်းနိုင်မည့် အခြေအနေ မရှိသည့်အပေါ် စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။ ကီရာလာပြည်နယ်အစိုးရအဖွဲ့မှ ဘဏ္ဍာရေးဝန်ကြီး Mr. Thomas Isaac က ဘဏ္ဍာရေးဆိုင်ရာ လွှတ်တော်အမြဲတမ်းကော်မတီ၏ အစည်းအဝေး မတိုင်မီကပင် ဗဟိုအစိုးရအနေဖြင့် GST နစ်နာကြေးငွေများ ချမှတ်ပေးနိုင်ခြင်းမရှိသည့်ဘက်မှရပ်တည်လျက် လက်ရှိအစီအစဉ်များအား ကုန်စည်နှင့်ဝန်ဆောင်မှုအခွန်ဆိုင်ရာ GST ကောင်စီဖြင့် ပြန်လည်ပြင်ဆင်မည်ဟု သတင်းများ ကြားသိရသည်။ ယခုကဲ့သို့ ပြောဆိုခြင်းသည် ဗဟိုနှင့် ပြည်နယ်အစိုးရအဖွဲ့များအကြား ယုံကြည်မှုကို ဖောက်ဖျက်ရာရောက်ကြောင်းနှင့်ဗဟိုအစိုးရအနေဖြင့် ကတိကဝတ်ထားရှိသည့်အတိုင်း ဆောင်ရွက်စေရန်အတွက် GST ကောင်စီ၏ အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပသင့်ကြောင်း ပြောကြားသည်။

ပန်ဂျပ်ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး Mr. Manpreet Singh Badal ကလည်း ပြည်နယ်အစိုးရများသည့် GST နစ်နာကြေးငွေများကို ၂၀၂၀ ပြည့်နှစ် မတ်လအထိ အတွက်သာ ရရှိခဲ့ကြောင်း၊ ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်အတွင်း ဧပြီလမှ ဇူလိုင်လအထိ လေးလစာ ကျန်ရှိနေသည်။ ၎င်းပမာဏသည် ပန်ဂျပ်ပြည်နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၏နှစ်လအတွက် လစာငွေနှင့် ညီမျှမှု ရှိကြောင်း၊ ပြည်နယ်များအားလုံးသည် အလားတူအခြေအနေကြုံတွေ့နေရ လျက်ရှိရာ ထိုကဲ့သို့သော အထင်အမြင်လွဲမှားစေမည့် ပြောဆိုမှုများအား ရပ်တန့်၍ စေ့ရောက်လျက်ရှိသည့် နစ်နာကြေးငွေများအား ထုတ်ပေးသင့်ကြောင်း ပြောဆိုသည်။

အိန္ဒိယနိုင်ငံ၌ ယခင်က သွယ်ဝိုက်ခွန်အမျိုးမျိုးတို့ကို ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများက နှုန်းထားများ ကွဲပြားစွာဖြင့် သီးခြားစီ ကောက်ခံလျက်ရှိရာမှ ကုန်စည်နှင့်ဝန်ဆောင်မှုအခွန်ဥပဒေကို ပြဋ္ဌာန်းလျက် ကုန်စည်နှင့်ဝန်ဆောင်မှု အမျိုးအစားပေါ် မူတည်လျက် အခွန်နှုန်းထားများ ခွဲခြားသတ်မှတ်ပြီး GST အခွန်တစ်မျိုးတည်းကိုသာ တစ်နိုင်ငံလုံး တစ်ပြေးညီစနစ်ဖြင့် ကောက်ခံခြင်းအား ၁-၇-၂၀၁၇ ရက်က စတင်ကျင့်သုံးခဲ့သည်။

အဆိုပါ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ကောက်ခံရရှိသည့် GST အခွန်ကို သတ်မှတ်ရာခိုင်နှုန်းဖြင့် ဗဟိုအစိုးရနှင့် ပြည်နယ် အစိုးရများအကြား ခွဲဝေခြင်းဖြစ်ပြီး ပြည်နယ်များ၏ အခွန်လျော့နည်းဆုံးရှုံးရရှိမှုအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အခွန်ရရှိငွေကို အခြေခံထားလျက် နှစ်စဉ် ၁၄ရာခိုင်နှုန်း ထပ်ပေါင်းတိုးမြှင့် တွက်ချက်ရရှိသည့်ပမာဏအား ငါးနှစ်တာကာလအထိ နစ်နာကြေးအဖြစ် ဗဟိုအစိုးရက ပြည်နယ်များသို့ ပေးအပ်ရသည်။

ဗဟိုအစိုးရအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မတ်လအတွက် ကျန်ရှိနေသည့် GST နစ်နာကြေး ရူပီးငွေ ၁၃၈ ဒသမ ၀၆ ဘီလီယံအား ၂၇-၇-၂၀၂၀ ရက်မှသာ ပြည်နယ်အစိုးရများသို့ ခွဲဝေပေးနိုင်ခဲ့သည်။ ပြည်နယ်အစိုးရများသို့ ၂၀၂၀ ပြည့်နှစ် ဧပြီလမှစ၍ GST နစ်နာကြေးများ ခွဲဝေပေးရန်မှာ စာရင်းအင်းသဘောအရ လက်ကျန်ငွေ မရှိတော့ကြောင်းနှင့် ကုန်စည်နှင့်ဝန်ဆောင်မှု အခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ အခွန်ကောက်ခံရရှိမှု ကျဆင်းခဲ့ပါက ဗဟိုအစိုးရအနေဖြင့် ၎င်းနစ်နာကြေးများ ပေးအပ်မှုကို ဆိုင်းငံ့ထားပိုင်ခွင့်ရှိကြောင်းနှင့် ဤအကျပ်အတည်းကို ဖြေရှင်းနိုင်ရန် အိန္ဒိယဘဏ္ဍာရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် GST ကောင်စီသည် လာမည့် ဩဂုတ်လအတွင်း အစည်းအဝေးခေါ်ယူဆွေးနွေးညှိနှိုင်းမည်ဖြစ်ကြောင်း ဌာနဆိုင်ရာအသိုင်းအဝိုင်းမှ ပြောဆိုကြကြောင်း သိရှိရသည်။

ပြည်နယ်အစိုးရများ၏ အသုံးစရိတ်များအတွက် ဘဏ္ဍာငွေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်မှာ GST နစ်နာကြေးခွဲဝေပေးရန် သတ်မှတ်ကုန်စည်များအပေါ် ကောက်ခံလျက်ရှိသော ထပ်ဆောင်းအခွန်များအား တိုးမြှင့်ခြင်း၊ ၎င်းထပ်ဆောင်း အခွန်ကောက်ခံသည့် ကုန်စည်အမျိုးအမည်များကို ထပ်မံချဲ့ထွင်ခြင်း၊ ပြည်နယ်များသို့ ချေးငွေများထုတ်ပေးပြီး နောက်ပိုင်းကာလများတွင် ဗဟိုအစိုးရက ပေးအပ်ရမည့် နစ်နာကြေးငွေမှခုနှိမ်ခြင်း စသည့် နည်းလမ်းများ ရှိနေသော်လည်း GST နစ်နာကြေးနှင့်စပ်လျဉ်း၍ ပေးအပ်ရမည့်ပမာဏနှင့်ကာလအပိုင်းအခြားတို့ကို ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား ဦးစွာညှိနှိုင်းဆွေးနွေးရန် လိုအပ်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ပြောဆိုလျက်ရှိကြသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ပြည်တွင်းဆီဈေးနှုန်းများ (၇-၈-၂၀၂၀)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၂၀၀ | ၇၂၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၀၀ | ၁၉၀၀ | △ |
| ရန်ကုန် | ၈၆၀၀ | ၈၆၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၁၈၅၀ | ၁၉၀၀ | △ |
| မန္တလေး | ၇၀၀၀ | ၇၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၇၀၀၀ | ၇၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၈၀၀ | ၁၉၀၀ | △ |
| မကွေး | ၇၀၀၀ | ၇၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၆၅၀၀ | ၆၅၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၁၈၅၀ | ၁၉၀၀ | △ |
| စစ်တွေ | ၈၅၀၀ | ၈၅၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၂၄၀၀ | ၂၄၀၀ | □ |




## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၇-၈-၂၀၂၀ US$/Ton

| အမျိုးအစား | ဇူလိုင်စတုတ္ထပတ် | ဇူလိုင်ပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၇၄.၀၀ | ၆၇၄.၀၀ | □ |
| RBD P.Olein | ၆၇၀.၀၀ | ၆၇၀.၀၀ | □ |
| RBD P.Stearin | ၆၃၉.၀၀ | ၆၃၉.၀၀ | □ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၇-၈-၂၀၂၀) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၅၁.၉၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၁၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၂၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၈၅ |
| ဆီကန်သို လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၉၅.၇၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၂.၆၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၅ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၈၂၃.၉၆ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၇-၈-၂၀၂၀ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၄၅ ဒေါ်လာနှင့် USD ဈေး ၁၃၅၇ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၇-၈-၂၀၂၀ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၅၇ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ပြည်တွင်း၊ ပြည်ပ ရေထွက်ပစ္စည်းဈေးကွက်များ ကျဆင်းလျက်ရှိ



မြန်မာနိုင်ငံတွင် COVID-19 ကူးစက်မြန်ရောဂါ စတင်ကျရောက်သည့် ကာလများမှစတင်၍ ပြည်တွင်း-ပြည်ပ ငါး၊ ပုစွန်ဈေးကွက်များ လျော့နည်းကျဆင်းမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ရာ ဩဂုတ်လဆန်းပိုင်းအထိ ဈေးကွက်များမှာ ပုံမှန်အခြေအနေသို့ မရောက်ရှိသေးဘဲ ၇၀ ရာခိုင်နှုန်းခန့်သာ ရောင်းဝယ်လျက်ရှိကြောင်း သိရှိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကူးစက်မြန်ရောဂါ ကျရောက်သည့် ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလမှ စတင်၍ မြန်မာနိုင်ငံ၏ ငါး၊ ပုစွန်ဈေးကွက်များ စတင်ကျဆင်းခဲ့ခြင်းဖြစ်ပြီး အခြားကမ္ဘာ့နိုင်ငံများသို့ ရောဂါကူးစက်မှုများ ပျံ့နှံ့သွားသည့် ကာလနှင့် မြန်မာနိုင်ငံအတွင်း ကူးစက်မှု စတင်ဖြစ်ပွားသည့် မတ်လနှင့် ဧပြီလများတွင် ငါး၊ ပုစွန်ဈေးကွက်များ အဆိုးဆုံးအခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ဈေးနှုန်းများ လျော့နည်းကျဆင်းခြင်း၊ ရောင်းဝယ်မှုပမာဏများ လျော့နည်းကျဆင်းသွားခြင်း စသည့်အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရာ မေလမှစတင်၍ အဆိုးဆုံး အခြေအနေကို ကျော်လွှန်နိုင်ခဲ့သော်လည်း ပုံမှန်အခြေအနေသို့ မရောက်ရှိသေးပဲ ဈေးနှုန်းများကျဆင်းခြင်း၊ ရောင်းဝယ်မှုလျော့နည်းခြင်း စသည့် ဈေးကွက်မတည်ငြိမ်မှုအခက်အခဲများဖြင့် ကြုံတွေ့နေရဆဲဖြစ်သည်။

ပင်လယ်ငါးဖမ်း လုပ်ငန်းများသည် ဈေးကွက်ဆိုင်ရာ အခက်အခဲများကြောင့် ဧပြီလကုန်ခန့်မှစတင်၍ ငါးဖမ်းဆီးမှုကို စတင်ရပ်နားခဲ့ကြပြီး ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများသည် ငါးမဖမ်းရရာသီ ပိတ်ပင်တားဆီးမှု အစီအစဉ်ကြောင့် ရပ်နားထားကြရသည်။ ကမ်းနီးငါးဖမ်းလုပ်ငန်းများအနေဖြင့် ဆက်လက် ဆောင်ရွက်လျက်ရှိသော်လည်း ဖမ်းဆီးရမိသည့် ငါး၊ ပုစွန်ဈေးနှုန်းများမှာ ယခင်နှစ်များထက် ထက်ဝက်ခန့် လျော့နည်း ကျဆင်းလျက်ရှိသည်။ အထူးသဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသည့် ငါးအမျိုးအစားများမှာ ဈေးနှုန်းကျဆင်းမှုကို ပိုမိုတွေ့ကြုံနေရသည်။

အင်းအိုင် ငါးဖမ်းရာသီမှာလည်း မစတင်သေးသည့်အတွက် ဈေးကွက်အတွင်း မွေးမြူရေးငါးများသာ ပြည်ပတင်ပို့ရန်နှင့်ပြည်တွင်းစားသုံးရန် အဓိကရောင်းချလျက်ရှိသော်လည်း Covid-19 ရောဂါ ထိန်းချုပ်မှုကာလမှစတင်၍ လက်ကားဈေးကွက်များအတွင်း ငါးဈေးနှုန်းများမှာ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ကျပ် ၅၀၀ အထိ ကျဆင်းသွားခဲ့ရာ ငါးမွေးမြူသူများအနေဖြင့် လုပ်ငန်းဆိုင်ရာ ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ငါးရောင်းဝယ်မှုများအနေဖြင့် မကြာမီပြန်လည်စတင်တော့မည့် ပင်လယ်ငါးဖမ်းရာသီနှင့် အင်းအိုင်ငါးထုတ်လုပ်မှုများ ဈေးကွက်အတွင်းရောက်ရှိလာပါက ပိုမို၍အခက်အခဲများ ကြုံတွေ့ရနိုင်သည်။ ငါးဈေးနှုန်းများအနေဖြင့်လည်း ၂၀၂၀ ပြည့်နှစ် နှစ်ကုန်အထိသာမက ၂၀၂၁ခုနှစ် နှစ်ဆန်းပိုင်းအထိပါ မူလဈေးနှုန်းများသို့ ပြန်လည်ရောက်ရှိရန် ခက်ခဲနေဦးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရှိရသည်။

**ခိုင်သဥ္ဇာဦး**
**(မြှင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# ကချင်ပြည်နယ်၏ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဇူလိုင်၂၅ ရက်မှ ၃၁ ရက်အတွင်း တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ရော်ဘာ၊ ဧည့်မထဆန်၊ အစေ့ထုတ်ပြောင်းနှင့် ကြိမ်များတင်ပို့ခဲ့ကြောင်း သိရှိရသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် အမေရိကန်ဒေါ်လာ ၂၂၂၆၂၅ ဒေါ်လာဖြစ်ပြီး ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ အမေရိကန်ဒေါ်လာ၃၃၉၈၈၅၄ဒသမ ၁၉၇ ဒေါ်လာဖြစ်၍တင်ပို့ကုန်၏ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ၃၆၂၁၄၇၉ဒသမ ၁၉၇ဒေါ်လာတင်ပို့မှုရှိခဲ့သည်။

သွင်းကုန်ပစ္စည်းများမှာ ကွန်ပေါင်းခတ်မြေဩဇာ၊ လေးဘီးလယ်ထွန်စက်၊ သုံးဘီးဆိုင်ကယ်၊ သွပ်ပြား၊ ပီနန်အိတ်၊ ကားတာယာနှင့် ချည်ထည်ပစ္စည်းတို့ဖြစ်သည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ တင်သွင်းကုန်၏ ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၃၅၄၈၉၄ ဖြစ်ပြီး ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃၁၃၉၀ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၈၆၂၈၄ ဒေါ်လာ တင်သွင်းမှုရှိခဲ့သည်။

ဇူလိုင် ၃၁ ရက်အထိ တစ်ဖက်နိုင်ငံ တရုတ်ပြည်တွင် ဆန်မာတစ်အိတ်လျှင် ၁၀၈ ယွမ်၊ ဆန်ပျော့တစ်အိတ်လျှင် ၁၂၆ ယွမ်ဈေးနှင့် အစေ့ထုတ်ပြောင်းတစ်အိတ်လျှင် ၇၆ ယွမ်ဖြစ်ပြီး မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၅၁၈ ယွမ်ဖြစ်ကာ တစ်ယွမ်လျှင် မြန်မာကျပ်ငွေ ၁၉၃ ကျပ်ရှိကြောင်းသိရှိရသည်။

**ဂွမ်ဂျာလ(မနောမြေကုန်သွယ်မှုဗဟိုဌာန)**

# မော်လမြိုင်ကုန်စည်ဒိုင်၌ ရော်ဘာ၊ မတ်ပဲနှင့် ပဲပုပ်ဈေး မြင့်တက်နေ

ဩဂုတ် ၄ ရက် မော်လမြိုင်ကုန်စည်ဒိုင်၏ ဈေးနှုန်းထုတ်ပြန်ချက်များအရ ရော်ဘာ R.S.S-3 တစ်ပေါင် ကျပ် ၆၈၀၊ ၁၀၈ပေါင် (ဆန်သား ၉၀ရာခိုင်နှုန်း ပါဝင်) ဆန်တစ်အိတ်ဈေးနှုန်းများမှာ ဧည့်မထ ကျပ် ၂၇၀၀၀၊ ပေါ်ကွဲ ကျပ် ၃၂၅၀၀၊ ပေါ်ဆန်း ကျပ် ၄၀၅၀၀၊ ပဲမျိုးစုံသီးနှံ ၂၀ပိဿာဝင် ပဲတစ်တင်း ဈေးနှုန်းများမှာ ပဲတီစိမ်း ကျပ် ၃၅၀၀၀၊ မတ်ပဲ ကျပ် ၃၁၂၀၀၊ ပဲလွန်းဖြူကျပ် ၃၀၀၀၀၊ ဗိုလ်ကိတ် ကျပ် ၂၅၀၀၀၊ ပဲပုပ် ကျပ် ၂၂၀၀၀၊ သစ်သီးဝလံအုပ်စုမှ ကွဲကောသီး ပန်းရောင်တစ်လုံး ကျပ် ၁၅၀၀ မှ ၄၀၀၀၊ ကွဲကောသီး အဖြူ(ပုလဲ) ကျပ် ၁၀၀၀ မှ ၂၅၀၀၊ မင်းကွတ်သီးတစ်လုံး ကျပ် ၅၀ မှ ၁၅၀၊ ဒေသထွက် ဒူးရင်းသီးတစ်လုံး ကျပ် ၂၀၀၀ မှ ၄၀၀၀၊ ရေထွက်ကုန်(အလတ်စ) တစ်ပိဿာဈေးနှုန်းများမှာ ငါးတန် ကျပ် ၂၃၀၀၊ ငါးမြစ်ချင်း ကျပ် ၃၅၀၀၊ ငါးဖားမ ကျပ် ၂၂၀၀၊ တီလားပီးရား ကျပ် ၃၅၀၀၊ ငါးပုတ်သင် ကျပ် ၅၅၀၀၊ ငါးပုဏ္ဏား(ထီး)ကျပ် ၇၀၀၀၊ ကကတစ်ကျပ် ၇၀၀၀၊ ငါးသလောက် (အာနီ)ကျပ် ၁၈၀၀၀၊ ကင်းမွန် (လတ်/ကြီး) ကျပ် ၆၅၀၀ မှ ၉၅၀၀၊ ပုစွန်ပျော့ (သေး/ကြီး) ကျပ် ၁၅၀၀၀ မှ ၂၀၀၀၀၊ ရေချိုပုစွန်တုပ်(စိမ်း)ကျပ် ၉၀၀၀-၂၅၀၀၀၊ ကဏန်း(ဝ သုံးလုံး လတ်/ကြီး) ကျပ် ၆၅၀၀ မှ ၈၀၀၀ ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ယခင်တစ်ပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက R.S.S-3 ရော်ဘာတစ်ပေါင်ဈေးနှုန်း ကျပ် ၁၀ ဆက်လက်မြင့်တက်နေကြောင်း၊ ပဲမျိုးစုံဈေးငြိမ်နေသော်လည်း မတ်ပဲတစ်တင်းဈေးနှုန်းမှာ ကျပ် ၂၀၀ နှင့် ပဲပုပ်တစ်တင်း ကျပ် ၅၀၀ ဈေးတက်နေသည့်အတွက် မတ်ပဲဈေးနှုန်းမှာ တစ်ပတ်(တက်/ကျ) ဖြစ်ပေါ်နေကြောင်း၊ ဆန်၊ သစ်သီးဝလံနှင့် ရေထွက်ကုန်များမှာ ဈေးနှုန်းမပြောင်းလဲဘဲ တည်ငြိမ်နေကြောင်း မော်လမြိုင်ကုန်စည်ဒိုင်မှ သိရသည်။

**ဝင်းမြတ်(ရာမညကုန်သွယ်မှုဗဟိုဌာန)**

# ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေး လုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်း ကွင်းဆင်းဆောင်ရွက်

ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်း (Climate Friendly Agribusiness Value Chains Sector Project -CFAVC)အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျေးရွာများရှိ ဆီထွက်သီးနှံစိုက် တောင်သူ ၅၀ ဦးထဲမှ တောင်သူအချို့ကို ဇူလိုင် ၂၉ ရက်တွင် မုံရွာမြို့မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဇေယျာကုန်သွယ်မှုဗဟိုဌာန၌ လည်းကောင်း၊ ဩဂုတ် ၂ ရက်တွင်ကျန်တောင်သူများဆီသို့ ကွင်းဆင်း၍လည်းကောင်း၊ ဇူလိုင် ၃၀ ရက်တွင် ယင်းမာပင်မြို့နယ်ရှိ ကျေးရွာများမှ တောင်သူ ၅၀ ကို ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးခန်းမတွင် တွေ့ဆုံ၍ လည်းကောင်း ဆီထွက်သီးနှံနှင့်သက်ဆိုင်သည့် မေးခွန်းလွှာများကို မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသူ ဦးဆောင်သည့်အဖွဲ့သည် ဩဂုတ် ၆ ရက်နှင့် ၇ ရက်တို့တွင် မုံရွာမြို့နယ်နှင့် ယင်းမာပင်မြို့နယ်များရှိ ကျေးရွာများမှ တောင်သူများထံ ကွင်းဆင်း၍ တောင်သူများ၏ စိုက်ခင်းများအတွက် ပေးသင့်သည့် စံသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် Test Kits များ ပေးဝေခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းခြင်းနှင့် တောင်သူများသိလိုသည့် မေးခွန်းများ ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

CFAVC စီမံကိန်း၏ ရည်ရွယ်ချက်မှာ ရာသီဥတုဒဏ်ကြံ့ကြံ့ခံနိုင်သော စိုက်ပျိုးစီးပွားရေးဆိုင်ရာ တန်ဖိုးကွင်းဆက်များတစ်လျှောက် အရေးကြီးအခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်တိုးတက်စေရန်၊ စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု စမ်းသပ်စစ်ဆေးသည့် စွမ်းဆောင်ရည် တိုးမြှင့်စေရန် တောင်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပုဂ္ဂလိကကဏ္ဍမှပါဝင်သူများ၏ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်များနှင့် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန်နှင့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းအတွက် မူဝါဒဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေကောင်းများ ပေါ်ထွန်းလာရေး တိုးမြှင့်ဆောင်ရွက်ရန်တို့ဖြစ်သည်။

အဆိုပါစီမံကိန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် စက်တင်ဘာလအထိ ဆောင်ရွက်မည့် ခုနစ်နှစ်စီမံကိန်းဖြစ်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်(ADB)က ချေးငွေပေးမည်ဖြစ်သည်။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အနေဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ်အထိ စီမံကိန်းဒေသရှိ တောင်သူများ၊ Collectors နှင့် Processors သို့ Repid Reaction Test Kits များ ပေးဝေနိုင်ရန် လယ်သမားများ ရွေးချယ်ခြင်း၊ Test Kits များ နှစ်စဉ်ဖြန့်ဝေခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**နှင်းပန်းဖြူ**
**(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**



# ယခုတစ်ပတ် မတ်ပဲတင်ပို့မှုလျော့

ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၉၄၂၂ ဒသမ ၂၈ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၉၃၁၈၈ ဒသမ ၄၄ ဒေါ်လာတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

တင်ပို့ခဲ့သော နိုင်ငံများမှာ ၁၅ နိုင်ငံရှိပြီး ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ပြင်သစ်၊ အိန္ဒိယ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ မလေးရှား၊ စင်ကာပူ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ယူနိုက်တက်ကင်းဒမ်း၊ ထိုင်း၊ နီပေါ၊ ပါကစ္စတန်၊ ကာတာနှင့် တောင်အာဖရိကနိုင်ငံတို့ဖြစ်သည်။ အများဆုံး တင်ပို့ခဲ့သောနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်၍ တန်ချိန် ၆၅၆၉ ဒသမ ၈၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၆၅၄၉၇၂ဒသမ ၅၈ ဖြစ်ပြီး အနည်းဆုံး တင်ပို့ခဲ့သောနိုင်ငံမှာ ကိုရီးယားသမ္မတနိုင်ငံဖြစ်၍ တန်ချိန် ၁၁၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၆၅၀ ဒသမ ၇၈ ဖြစ်ကြောင်းသိရသည်။

ယခင်တစ်ပတ် တင်ပို့မှုမှာ တန်ချိန် ၁၁၉၀၅ ဒသမ ၁၁ တန် တန်ဖိုး အမေရိကန်ဒေါ်လာ ၈၆၈၂၃၉၈ ဒသမ ၆၁ ဒေါ်လာဖြစ်သောကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၂၄၈၂ ဒသမ ၈၃ တန် တန်ဖိုး အမေရိကန် ဒေါ်လာ ၁၇၅၁၂၁၀ ဒသမ ၁၇ ဒေါ်လာ လျော့နည်းတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မတ်ပဲတစ်တန် ပျမ်းမျှဈေးနှုန်းမှာ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၇၂၉ ဖြစ်ပြီး ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၇၃၆ ဖြစ်သောကြောင့် ယခုတစ်ပတ်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၇ ဒေါ်လာ ပိုမိုခဲ့ကြောင်း သိရသည်။

**စန်းစန်းမော်**
**(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# မုံရွာမြို့တွင်း ကုန်စည်စီးထွက်မှုနှင့် ဈေးကွက်အခြေအနေ

ယခုတစ်ပတ်အတွင်း မုံရွာမြို့နယ်တွင် ရွှေဘိုပေါ်ဆန်း တစ်ပြည် ၂၄၀၀ ကျပ်၊ ဧရာမင်း တစ်ပြည် ၂၀၀၀ ကျပ်၊ ဝန်ကြီးဧရာတစ်ပြည် ၂၃၀၀ကျပ် ဈေးဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကြက်သွန်နီ လက်လီဈေးမှာ (ကြီး) တစ်ပိဿာ ၈၀၀ ကျပ်၊ (လတ်)တစ်ပိဿာ ၇၀၀ ကျပ်၊ (သေး)တစ်ပိဿာ ၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကြက်သွန်ဖြူ လက်လီဈေးမှာ (ဗမာ) ခွာပြီးသား (အမြှောင်းကြီး)တစ်ပိဿာ ၄၈၀၀ ကျပ်၊(အသေး) တစ်ပိဿာ ၄၀၀၀ ကျပ်၊ ရှမ်းကြက်သွန်ဖြူ (ကြူကုပ်) တစ်ပိဿာ ၂၈၀၀-၃၀၀၀ကျပ် ဈေးရှိပါသည်။ ချင်း တစ်ပိဿာ ၃၀၀၀ကျပ်၊ ငရုတ်သီးခြောက် တစ်ပိဿာ ၃၂၀၀ မှ ၄၈၀၀ ကျပ်၊ အာလူးတစ်ပိဿာ ၁၀၀၀-၁၂၀၀ ကျပ်နှင့် ခရမ်းချဉ်သီး တစ်ပိဿာ ၁၅၀၀-၁၈၀၀ ကျပ်ဈေးရှိပြီး ခရမ်းချဉ်သီးဈေးမှာ ယခင်တစ်ပတ်ထက် ၄၀၀ ကျပ် မြင့်တက်ခဲ့သည်။

ပဲဆီဈေးနှုန်းမှာတစ်ပိဿာ ၅၉၀၀ကျပ်၊နှမ်းဆီ တစ်ပိဿာ ၅၅၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာ ၁၈၂၅ ကျပ်ရှိပြီး စားအုန်းဆီဈေးမှာ ယခင်တစ်ပတ်ထက် ၇၅ ကျပ် ဈေးတက်ခဲ့သည်။ မြေပဲလုံးဆန်ပေါက်ဈေးနှုန်းများမှာ လုံးဆန်(ဖြူ) တစ်ပိဿာ ၃၀၀၀ မှ ၃၁၀၀ ကျပ်၊ လုံးဆန်(နီ) တစ်ပိဿာ ၃၁၅၀ မှ ၃၂၀၀ ကျပ်၊ ဆီဆန်တစ်ပိဿာ ၂၆၀၀-၂၇၀၀ ကျပ်ရှိပြီး ဈေးနှုန်းများမှာ မုံရွာကုန်စည်ဒိုင်ပေါက်ဈေးနှုန်းများဖြစ်သည်။

**ထက်ထက်မိုး(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

# မန္တလေး ကုလားပဲ ဈေးငြိမ်နေ

မန္တလေး ကုန်စည်ဒိုင်၏ ဩဂုတ်လ ပထမပတ်တွင် ကုလားပဲမှာ လှောင်လက်သမားများနှင့် ပြည်တွင်း ပဲခွဲစက်သမားများသာ ဝယ်ယူမှုရှိ၍ဈေးငြိမ်နေသည်။

ကုလားပဲဖြူ ၅၇ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ကုလားပဲဖြူလုံးကြီး (V2) ကျပ် ၇၄၀၀၀ မှ ၇၃၅၀၀၊ ယခင်တစ်ပတ် ကျပ် ၇၃၅၀၀ မှ ၇၄၀၀၀၊ ယခင်လ ကျပ် ၇၃၀၀၀မှ ၇၃၅၀၀၊ ယခင်နှစ် ကျပ် ၈၀၀၀၀ မှ ၈၁၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ယခင်လထက် ကျပ် ၅၀၀ မြင့်တက်လာ၍ ယခင်နှစ်ထက် ကျပ် ၅၅၀၀ နိမ့်ကျလာသည်။

ကုလားပဲ (V7) ၅၇ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ်ကျပ်၇၁၀၀၀ မှ၇၁၅၀၀၊ ယခင်တစ်ပတ် ၇၁၀၀၀ မှ ၇၁၅၀၀၊ ယခင်လ ကျပ်၇၃၀၀၀ မှ၇၃၅၀၀၊ ယခင်နှစ် ၇၆၀၀၀ မှ ၇၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ယခင်လထက် ကျပ် ၅၀၀ နိမ့်ကျလာကာ ယခင်နှစ်ထက် ကျပ် ၅၀၀၀ မှ ၅၅၀၀ နိမ့်ကျလာသည်။

ကုလားပဲ 929 ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၇၃၀၀၀ မှ ၇၂၅၀၀၊ ယခင်တစ်ပတ် ကျပ် ၇၂၅၀၀ မှ ၇၃၀၀၀၊ ယခင်လ ကျပ် ၇၂၅၀၀ မှ ၇၃၀၀၀ ၊ ယခင်နှစ် ကျပ် ၇၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်၊ ယခင်လအတိုင်း ဈေးငြိမ်နေပြီး ယခင်နှစ်ထက် ၆၀၀၀ မှ ၆၅၀၀ နိမ့်ကျလာသည်။

ကုလားပဲထိုင်ဝမ် ၅၆ ဒသမ ၂၅ ကျပ် ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ၆၈၀၀၀ မှ ၆၈၅၀၀၊ ယခင်တစ်ပတ် ကျပ် ၆၈၀၀၀ မှ ၆၉၀၀၀၊ ယခင်လ ကျပ် ၆၉၀၀၀၊ ယခင်နှစ် ကျပ် ၈၀၀၀၀ မှ ၈၁၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်၊ ယခင်လထက် ကျပ် ၅၀၀ နိမ့်ကျလာပြီး ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်လျှင် ကျပ် ၁၂၀၀၀ မှ ၁၃၀၀၀ နိမ့်ကျလာသည်။

**မြင့်မြင့်လှိုင်**
**(ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**



# မူဆယ်မှ တရုတ်နိုင်ငံသို့ သစ်သီးဝလံတင်ပို့မှု အခြေအနေ


မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ နေ့စဉ်သစ်သီးဝလံများတင်ပို့လျက်ရှိရာ ဇူလိုင်လအတွင်း သရက်သီး ၆၃၇ တန်၊ ဖရဲသီး ၂၈၈ တန် တင်ပို့နိုင်ခဲ့သည်။

ဇူလိုင်လအတွင်း သစ်သီးဝလံတင်ပို့မှု လျော့နည်းခဲ့ပြီး ဇူလိုင် ၁၇ ရက်မှစ၍ သရက်အဝင်မရှိတော့ပါ။ဇူလိုင်လနောက်ဆုံးပတ်မှစ၍ သစ်သီးအဝင် မရှိသလောက် နည်းပါးပြီး ဇူလိုင် ၂၂ ရက်မှစကာ ဖရဲတင်ပို့မှု နောက်ထပ်မရှိသေးကြောင်းနှင့် သုံးလေးရက်မှ သစ်သီးအဝင်တစ်စီးနှုန်းလောက်သာ ရှိနိုင်ကြောင်း သစ်သီးဝလံကုန်စည်ဒိုင်မှ သိရသည်။ ဇူလိုင်လအတွင်း သရက်သီးဈေးနှုန်းမှာ ဇူလိုင် ၁၄ ရက်တွင် တစ်တန် ၂၅၀၀ ယွမ်(ကျပ်၄၈၇၅၀၀)ဖြစ်ပြီး ကြားရက် များ၌ သရက်ဈေး အနည်းငယ်ကျဆင်းကာ ဇူလိုင် ၁၇ ရက်တွင် တစ် တန် ဈေးနှုန်း ၁၈၀၀ ယွမ်ဖြစ်ခဲ့သည်။ ဖရဲဈေးနှုန်းမှာ တစ်တန် ယွမ် ၁၀၀၀ ဖြစ်သည်။

မတ် ၂၉ ရက်မှစ၍ယနေ့အထိ တရုတ်ပြည်တွင်း လူဝင်ထွက်မှုကန့်သတ်စနစ်ကြောင့် သစ်သီးကားများ တရုတ်နိုင်ငံ(ဝမ်တိန်)ကွင်းအထိ သွားရောက်ရောင်းချနေရဆဲဖြစ်သလို သစ်သီးကား ဒရိုင်ဘာများကို ဝင်ခွင့်မပြုဘဲ တရုတ်ဘက်မှ ရွေးချယ်ထားသော ယာဉ်မောင်းများဖြင့်သာ အဝင်အထွက်ပြုလုပ်နေရသည်မှာလည်း ဧပြီ ၂၀ ရက်မှစ၍ ယနေ့အထိဖြစ်သည်။

တရုတ်ဝင်ပေါက် ကျိန်စန်းကျော့ ဂိတ်ပိတ်ချိန်ကို ယခင် မြန်မာစံတော်ချိန် ည ၈း၃၀ နာရီအထိ ခွင့်ပြုပေးထားရာမှ ဇွန် ၂ ရက်မှစ၍ ညနေ ၄ နာရီခွဲသို့ ပြောင်းလဲသတ်မှတ်ခဲ့သော်လည်း သစ်သီးကားများအဝင်နည်းခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှု မရှိကြောင်း မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်မှသိရသည်။

**နေမျိုးထိုက်ကျော်(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**



# ဧရာဝတီတိုင်းဒေသကြီးတွင် မတ်ပဲဈေး အကျဘက်ဦးတည်

ဧရာဝတီတိုင်းဒေသကြီးတွင် မတ်ပဲ ဈေးနှုန်းသည် အကျဘက်တွင်သာရှိပြီး အရောင်းအဝယ်ဖြစ်မှု နည်းပါးခဲ့သည်။ ဇူလိုင် ၂၈ ရက်တွင် တစ်တင်းလျှင် ကျပ် ၃၀၉၀၀ မှ ၃၁၀၀၀ - ၃၁၂၀၀နှုန်းဖြစ် ပြီး ဇူလိုင် ၃၀ ရက်အထိ ယင်းဈေးဝန်းကျင်တွင်သာ တည်ရှိနေသည်။ ဇူလိုင် ၃၁ ရက်တွင် ကျပ် ၃၁၀၀၀ - ၃၁၁၀၀ ဖြစ်ပြီး ဩဂုတ် ၁ ရက်တွင် ကျပ် ၃၀၉၀၀-၃၁၀၀၀၊ ဩဂုတ် ၂ ရက်နှင့် ၃ ရက်တို့တွင် ကျပ် ၃၁၁၀၀- ၃၁၂၀၀ အသီးသီးဈေးနှုန်းဖြစ်ပေါ်ခဲ့သည်။ ယခင် ဇွန်လမှ ယခုထိ မတ်ပဲဈေးနှုန်းသည် တစ်တင်းလျှင် ကျပ် ၃၂၅၀၀ နှင့် ၃၀၀၀၀ ကြားတွင်သာ အတက်အကျဖြစ်ပေါ်လျက်ရှိပြီး အရောင်းအဝယ်ပါးလျက်ရှိသည်။

အိန္ဒိယနိုင်ငံတွင် COVID-19 ရောဂါပိုး ပျံ့နှံ့မှုများကြောင့် အရောင်းအဝယ်တည်ငြိမ်မှုမရှိဘဲ အဝယ်နည်းနေသောကြောင့် ပြည်တွင်းမတ်ပဲဈေးနှုန်းများလည်း ကျဆင်းလျက်ရှိသည်။ ယခင်နှစ်တင်ပို့မှုနှင့် ကာလတူနှိုင်းယှဉ်လျှင် တင်ပို့မှုများစွာ ကျဆင်းမသွားသော်လည်း အိန္ဒိယနိုင်ငံ၏ COVID-19 ကူးစက်မှုနှုန်းမြင့်မားသည့် ကာလများတွင် ဝယ်ယူတင်သွင်းမှုကျဆင်းသွားသည်။ အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှ မတ်ပဲတင်သွင်းရမည့် ကာလကို ယခင်အတိုင်း ၂၀၂၀ ပြည့်နှစ် ဧပြီလမှ ၂၀၂၁ ခုနှစ် မတ်လအထိ ပြန်လည်သတ်မှတ်ပေးရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တောင်းဆိုထားကြောင်း သိရသည်။

**ဧရာကုန်သွယ်မှုဗဟိုဌာန**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၂ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ဘာဘေဒိုနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၆ ဒသမ ၈၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဘယ်လ်ဂျီယံ၊ အိုင်ဗရီကို့စ်၊ ဂျော်ဒန်၊ ကင်ညာ၊ မာလာဝီ၊ နိုင်ဂျီးရီးယား၊ အိုမန်၊ တူရကီနှင့်ဇင်ဘာဘွေ စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၄ နိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ နယ်သာလန်၊ ဂရိ၊ အီတလီ၊ ဆွီဒင်၊ ကနေဒါ၊ နော်ဝေနှင့် ပြင်သစ် စသည့် နိုင်ငံပေါင်း ၃၆ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ရာခိုင်နှုန်းမှ ၂ ဒသမ ၄၀ ရာခိုင်နှုန်းအထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မလေးရှားနိုင်ငံတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၉၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၆ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ကာတာနိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းထက် ၁၃ ဒသမ ၆၀ ရာခိုင်နှုန်း ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ ရုရှား၊ တောင်ကိုရီးယား၊ အာရူဘာ၊ အီရန်၊ အိုင်ဗရီကို့စ်၊ ကင်ညာ၊ မော်လတာ၊ အိုမန်၊ ပိုလန်နှင့် တူရကီ စသည့် နိုင်ငံများအပါအဝင် ၅၇ နိုင်ငံတို့တွင် ယခင်အပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ စင်ကာပူ၊ အိန္ဒိယ၊ ပီရူး၊ ဂရိ၊ မက္ကဆီကို၊ ဒိန်းမတ်၊ အီတလီ၊ စပိန်၊ နယူးဇီလန်၊ ဟန်ဂေရီနှင့် ပြင်သစ် စသည့် နိုင်ငံပေါင်း ၂၉ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၃၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၇၀ ရာခိုင်နှုန်းနှင့် မလေးရှားနိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ၁ ရာခိုင်နှုန်း ၃၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် ၂ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၁ | ၀.၄၅ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၃ | ၀.၆၈ |
| ၃ | ထိုင်း | လီတာ | ၀.၉၃ | ၀.၇၂ |

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကိုလေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၄ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်၊ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၈ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဖြင့် လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း၊ ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၀ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၄ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၁ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၈၃ ဖြင့် လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၈ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ၄၂၈ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၈ ဖြင့်လည်းကောင်း ၁၀၀ ရာခိုင်နှုန်း ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် Thai Rice Exporters Association ၏အစီရင်ခံစာအရ ထိုင်းနိုင်ငံက လက်ရှိအနေအထားအတိုင်း ကျေနပ်အားရနေပြီး ဆန်စပါးမျိုးစေ့နှင့် ဆန်ဈေးကွက်ဆိုင်ရာ ကာလရှည်မဟာဗျူဟာ ချမှတ်ဖော်ဆောင်ခြင်းမရှိပါက လာမည့်ဆယ်စုနှစ်အတွင်း ကမ္ဘာ့ဆန်တင်ပို့မှု အဆင့်ငါးသို့ လျော့ကျသွားနိုင်ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းက သတိပေးပြောကြားခဲ့သည်ကို သိရှိရသည်။ နိုင်ငံ၏ လက်ရှိဆန်စပါးမူဝါဒတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ပါဝင်ခြင်းမရှိသဖြင့် ပြည်ပသို့ဆန်တင်ပို့မှု ဆက်တိုက်ကျဆင်းလာသည်ကို ကြုံတွေ့ရနိုင်ကြောင်း အသင်း၏ဥက္ကဋ္ဌ Charoen Laothammatas က ပြောကြားခဲ့သည်ကို သိရှိရသည်။

ထိုင်းနိုင်ငံတွင် ဆန်စပါးအတွက်ချပေးသော သုတေသနနှင့် ဖွံ့ဖြိုးရေးရန်ပုံငွေမှာလည်း အကန့်အသတ်ရှိခြင်းကြောင့် နံပါတ်တစ်ဦးစားပေးအချက်ဖြစ်သည့် စပါးမျိုးစေ့ ထုတ်လုပ်မှု၊ အထူးသဖြင့် ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားမြင့်မားသည့် ဆန်ဖြူအမျိုးအစား စပါးမျိုးစေ့ထုတ်လုပ်မှုသုတေသနနှင့် ဖွံ့ဖြိုးရေးရန်ပုံငွေမှာ အကန့်အသတ်ရှိနေကြောင်း Mr Charoen က ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်သည် တခြားပြိုင်ဘက်နိုင်ငံများထက် ပိုမိုမြင့်မားနေသည့်အပြင် သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်မှုနှင့် ဘတ်ငွေအားကောင်းမှုများကလည်း ထိုင်းဆန်ကိုပြိုင်ဘက်ဆန်တွေထက် ဈေးပိုကြီးစေခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်ကို သိရှိရသည်။

မိုးခေါင်ခြင်း၊ ရေကြီးခြင်းစသည့် သဘာဝဘေးများ တစ်လှည့်စီကြုံတွေ့နေရခြင်းကလည်း ထိုင်းဆန်ထုတ်လုပ်မှုကို ထိခိုက်စေပြီး ဆန်စပါးသတင်းအချက်အလက် တိတိကျကျ မရရှိခြင်းကလည်း ထိရောက်သည့်ဈေးကွက်ချဲ့ထွင်ရေး အစီအစဉ်များ ချမှတ်ရန် ခက်ခဲစေကြောင်း၊ သက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့် ကာလရှည် မဟာဗျူဟာချမှတ်သည့်အခါတွင် ဆန်စပါးလုပ်ငန်း၏ ထောက်ပံ့ရောင်းချမှုကွင်းဆက်တစ်ခုလုံးကို ထည့်သွင်းစဉ်းစားနိုင်ရန်တိုက်တွန်းလိုကြောင်း၊ မျိုးစေ့လုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ စပါးပွဲစား၊ မျိုးစေ့ထုတ်လုပ်သူ၊ ကုန်သည်၊ ပို့ကုန်လုပ်ငန်းရှင်အားလုံးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း Mr Charoen က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံကဲ့သို့ အခြားသော ဆန်ထုတ်လုပ်သောနိုင်ငံများသည် ပြည်တွင်းစပါးအထွက် မြှင့်တင်နိုင်ရန် သုတေသနလုပ်ငန်းတွင် ငွေကြေးများစွာ ရင်းနှီးမြှုပ်နှံကြကြောင်း၊ ယခုအခါ တရုတ်နိုင်ငံ၏ ဧရိယာတစ်ရိုင် (1 Rai= 0.3954 Acres) စပါးအထွက်နှုန်းသည် နှစ်တန်ဝန်းကျင်ရှိပြီး ဗီယက်နမ်နိုင်ငံ၏ စပါးအထွက်နှုန်းသည် ကီလို ၉၆၀ ဝန်းကျင်ရှိနေချိန်တွင် (1 ton = 907.185 Kg) ထိုင်းနိုင်ငံ၏ တစ်ရိုင်လျှင်အထွက်နှုန်းသည် ကီလို ၄၅၀ သာရှိကြောင်း သိရှိရသည်။ ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင် များအသင်းသည် ၂၀၂၀ ပြည့်နှစ် ထိုင်းဆန်တင်ပို့မှုကို ကနဦးက တန်ချိန် ၇ ဒသမ ၅၀ သန်းဟု ခန့်မှန်းထားခဲ့ရာမှ နှစ် ၂၀ အတွင်း အနိမ့်ဆုံးပမာဏအဖြစ် တန်ချိန် ၆ ဒသမ ၅၀ သန်းသို့ လျှော့ချခန့်မှန်းခဲ့သည်ကို သိရှိရသည်။

ထိုသို့ ခန့်မှန်းချက်လျှော့ချခဲ့ရခြင်းမှာ ကမ္ဘာ့ဆန်ဝယ်လိုအားကို ထိခိုက်စေသော ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်း၊ ထိုင်းဆန်ကို ဈေးကြီးမြင့်စေသော ဘတ်ငွေအားကောင်းမှုနှင့် မိုးဆက်တိုက်ခေါင်ရာမှ အထွက်နှုန်း ကျဆင်းမှု စသည့်အချက်များကြောင့်ဖြစ်ကြောင်း Mr Charoen က ထည့်သွင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ ဘတ်ငွေအားကောင်းနေခြင်းကြောင့် ထိုင်းဆန်ဈေးသည် ပြိုင်ဘက်နိုင်ငံများမှ ဆန်များထက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀ မှ ၈၀ ဒေါ်လာအထိ ဈေးပိုများနေပြီး ပြည်တွင်း ဆန်စပါးရောင်းလိုအားမှာ ၂၀ ရာခိုင်နှုန်း (စပါးတန်ချိန်ငါးသန်း)အထိ ကျဆင်းခဲ့ကြောင်း သိရှိရသည်။ ဖိလစ်ပိုင်၊ မလေးရှား၊ တရုတ်စသော အဓိကဆန်ဝယ်လက်များက ဆန်သားပျော့သော ဆန်ဖြူအမျိုးအစားဆန်ကို ဝယ်ယူလိုကြသော်လည်း ထိုင်းနိုင်ငံမှာ ၎င်းဆန်အမျိုးအစားများကို ထုတ်လုပ်နိုင်ခြင်း မရှိသေးကြောင်း Mr Charoen က ပြောကြားခဲ့သည်ကို သိရှိသည်။

တရုတ်နိုင်ငံ၏ ဆန်လက်ကျန်သည်တန်ချိန်သန်း ၆၀ မှ ၇၀ ပုံမှန်ရှိခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၁၁၇ သန်းအထိ မြင့်တက်နေသဖြင့် တရုတ်နိုင်ငံ၏ ယခုနှစ်ဆန်ဝယ်လိုအား ကျဆင်းသွားဖွယ်ရှိနေပြီး တရုတ်နိုင်ငံက ယခုနှစ်တွင် ဆန်အသားတင် တင်ပို့သည့်နိုင်ငံအဖြစ် ကူးပြောင်းလာကာ အာဖရိကသို့ ဆန်တန်ချိန် ၃ ဒသမ ၅၀ သန်းမှ တန်ချိန် ၄ သန်းအထိ တင်ပို့နိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရှိရသည်။ ကိုဗစ်(၁၉)ကပ်ရောဂါကြောင့် ဧပြီလတွင် ကမ္ဘာ့နိုင်ငံအများစုက အရန်ဆန်ဖြည့်တင်းဝယ်ယူခဲ့ကြပြီးဖြစ်ခြင်းကြောင့် ယခုနှစ် ဒုတိယနှစ်ဝက်အတွင်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု ကျဆင်းလာနိုင်ကြောင်း၊ ယခုနှစ် ပထမနှစ်ဝက်အတွင်း ထိုင်းနိုင်ငံသည် ပြည်ပသို့ ဆန်တန်ချိန်၃ ဒသမ ၁၄သန်းတင်ပို့ခဲ့ရာ နှစ်အလိုက် တင်ပို့နိုင်မှုပမာဏ ၃၂ ဒသမ ၇၀ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး တန်ဖိုးအားဖြင့် ၁၂ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ဒသမ ၂၀ ဘီလီယံရှိခဲ့ကြောင်း သိရှိရသည်။ ၎င်းကာလအတွင်း ထိုင်းနိုင်ငံက ကမ္ဘာ့ဆန်တင်ပို့မှု တတိယအများဆုံးအဖြစ် ရပ်တည်ခဲ့ပြီး အိန္ဒိယနှင့်ဗီယက်နမ်တို့က တန်ချိန် ၄ ဒသမ ၅၃ သန်းနှင့် တန်ချိန် ၄ ဒသမ ၀၄ သန်း အသီးသီး တင်ပို့ခဲ့ကြကြောင်း သိရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် တရုတ်နိုင်ငံမှ ရှမ်းဆန်ဝယ်ယူမှု ပိတ်ထားသဖြင့် အစိုးရအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရန် လိုလားနေကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ သိရှိရသည်။ ရှမ်းပြည်နယ်မှ ထွက်ရှိသော ရှမ်းဆန်သည် တရုတ်နိုင်ငံဘက်မှ အဓိကထားဝယ်ယူနေခြင်းဖြစ်ပြီး တရုတ်နိုင်ငံဘက်မှ ဆန်အဝယ် ပိတ်လိုက်ချိန်တွင် ရောင်းဝယ်ရေး အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရှိရသည်။

စာမျက်နှာ ၁၆ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၆၆ | ၀.၅၄ |
| ၅ | စင်္ကာပူ | လီတာ | ၁.၄၀ | ၁.၁၇ |
| ၆ | မလေးရှား | လီတာ | ၀.၄၀ | ၀.၄၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၈ | ၀.၇၄ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၈၅ | ၀.၆၈ |
| ၉ | လာအို | လီတာ | ၀.၉၂ | ၀.၈၁ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ သုည ရာခိုင်နှုန်းနှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၀ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာ နိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၁ ဒေါ်လာနှုန်းဖြင့် ၁၈ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုညဒသမ၄၅ ဒေါ်လာနှုန်းဖြင့် ၁၆ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/ အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာ ဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်သည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | ဟောင်ကောင် | လီတာ | ၂.၂၂ |
| ၂ | အီရန် | လီတာ | ၀.၀၆ | နယ်သာလန် | လီတာ | ၁.၈၃ |
| ၃ | ဆူဒန် | လီတာ | ၀.၁၄ | နော်ဝေ | လီတာ | ၁.၇၅ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၂၇ | ဂရိ | လီတာ | ၁.၆၉ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၄ | ဖင်လန် | လီတာ | ၁.၆၈ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၁.၈၄ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၄ | ဆွီဒင် | လီတာ | ၁.၆၄ |
| ၃ | ဆူဒန် | လီတာ | ၀.၁၆ | နော်ဝေ | လီတာ | ၁.၆၁ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၂၃ | အယ်လ်ဘေးနီးယား | လီတာ | ၁.၆၁ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၂၃ | မိုနာကို | လီတာ | ၁.၅၈ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံးဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၀.၈၆ | ၀.၇၅ |
| ၂ | ဂျပန် | လီတာ | ၁.၂၂ | ၁.၀၃ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၁ | ၁.၀၃ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

ကျေးဇူးပြု၍(တန့်ဆည်မြေ)


ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၃၀.၇.၂၀၂၀ | စည် | ၃၉.၉၂ |
| ၂ | ၃.၈.၂၀၂၀ | စည် | ၄၁.၀၁ |
| ၃ | ၄.၈.၂၀၂၀ | စည် | ၄၁.၇၀ |
| ၄ | ၅.၈.၂၀၂၀ | စည် | ၄၂.၁၉ |
| ၅ | ၆.၈.၂၀၂၀ | စည် | ၄၁.၉၅ |

source : http://www.oil-price.net/

၂၀၂၀ ပြည့်နှစ် ဇွန် ၈ ရက်မှ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် Covid-19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေးအခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေး ဆက်တိုက်မြင့်တက်လာခြင်းကြောင့် တစ်နှစ်အတွင်း ပြည်တွင်းအခေါက်ရွှေဈေးသည် တစ်ကျပ်သားလျှင် ကျပ် ၁၃၀၀၀၀၀ ကျော်သို့ ပြန်လည်မြင့်တက်လာကြောင်း ပြည်တွင်းရွှေလုပ်ငန်းရှင်များထံမှ သိရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ဇူလိုင် ၃၁ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၉၇၄ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၁ ရက်တွင် ၁၉၇၇ ဒေါ်လာ၊ ဩဂုတ် ၅ ရက်တွင် ၂၀၃၉ ဒေါ်လာမှ ဩဂုတ် ၆ ရက်တွင် ၂၀၅၀ ဒေါ်လာသို့ ဆက်တိုက်မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။

ထိုသို့ ကမ္ဘာ့ရွှေဈေး မြင့်တက်လာခြင်းကြောင့် ဇူလိုင် ၃၁ ရက်တွင် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၉၂၀၀၀ ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၁ ရက်တွင် ကျပ် ၁၂၉၄၀၀၀၊ ဩဂုတ် ၅ ရက်တွင် ၁၃၁၈၀၀၀ ကျပ်မှ ဩဂုတ် ၆ ရက်တွင် ကျပ် ၁၃၂၂၀၀၀ သို့မြင့်တက်လာခဲ့သည်ကိုတွေ့ရှိရသည်။

ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် စီးပွားရေးပိုင်းဆိုင်ရာ စိုးရိမ်ပူပန်မှုများနေကြသည့် ရင်းနှီးမြှုပ်နှံသူများသည် လတ်တလောတွင် ရွှေပမာဏများစွာ ဝယ်ယူစုဆောင်းနေကြခြင်းကြောင့် ကမ္ဘာ့ရွှေဈေးကို ဆက်တိုက် မြင့်တက်လာစေရန် တွန်းအားပေးနေသကဲ့သို့ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရသည်။ Federal Reserve ၏ ရလဒ်အရ Bond Yeild များ၏ တန်ဖိုး ကျဆင်းလာသည့်အပြင် အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းလာခြင်းများကြောင့် ကမ္ဘာ့ရွှေတစ်အောင်စ တန်ဖိုးသည် စံချိန်သစ်အနေဖြင့် အမေရိကန်ဒေါ်လာ ၂၀၀၀ ကျော်သို့ ရောက်ရှိလာခဲ့သည်ကို တွေ့ရှိရသည်။

စီးပွားရေးလုပ်ငန်းရှင်များသည် အမေရိကန်ဒေါ်လာ တန်ဖိုး ကျဆင်းလာခြင်း၊ ရွှေနှင့်အခြားအဖိုးတန် သတ္တုများကို ဝယ်ယူလာကြခြင်းကြောင့်

စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization(ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ(White Sugar)တစ်တန်လျှင်ဇူလိုင် ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၃၅၇ ဒသမ ၂၅ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျအပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ဩဂုတ် ၅ ရက်တွင် သကြားဖြူ (White Sugar)တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၉ ဒသမ ၀၅ ဒေါ်လာဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 5-Aug-20 | 12.86 cts/lb | 12.42 cts/lb | 369.05 $/T | 16.74 cts/lb |
| 4-Aug-20 | 13.06 cts/lb | 12.38 cts/lb | 374.05 $/T | 16.97 cts/lb |
| 3-Aug-20 | 13.00 cts/lb | 12.29 cts/lb | 374.55 $/T | 16.99 cts/lb |
| 31-Jul-20 | 12.92 cts/lb | 12.22 cts/lb | 379.30 $/T | 17.20 cts/lb |
| 30-Jul-20 | 12.44 cts/lb | 12.17 cts/lb | 366.40 $/T | 16.62 cts/lb |
| 29-Jul-20 | 12.37 cts/lb | 12.16 cts/lb | 363.05 $/T | 16.47 cts/lb |
| 28-Jul-20 | 12.35 cts/lb | 12.16 cts/lb | 361.05 $/T | 16.38 cts/lb |
| 27-Jul-20 | 12.44 cts/lb | 12.17 cts/lb | 363.05 $/T | 16.47 cts/lb |
| 24-Jul-20 | 11.91 cts/lb | 12.16 cts/lb | 348.85 $/T | 15.82 cts/lb |
| 23-Jul-20 | 12.18 cts/lb | 12.19 cts/lb | 355.25 $/T | 16.11 cts/lb |
| 22-Jul-20 | 12.27 cts/lb | 12.22 cts/lb | 357.10 $/T | 16.20 cts/lb |
| 21-Jul-20 | 12.08 cts/lb | 12.23 cts/lb | 353.10 $/T | 16.02 cts/lb |
| 20-Jul-20 | 12.13 cts/lb | 12.24 cts/lb | 349.25 $/T | 15.84 cts/lb |
| 17-Jul-20 | 12.12 cts/lb | 12.23 cts/lb | 351.05 $/T | 15.92 cts/lb |
| 16-Jul-20 | 12.17 cts/lb | 12.21 cts/lb | 348.50 $/T | 15.81 cts/lb |
| 15-Jul-20 | 12.19 cts/lb | 12.20 cts/lb | 350.60 $/T | 15.90 cts/lb |
| 14-Jul-20 | 11.74 cts/lb | 12.19 cts/lb | 336.50 $/T | 15.26 cts/lb |
| 13-Jul-20 | 12.00 cts/lb | 12.21 cts/lb | 338.35 $/T | 15.35 cts/lb |
| 10-Jul-20 | 12.16 cts/lb | 12.23 cts/lb | 339.30 $/T | 15.39 cts/lb |
| 9-Jul-20 | 12.24 cts/lb | 12.24 cts/lb | 343.75 $/T | 15.59 cts/lb |
| 8-Jul-20 | 12.44 cts/lb | 12.23 cts/lb | 348.65 $/T | 15.81 cts/lb |
| 7-Jul-20 | 12.50 cts/lb | 12.23 cts/lb | 351.95 $/T | 15.96 cts/lb |
| 6-Jul-20 | 12.27 cts/lb | 12.22 cts/lb | 349.50 $/T | 15.85 cts/lb |
| 3-Jul-20 | 0.00 cts/lb | 12.21 cts/lb | 353.45 $/T | 16.03 cts/lb |
| 2-Jul-20 | 12.56 cts/lb | 12.21 cts/lb | 352.90 $/T | 16.01 cts/lb |
| 1-Jul-20 | 12.50 cts/lb | 12.19 cts/lb | 357.25 $/T | 16.20 cts/lb |

၂၀၂၀ ပြည့်နှစ် ဩဂုတ်လ လဆန်းပိုင်းအတွင်း တရုတ်နိုင်ငံ၌ ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၁၆ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၅၄ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၅၀၈-၅၁၆ ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင်တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၆၁-၄၉၀ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့တွင် သကြားဈေးနှုန်းများ မြင့်တက်ခဲ့ပြီး အိန္ဒိယနိုင်ငံတွင် သကြားဈေးနှုန်း ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ်လ လဆန်းပိုင်းအတွင်း မြန်မာ-တရုတ် နယ်စပ်မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၃၅၃ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၁၆ ဒေါ်လာပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၄၆၃ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိသည်။ မြန်မာ-ထိုင်းနယ်စပ်မြဝတီ မြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၀ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၇ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

စာမျက်နှာ ၁၆ သို့

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

အဖိုးတန်သတ္တုတစ်မျိုးဖြစ်သည့် ကမ္ဘာ့ရွှေတစ်အောင်စ ဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ်အတွင်း ၃၀ ရာခိုင်နှုန်းနီးပါး မြင့်တက်လာနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားကြသည်ကို သိရှိရသည်။ အမေရိကန်ဒေါ်လာဈေးသည် အခြားနိုင်ငံများ၏ ငွေကြေးများနှင့် ဆန့်ကျင်၍ ၃ ရာခိုင်နှုန်းအထိ ကျဆင်းလာသည့်အပြင် ဘဏ်၏အတိုးနှုန်းသည် သုညရာခိုင်နှုန်း နီးပါးရှိနေသည့်အတွက် စီးပွားရေးလုပ်ငန်းရှင်များသည် ယခုကာလတွင်ဘဏ်တွင် ငွေစုထားခြင်းထက် ရွှေဝယ်ယူစုဆောင်း၍ အရောင်းအဝယ် ပြုလုပ်ခြင်းက အကျိုးအမြတ်ပိုမိုရရှိလာနိုင်ကြောင်း သုံးသပ်အကြံပြုထား ကြသည်ကို သိရှိရသည်။

ရင်းနှီးမြှုပ်နှံသူများသည် ရွှေကို ဝယ်ယူစုဆောင်းမှုများ ပြုလုပ်လာကြခြင်းကြောင့် ရွှေဈေးမြင့်တက်လာခြင်းဖြစ်ပြီး ရွှေဈေးမြင့်တက်လာခြင်းကြောင့် အခြားဘက်တွင် ရိုက်ခတ်မှုများရှိလာနိုင်ပြီး ငွေကြေးဖောင်းပွမှုနှုန်းလည်း မြင့်တက်လာနိုင်ကြောင်း၊ တစ်နည်းအားဖြင့်ဆိုသော် ပိုင်ဆိုင်မှုပစ္စည်းများ၏ တန်ဖိုးများကျဆင်းမှု ဖြစ်လာနိုင်ကြောင်း၊ ရွှေသည် ခိုင်မာစိတ်ချရသည့် ပိုင်ဆိုင်မှုဖြစ်ခြင်းကြောင့် ရင်းနှီးမြှုပ်နှံသူများသည် မရေရာမသေချာသည့် စီးပွားရေးလုပ်ငန်းများ၊ စတော့ရှယ်ယာများ၊ ငွေကြေးဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံမည့်အစား ရွှေကိုသာအဓိကထား၍ ဝယ်ယူလာနိုင်ခြင်းကြောင့် ရွှေဈေးသည် တစ်အောင်စလျှင် ဒေါ်လာ ၂၀၀၀ ကျော်ထိအပြင် ယင်းထက်လည်း ပိုမိုမြင့်တက်လာနိုင်ကြောင်း စီးပွားရေးပညာရှင်များမှ ခန့်မှန်းသုံးသပ်ထားကြသည်ကို သိရှိရသည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၆ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၁.၇.၂၀၂၀ | ၁၂၁၇၀၀၀ | ၁၇၈၅ |
| ၂ | ၂.၇.၂၀၂၀ | ၁၂၁၇၅၀၀ | ၁၇၇၅ |
| ၃ | ၃.၇.၂၀၂၀ | ၁၂၁၆၅၀၀ | ၁၇၇၅ |
| ၄ | ၆.၇.၂၀၂၀ | ၁၂၂၁၀၀၀ | ၁၇၇၅ |
| ၅ | ၇.၇.၂၀၂၀ | ၁၂၂၂၀၀၀ | ၁၇၇၆ |
| ၆ | ၈.၇.၂၀၂၀ | ၁၂၂၄၅၀၀ | ၁၈၀၄ |
| ၇ | ၉.၇.၂၀၂၀ | ၁၂၃၄၀၀၀ | ၁၈၁၃ |
| ၈ | ၁၀.၇.၂၀၂၀ | ၁၂၂၉၀၀၀ | ၁၈၀၈ |
| ၉ | ၁၃.၇.၂၀၂၀ | ၁၂၃၂၀၀၀ | ၁၈၀၈ |
| ၁၀ | ၁၄.၇.၂၀၂၀ | ၁၂၃၃၀၀၀ | ၁၇၉၃ |
| ၁၁ | ၁၅.၇.၂၀၂၀ | ၁၂၃၇၀၀၀ | ၁၈၀၉ |
| ၁၂ | ၁၆.၇.၂၀၂၀ | ၁၂၄၂၀၀၀ | ၁၈၀၅ |
| ၁၃ | ၁၇.၇.၂၀၂၀ | ၁၂၅၁၀၀၀ | ၁၈၀၄ |
| ၁၄ | ၂၀.၇.၂၀၂၀ | ၁၂၇၄၀၀၀ | ၁၈၂၅ |
| ၁၅ | ၂၂.၇.၂၀၂၀ | ၁၂၇၅၀၀၀ | ၁၈၅၉ |
| ၁၆ | ၂၃.၇.၂၀၂၀ | ၁၂၇၅၀၀၀ | ၁၈၈၁ |
| ၁၇ | ၂၄.၇.၂၀၂၀ | ၁၂၇၉၀၀၀ | ၁၈၈၈ |
| ၁၈ | ၂၇.၇.၂၀၂၀ | ၁၂၉၄၀၀၀ | ၁၉၄၃ |
| ၁၉ | ၂၈.၇.၂၀၂၀ | ၁၃၀၂၀၀၀ | ၁၉၄၇ |
| ၂၀ | ၂၉.၇.၂၀၂၀ | ၁၂၉၀၀၀၀ | ၁၉၅၂ |
| ၂၁ | ၃၀.၇.၂၀၂၀ | ၁၂၈၇၀၀၀ | ၁၉၆၆ |
| ၂၂ | ၃၁.၇.၂၀၂၀ | ၁၂၉၂၀၀၀ | ၁၉၇၄ |
| ၂၃ | ၁.၈.၂၀၂၀ | ၁၂၉၄၀၀၀ | ၁၉၇၇ |
| ၂၄ | ၄.၈.၂၀၂၀ | ၁၃၀၃၀၀၀ | ၁၉၇၈ |
| ၂၅ | ၅.၈.၂၀၂၀ | ၁၃၁၈၀၀၀ | ၂၀၃၉ |
| ၂၆ | ၆.၈.၂၀၂၀ | ၁၃၂၂၀၀၀ | ၂၀၅၀ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၈၀ ရာခိုင်နှုန်း၊ Annual Rate of Inflation ၈ ဒသမ ၃၅ ရာခိုင်နှုန်း၊ Year on Year Inflation ၄ ဒသမ ၂၁ ရာခိုင်နှုန်းရှိသည်ကို လေ့လာသိရှိရသည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-


တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၃၀-၇-၂၀၂၀ | ၄-၈-၂၀၂၀ | ၅-၈-၂၀၂၀ | ၆-၈-၂၀၂၀ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၃၆၃.၇ | ၁၃၆၃.၁ | ၁၃၅၉.၇ | ၁၃၅၆.၅ | -၀.၅၃ | ↓ |
| ၂ | Thai Baht | THB | ၃၁.၄၁၅ | ၃၁.၀၈၅ | ၃၁.၀၀၅ | ၃၁.၁၀၅ | -၀.၉၉ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၇၆ | ၁.၃၇၅ | ၁.၃၇၁ | ၁.၃၇၁ | -၀.၃၆ | ↓ |
| ၄ | Malaysian Ringgit | MYR | ၄.၂၄၂ | ၄.၂၁၉ | ၄.၂၀၁ | ၄.၁၉၀ | -၁.၂၃ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၄၆၀၁ | ၁၄၆၁၉ | ၁၄၅၅၀ | ၁၄၅၈၄ | -၀.၁၁ | ↓ |
| ၆ | Chinese Yuan | CNY | ၇.၀၀၃ | ၆.၉၈၁ | ၆.၉၄၄ | ၆.၉၄၆ | -၀.၈၁ | ↓ |
| ၇ | Indian Rupee | INR | ၇၄.၈၂၂ | ၇၅.၀၀၃ | ၇၄.၈၅၃ | ၇၄.၉၉၀ | ၀.၂၂ | ↑ |
| ၈ | Japanese Yen | JPY | ၁၀၅.၀၇၈ | ၁၀၅.၉၄၆ | ၁၀၅.၆၈၂ | ၁၀၅.၆၇၁ | ၀.၅၆ | ↑ |
| ၉ | Australian Dollar | AUD | ၁.၄၀၀ | ၁.၃၉၉ | ၁.၃၉၀ | ၁.၃၉၃ | -၀.၅၀ | ↓ |
| ၁၀ | Euro | EUR | ၀.၈၅၁ | ၀.၈၄၈ | ၀.၈၄၆ | ၀.၈၄၄ | -၀.၈၂ | ↓ |
| ၁၁ | Pound Sterling | GBP | ၀.၇၇၀ | ၀.၇၆၅ | ၀.၇၆၄ | ၀.၇၆၀ | -၁.၃၀ | ↓ |

Source- Central Bank of Myanmar

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဇူလိုင် ၃၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၆၃ ဒသမ ၇၀ ကျပ်ရှိခဲ့ရာမှ ဩဂုတ် ၆ ရက်တွင် ၁၃၅၆ ဒသမ ၅၀ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ ၅ ၃ရာခိုင်နှုန်း ကျဆင်းလာခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက်မှ ဩဂုတ် ၆ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိ ပြင်ပဒေါ်လာငွေကြေးဈေးကွက်ကို လေ့လာရာတွင် ဇူလိုင် ၃၀ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၁၃၈၅၊ ဩဂုတ် ၄ ရက် တွင် တစ်ဒေါ်လာလျှင် ကျပ် ၁၃၇၅ ၊ဩဂုတ် ၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၇၈ ကျပ်နှင့် ဩဂုတ် ၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၇၃ ကျပ်အသီးသီး ပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့်. . . မှအဆက်

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ၁၉၀၀ ကျပ်နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ၁၈၀၀ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံနှင့်မကွေးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ၁၁၀၀ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်းတွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လလဆန်းပိုင်းအတွင်း ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်အပတ်နှင့်နှိုင်းယှဉ်လျှင် ၆ ဒသမ ၈၅ ရာခိုင်နှုန်းဈေးနှုန်း မြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ယခင်နှစ်မှ ဆန်ဟောင်းလက်ကျန်များ ကျန်ရှိနေသည့်အပြင် ဆန်သစ်များလည်း ထပ်မံဝင်ရောက်လာနေသဖြင့် လုပ်ငန်းလည်ပတ်မှုနှောင့်နှေးကြန့်ကြာမှုများစွာ ကြုံတွေ့နေရကြောင်း လုပ်ငန်းရှင်များထံမှ သိရှိရသည်။

ကိုဗစ်(၁၉)ကပ်ရောဂါကြောင့် အရောင်းအဝယ်မဖြစ်ဘဲ စပါးဟောင်း လက်ကျန်များလည်းကျန်ရှိနေပြီး စပါးအသစ်များလည်း ပေါ်လာချိန်ဖြစ်၍ စပါးများစုပုံနေကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် တရုတ်အစိုးရအဖွဲ့တို့ တွေ့ဆုံပြီး ပစ္စည်းကိုအရောက်ပို့ပြီးမှသာ အရည်အသွေးစစ်ဆေး၍ တန်ဖိုးဖြတ်မည်ဟု ယခင်သဘောတူညီထားသော်လည်း ပစ္စည်းရောက်ပြီးချိန်တွင်ပိုးမွှားကင်းစင်မှု ထောက်ခံချက်ပါမှသာခွင့်ပြုမည် ဆိုလာပြန်၍ အခက်အခဲများနှင့် ကြုံတွေ့ရခြင်းတို့ကြောင့် ယခုနောက်ပိုင်းတွင် ရောင်းဝယ်မှုမရှိသေးကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း)ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရဲထွန်းက ပြောကြားခဲ့သည်ကို သိရှိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်တွင်းရှိ မြို့နယ်ပေါင်း ၂၁ မြို့နယ်တို့တွင်ရှိသော ဆန်စက်လုပ်ငန်းရှင်များ၊ စပါးစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ကိုဗစ်ကာလအတွင်း လုပ်ငန်းများအားလုံး ရပ်ဆိုင်းထားရသဖြင့် လုပ်အားခကုန်ကျစရိတ်ရှိခြင်း၊ ဆန်အဟောင်းများ မရောင်းရသဖြင့် ဆန်အသစ်ဝယ်ယူရန် အခက်အခဲဖြစ်နေခြင်း၊ တရုတ်နိုင်ငံဘက်သို့ တင်ပို့မှုရပ်ဆိုင်းခဲ့ရသဖြင့် အရောင်းအဝယ် နည်းပါးခြင်းနှင့် ဆန်ဈေးကျခြင်းများ စသည့်အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရှိရသည်။ တရုတ်နိုင်ငံဘက်မှ ဝယ်ယူသောဆန်များသည် အသစ်ထွက်သောဆန်များကိုသာဝယ်ယူသဖြင့် ဆန်အဟောင်းများမရောင်းရတော့ဘဲ တက်ဈေးဖြင့် လက်ကျန်ခံနေသော ဆန်စက်လုပ်ငန်းရှင်များလည်းရှိပြီး လုပ်ငန်းအရှုံးပေါ်နေသော ဆန်စက်လုပ်ငန်းရှင်များလည်းရှိကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်အတွင်းရှိစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများနှင့်ပတ်သက်၍ ပြည်ထောင်စု အစိုးရအဖွဲ့နှင့်ချိတ်ဆက်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန်တင်ပို့ခွင့်ရရှိနိုင်ရန် မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI)နှင့်ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရှမ်းပြည်တောင်ပိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ လယ်ယာစီးပွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးစိုင်းဖြိုးလွင်ဦးမှ ပြောကြားခဲ့သည်ကို သိရှိရသည်။ တရုတ်နိုင်ငံနှင့် MoU ထိုးထားပြီးဖြစ်၍ တရုတ်နိုင်ငံဘက်က ပြန်ဖွင့်ပေးဖို့ရှိသော်လည်း ဆန်တင်ပို့နိုင်ရန် ရက်မသတ်မှတ်ရသေးကြောင်း၊ ရှမ်းပြည်နယ်ထွက်ဆန်များကို တရုတ်နိုင်ငံမှဝယ်ယူမှသာ ဈေးကောင်းရရှိနိုင်ပြီး ယခုအခါ တရုတ်နိုင်ငံဘက်မှ အဝယ်ပိတ်ထားခြင်းကြောင့် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သောမူဆယ်မြို့တွင် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၆ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၁၉၇ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ်လျှင် ၂၅၂၁၆ ကျပ်မှ ၂၆၀၀၄ ကျပ်ကြားပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီ မြို့တွင် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၆ ရက်တွင်ဖြစ်ပေါ်နေသောဈေးနှုန်း များအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၈ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ အလေးချိန် ၁၀၈ ပေါင်ပါဆန်တစ်အိတ်၏ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဇူလိုင် ၃၁ ရက် မှ ဩဂုတ် ၆ ရက်အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာနိုင်နှုန်း | ဈေးနှုန်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | ၃၁.၇.၂၀၂၀ | ၄.၈.၂၀၂၀ | ၅.၈.၂၀၂၀ | ၆.၈.၂၀၂၀ |
| ၁ | ရတနာတိုး | 85 (Raw) | ၂၂၃၀၀ | ၂၂၃၀၀ | ၂၂၃၀၀ | ၂၂၃၀၀ |
| ၂ | ရတနာတိုး | 75(Raw) | ၂၁၈၀၀ | ၂၁၈၀၀ | ၂၁၈၀၀ | ၂၁၈၀၀ |
| ၃ | ဧည့်မထ | 70(Raw) | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ |
| ၄ | ဧည့်မထ | 65(Raw) | ၂၁၀၀၀ | ၂၁၀၀၀ | ၂၁၀၀၀ | ၂၁၀၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ၂၂၅၀ ကျပ်၊ မုံရွာမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ၂၀၀၀ ကျပ်နှင့် ကလေးမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ၁၈၀၀ ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး ပုသိမ်မြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ၁၁၅၀ ကျပ်၊ ဘားအံမြို့တွင် ၁၁၀၀ ကျပ်၊ စစ်တွေမြို့တွင် ၁၀၅၀ ကျပ်တို့ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ခဲ့သည်ကိုတွေ့ရှိရသည်။

Trading Economics Website ၏ ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၄၈ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ပထမပတ်တွင် နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်/အကျပြောင်းလဲမှုများရှိသကဲ့သို့မြန်မာနိုင်ငံတွင်လည်းဆန်ဈေးနှုန်းများအတက်/အကျ ပြောင်းလဲမှုများဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်ရရှိသည်။

# အီးယူ၏ သစ်သီးဝလံ တင်သွင်းမှုအခြေအနေနှင့် စံချိန်စံညွှန်းများအား လေ့လာတင်ပြခြင်း(၃)

ကျော်စိန်ဝင်း

### ဂရိတ်ဖရုတင်သွင်းမှုအခြေအနေ

အီးယူ၏ စာရင်းဇယားများတွင် ဖော်ပြထားမှုအရ ကျွဲကောသီး (pomelo) အား citrus varieties အသီးမျိုးနွယ်ဝင် ဂရိတ်ဖရုအောက်တွင် အကျုံးဝင်သဖြင့် ဂရိတ်ဖရုတင်သွင်းမှုကို လေ့လာတင်ပြခြင်းဖြစ်သည်။ အခြားသော citrus varieties အမျိုးအစားများဖြစ်သည့် လိမ္မော်သီး၊ သံပရာ/သံပယို စသည့် သစ်သီးဝလံများ တင်သွင်းမှုနှင့် နှိုင်းယှဉ်ပါက အီးယူ၏ဂရိတ်ဖရုတင်သွင်းမှု မှာ အနည်းငယ် လျော့နည်းသည်ကို တွေ့ရှိရပြီး Eurostat ၏ စာရင်းများအရ ၂၀၁၀ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း တန်ချိန်သုံးသိန်းမှ လေးသိန်းအကြား တင်သွင်းမှုရှိခဲ့ ကြောင်း သိရှိရသည်။ ဂရိတ်ဖရုသည်အနည်းငယ်ခါးသက်သော အရသာရှိခြင်းကြောင့် အီးယူစားသုံးသူများအကြား လူကြိုက်များသည့် သစ်သီးဝလံမဟုတ်ကြောင်း သစ်သီးဈေးကွက်သုံးသပ်ချက်များအရ သိရှိရသည်။

တရုတ်နိုင်ငံမှ ကျွဲကောသီး စိုက်ပျိုးထုတ်လုပ်သည့် ကုမ္ပဏီများသည် အီးယူဈေးကွက်သို့ ကျွဲကောသီးတင်ပို့လျက်ရှိပြီး ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း အီးယူ၏ ကျွဲကောသီးစားသုံးမှုသည် တိုးတက်မှုရှိခဲ့ကြောင်း freshplaza.com ၏ ဖော်ပြချက်အရ လေ့လာသိရှိရသည်။ တရုတ်နိုင်ငံမှ ပျားကျွဲကောသီး (honey pomleo) ကို အီးယူဈေးကွက်သို့ အဓိကထား၍တင်ပို့လျက်ရှိပြီး နယ်သာလန်နိုင်ငံ ရော့တာဒမ်ဆိပ်ကမ်းမှတစ်ဆင့်တင်ပို့၍ ဥရောပနိုင်ငံများသို့ တစ်ဆင့် ပြန်လည်ဖြန့်ဖြူးခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

### ကျွဲကောသီး(ဂရိတ်ဖရု)တင်သွင်းရာတွင် လိုက်နာရန်လိုအပ်ချက်များ

ကျွဲကောသီးကဲ့သို့သော citrus fruit မျိုးနွယ်ဝင်သစ်သီးများ အီးယူသို့ တင်သွင်းရာတွင် အဓိကအားဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု (Pesticide Residue) ထိန်းချုပ်နိုင်ရန်နှင့် အပင်ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ ကျွဲကောသီးတင်ပို့ရာတွင် သတိပြုရမည့် Maximum Residue Levels-MRLs သတ်မှတ်ချက်များကို ကျွဲကောသီး အပါအဝင်ဖြစ်သည့် Grapefruit ကုန်စည်အောက်တွင် ဖော်ပြထားပြီး အသေးစိတ်ကို https://ec.europa.eu/food/plant/pesticides/eu-pesticides-database/public/?event=product.resultat&language=EN&selectedID=3 တွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

### အရည်အသွေးစံချိန်စံညွှန်းဆိုင်ရာ လိုအပ်ချက်များ

Citrus fruit မျိုးနွယ်ဝင်သစ်သီးများ အီးယူသို့ တင်သွင်းရာတွင် အပင်ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်(Phytosanitary certificate) လိုအပ်သည်။ အပင်ကျန်းမာရေးအတွက် အသေးစိတ်လိုအပ်ချက်များကို အီးယူ၏ Council Directive 2000/29/EC အားကိုးကားအသုံးပြု၍ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ Citrus fruit များအတွက် အနည်းဆုံးရှိရမည့် ရင့်မှည့်မှုလိုအပ်ချက်၊ အရွယ်အစား၊ ထုပ်ပိုးမှုနှင့် အရည်အသွေးဆိုင်ရာ သီးခြားဈေးကွက် စံချိန်စံညွှန်းများကို အီးယူမှ EU Regulation No 543/2011 ဖြင့်သတ် မှတ်ထားသည့် ယေဘုယျစံချိန်စံညွှန်းများကို ကိုးကား၍ဖြစ်စေ၊ UNECE standards များကို ဖြစ်စေ ရွေးချယ်၍အသုံးပြုနိုင်ကြောင်း http://www.unece.org/fileadmin/DAM/trade/agr/standard/standard/fresh/FFV-Std/English/14_CitrusFruit.pdf တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

### လက်ဖက်ခြောက်တင်သွင်းမှုအခြေအနေ

အီးယူတွင် လက်ဖက်ခြောက်သုံးစွဲမှုများပြားသည့် နိုင်ငံများမှာ ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ်၊ ပိုလန်၊ နယ်သာလန်နှင့် အိုင်ယာလန်နိုင်ငံတို့ဖြစ်ကြသည်။နယ်သာလန်နိုင်ငံ CBI ၏ လေ့လာမှုများအရ ၂၀၁၅ ခုနှစ်တွင် အီးယူ၏ လက်ဖက်ခြောက်သုံးစွဲမှု (Tea Consumption) မှာ တန်ချိန် ၂၂၉၀၀၀ ရှိခဲ့ပြီး ကမ္ဘာ့သုံးစွဲမှု၏ ၄ ဒသမ ၆ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း သိရှိရသည်။ ဥရောပမြောက်ပိုင်းနှင့် အနောက်ဥရောပဒေသတို့သည် လက်ဖက်ခြောက်အတွက် အဓိကဈေးကွက်များဖြစ်ကြပြီး ဗြိတိန်နိုင်ငံသည် ယင်း၏ လက်ဖက်ရည်သောက်သုံးမှုဓလေ့ ထွန်းကားမှုနှင့်အတူ လက်ရှိတွင် ဥရောပ၏ လက်ဖက်ခြောက်အများဆုံးသုံးစွဲသည့်နိုင်ငံအဖြစ် ရပ်တည်နေကာ ၂၀၁၅ ခုနှစ်တွင် တန်ချိန်တစ်သိန်းကျော်သုံးစွဲမှုရှိခဲ့သည်။

အီးယူစားသုံးသူများသည် အနံ့နှင့်အရသာ ထူးခြားသည့် အရည်အသွေးမြင့် Speciality Tea လက်ဖက်ခြောက် အမျိုးအစားများကို ပိုမိုသုံးစွဲလာကြသော်လည်း ယင်းအမျိုးအစားများအတွက် ဈေးကွက်မှာမူ များစွာကျယ်ပြန့်မှုမရှိသေးကြောင်းနှင့် ဥရောပဈေးကွက်တစ်ခုလုံး၏ ငါးရာခိုင်နှုန်းခန့်သာရှိကြောင်းလည်း သိရသည်။ ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများရှိခြင်းကြောင့် အီးယူဈေးကွက်တွင် Green Tea နှင့် Herbal/Fruit Tea များကို ပိုမိုလူကြိုက်များလာပြီး Black Tea သောက်သုံးမှု အနည်းငယ်လျော့ကျလာသည့် အနေအထားရှိသည်။

ဥရောပဒေသသည် လက်ဖက်စိုက်ပျိုးထွက်ရှိမှု မရှိသလောက်နည်းပါးသဖြင့် ပြည်ပမှတင်သွင်းမှုကို အဓိကမှီခိုနေရသည်။ စာရင်းဇယားများအရ ဥရောပသမဂ္ဂ၏ လက်ဖက်ခြောက် တင်သွင်းမှုမှာ ၂၀၁၅ ခုနှစ်တွင် တန်ချိန် ၃၄၂၀၀၀ ရှိခဲ့ပြီး ဗြိတိန်နိုင်ငံမှတင်သွင်းမှုတန်ချိန် ၁၃၃၀၀၀ ရှိခဲ့ကြောင်း သိရှိရသည်။ ဗြိတိန်နိုင်ငံသည် အီးယူ၏ လက်ဖက်ခြောက် တင်သွင်းမှုအားလုံး၏ ၃၉ ရာခိုင်နှုန်းခန့်ကို တင်သွင်းခဲ့ခြင်းဖြစ်သည်။ လက်ဖက်ခြောက် အဓိကတင်သွင်းသည့် အခြားဥရောပနိုင်ငံများမှာ ဂျာမနီ၊ ပိုလန်၊ နယ်သာလန်၊ ပြင်သစ်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ဖြစ်ကြသည်။ ဂျာမနီနိုင်ငံသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း နှစ်စဉ် လက်ဖက်ခြောက် တန်ချိန်ငါးသောင်းကျော် တင်သွင်းမှုရှိပြီး ပိုလန်နိုင်ငံသည် နှစ်စဉ်တင်သွင်းမှုတန်ချိန်သုံးသောင်းမှ လေးသောင်းဝန်းကျင်၊ နယ်သာလန်နိုင်ငံသည် နှစ်စဉ်တန်ချိန် နှစ်သောင်းကျော် စသည်ဖြင့် အသီးသီးတင် သွင်းမှုရှိခဲ့သည်ကို တွေ့ရသည်။ အီးယူသို့ လက်ဖက်ခြောက်အဓိက တင်ပို့သည့်နိုင်ငံများမှာ ကင်ညာ၊ အိန္ဒိယ၊ တရုတ်နှင့် သီရိလင်္ကာနိုင်ငံများဖြစ်သည်။

### လက်ဖက်ခြောက်တင်သွင်းရာတွင် လိုက်နာရန် လိုအပ်ချက်များ

အီးယူသို့ လက်ဖက်ခြောက်တင်သွင်းမှုအတွက် အဓိကလိုက်နာရမည့်အချက်များမှာ စားသောက်ကုန် ဘေးကင်းလုံခြုံမှု (food safety)၊ နောက်ကြောင်းပြန်ခြေရာခံနိုင်မှု (traceability)၊ သန့်ရှင်းမှု (hygene) နှင့် ထိန်းချုပ်မှု (control) တို့ဖြစ်သည်။ အများဆုံး တွေ့ရသည့်အချက်မှာ ဓာတ်ကြွင်းပါဝင်မှု ကန့်သတ်ချက်(Maximum Residue Levels-MRLs) နှင့်ကိုက်ညီရန် လိုအပ်မှုဖြစ်သည်။ လက်ဖက်ခြောက်အပါအဝင် စားသောက်ကုန်များအတွက် anthraquinone MRLs သတ်မှတ်ချက် (0.02mg/kg) နှင့်ပတ်သက်၍ သတိပြုရန်လိုအပ်ကြောင်း သိရသည်။ လက်ဖက်ခြောက်အတွက် MRLs သတ်မှတ်ချက်ကို https://ec.europa.eu/food/plant/pesticides/eu-pesticides-database/public/? event=product.resultat&language=EN&selectedID=243 တွင် အသေးစိတ်ဝင်ရောက်ကြည့်ရှုနိုင်ပြီး လက်ဖက်အစိုကို အခြောက်ခံခြင်း၊ ထုပ်ပိုးခြင်း စသည့်လုပ်ငန်းစဉ်တို့မှတစ်ဆင့်လည်း Contamination ဖြစ်ပေါ်နိုင်သဖြင့် သတိပြုရန် လိုအပ်မည်ဖြစ်ပါသည်။

### အရည်အသွေးစံချိန်စံညွှန်းဆိုင်ရာ လိုအပ်ချက်များ

ကြိုတင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်ကဲ့သို့သော စားသောက်ကုန်များအတွက် ဥရောပသမဂ္ဂက တံဆိပ်ကပ်ခြင်း (labelling) ဆိုင်ရာ တင်းကျပ်သည့်သတ်မှတ်ချက်များကို ချမှတ်ထားသည်။ ယင်းသို့ တံဆိပ်ကပ်ဖော်ပြရာတွင် ပါဝင်ပစ္စည်းစာရင်း၊ အသားတင်အလေးချိန် ပမာဏ၊ ဓာတ်မတည့်မှုဖြစ်နိုင်ခြေစသည့် စားသုံးသူအတွက် သတင်းအချက်အလက်များကို ဖော်ပြရန် လိုအပ်ပါသည်။ ထို့ပြင် စားသုံးကုန်လုပ်ငန်းများတွင် လက်ဖက်ခြောက်ကဲ့သို့သော ထုတ်ကုန်များ၊ အထူးသဖြင့် အော်ဂဲနစ်ထုတ်ကုန်များအတွက် Corporate social responsibility (CSR) နှင့် Sustainability ဆိုင်ရာ အသိအမှတ်ပြုထောက်ခံချက်များတွင် ကျယ်လာသဖြင့် အီးယူသို့ လက်ဖက်ခြောက်တင်ပို့ရာတွင် ဥပမာအားဖြင့် Rainforest Alliance နှင့် Fairtrade စသည့် Sustainability Standards များသည်လည်း အရေးကြီးမည် ဖြစ်ပါသည်။

### နိဂုံး

၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ စာရင်းများအရ အီးယူသည် လူဦးရေသန်း ၅၀၀ ကျော်ရှိသည့် ကြီးမားသော ဈေးကွက်ဖြစ်ခြင်း၊ အီးယူ၏ စားသုံးသူများသည် လတ်ဆတ်သစ်သီးဝလံများကဲ့သို့သော healthy foods များကို ပိုမိုရွေးချယ် စားသုံးလာကြခြင်း၊ သစ်သီးဝလံများကို ပြည်ပမှတင်သွင်းရန် လိုအပ်ချက်ရှိနေခြင်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံဈေးကွက်များမှ တင်သွင်းမှု တိုးတက်လာခြင်း စသည့်အချက်များကြောင့် မြန်မာနိုင်ငံကဲ့သို့သော သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများအနေဖြင့် ဈေးကွက်ရှာဖွေတင်ပို့နိုင်မည့် အလားအလာများ ရှိနေသည်။ သစ်သီးဝလံတင်ပို့မှုအတွက် နယ်သာလန်နိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့သည်

စာမျက်နှာ ၂၉ သို့

စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

ရေနံဈေးကွက်နှင့်ပတ်သက်သည့် သတင်းများအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှစတင်၍ Brent ရေနံဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၄၁ ဒေါ်လာနှင့် ၄၅ ဒေါ်လာဈေးနှုန်းအတွင်း တည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာတစ်ဝန်းသို့ COVID- 19 ကပ်ရောဂါ ပျံ့နှံ့ခဲ့ပြီးနောက် ဧပြီလကုန်ပိုင်းတွင် ရေနံဈေးနှုန်းများ အဆိုးရွားဆုံးကျဆင်းခဲ့မှု ဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းကာလ သုံးလအတွင်း အတက်လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်ကို တွေ့ရှိရသည်။

ယခုအချိန်တွင် ကမ္ဘာတစ်ဝန်း၌ COVID-19 ကူးစက်ခံရသူဦးရေ စုစုပေါင်း ၁၈ သန်းကျော်ရှိလာခဲ့ပြီဖြစ်သောကြောင့် ရေနံဈေးကွက်အတွင်း၌ ဝယ်ယူမှုများသည်လည်း ပြန်လည်ကျဆင်းလာကြောင်း သိရှိရပါသည်။ OPEC+ နိုင်ငံများသည် မေလကတည်းကပင် တစ်နေ့လျှင် ရေနံထုတ်လုပ်မှုပမာဏကိုစည်ပေါင်း ၉ ဒသမ ၇ သန်း လျှော့ချထုတ်လုပ်လာခဲ့ကြပြီး ဩဂုတ်လမှ ဒီဇင်ဘာလမတိုင်ခင်အထိ တစ်နေ့လျှင် ရေနံထုတ်လုပ်မှုပမာဏကို စည်ပေါင်း ၇ ဒသမ ၇ သန်းအထိ ထုတ်လုပ်ဖို့ကိုလည်း သဘောတူညီမှုပြုထားကြကြောင်း သိရှိရသည်။ ရေနံဈေးကွက်အတွင်း ဝယ်လိုအားကျဆင်းနေဆဲ ကာလဖြစ်သောကြောင့် OPEC+ ၏ ရေနံလျှော့ချ ထုတ်လုပ်မှုပမာဏ ပြန်လည်လျော့ကျသွားမည်ကိုလည်း ဈေးကွက်အတွင်း စိုးရိမ်သည့် အနေအထားရှိနေကြောင်းလည်း သိရှိရသည်။

ရုရှားနိုင်ငံသည် ရေနံနှင့် ဓာတ်ငွေ့ထုတ်လုပ်မှုကိုမြှင့်တင်ပြီး ရေနံထုတ်လုပ်မှုပမာဏကို ဇူလိုင်လမှာကတည်းက တစ်ရက်လျှင် စည်ပေါင်း ၉ ဒသမ ၃၇ သန်း ထုတ်လုပ်ခဲ့ရာမှ ဩဂုတ်လတွင် တစ်ရက်လျှင် စည်ပေါင်း ၉ ဒသမ၈ သန်းအထိ တိုးမြှင့် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၅ ရက်တွင် ထုတ်ပြန်ထားသည့် Data အချက်အလက်များအရ သိရှိရသည်။ ကပ်ရောဂါကာလ တားမြစ်ချက်များ လျော့နည်းလာပါက ယခုနှစ်ကုန်အထိ ရေနံဈေးနှုန်းသည် တဖြည်းဖြည်းချင်း မြင့်တက်လာနိုင်သည့် အနေအထားတွင်ရှိကြောင်း ရိုက်တာသတင်းဌာနမှ ဘောဂဗေဒပညာရှင်များက သုံးသပ်ထားကြသည်ကို လေ့လာသိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၃၁၉၅ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ၃၁၉၅ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၂၉၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ၂၉၁၀ ကျပ်၊ မော်လမြိုင်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၃၀၁၅ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ၂၇၄၅ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ် ဂါလန်လျှင် ၂၄၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ၂၅၉၁ ကျပ်၊ မြိတ်မြို့ တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၂၃၈၅ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ၂၅၂၀ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၆ ရက်တွင် Yangon Denko စက်သုံး ဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၅၇၀ ကျပ်၊ ပရီမီယမ်ဒီဇယ် တစ်လီတာလျှင် ၅၈၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာလျှင် ၅၂၀ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာလျှင် ၆၃၀ ကျပ်ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိမြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဉက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဉက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၇ ရက် နေ့လယ် ၁၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ချီပါကျေးရွာ ချီပါမျိုးသန့်ခြံသို့ ရောက်ရှိပြီး ရွှေဘိုပေါ်ဆန်းနှင့် ဧရာမင်စပါး မျိုးသန့်ပျိုးခင်းများကို သွားရောက်ကြည့်ရှုရာ စိုက်ခြံဒုတိယတာဝန်ခံဒေါ်တင်မိုးနွယ်မှ လိုက်လံရှင်းလင်းပြသခဲ့သည်။



ပြည်ထောင်စုဝန်ကြီးသည် စိုက်ခြံအစည်းအဝေးခန်းမ၌ စပါးစိုက်တောင်သူများနှင့် တွေ့ဆုံခဲ့ပြီး စိုက်ခြံဒုတိယတာဝန်ခံမှ မျိုးသန့်ခြံစိုက်ပျိုးမြေဧကအကျယ်အဝန်း၊ ရုံးအဆောက်အအုံများ တည်ဆောက်ထားရှိမှုတို့နှင့် JICA အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသော Seed Centre တည်ဆောက်မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ခွန်ကျေးရွာရှိအသေးစား စက်မှုလုပ်ငန်းတစ်ခုဖြစ်သည့် 'ဆင်နှစ်ကောင်' ရက်ကန်းစက်ရုံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် စက်ရုံပိုင်ရှင် ဦးသက်နိုင်မှ ဆိပ်ခွန်ကျေးရွာတွင် စက်ရက်ကန်းအလုံးပေါင်း ၄၀၀ ကျော်နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာသော ရက်ကန်းလုပ်ငန်းရှင်များက COVID-19 ကာလ၌ တွေ့ကြုံနေရသော ကုန်ကြမ်းရရှိမှုအခက်အခဲများ၊ တရုတ်နိုင်ငံဘက်မှ ချည်ဆိုးဆေးဝယ်ယူရရှိမှုဆိုင်ရာ အခက်အခဲများနှင့် အသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် ချေးငွေရရှိမှု နည်းပါးသည့်အတွက် လုပ်ငန်းတိုးချဲ့ရန် ကြုံတွေ့နေရသော အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ပြီး စက်ရုံအတွင်းစက်ရက်ကန်းများဖြင့် ချည်ထည် ရက်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၃ နာရီတွင် ဆိပ်ခွန်ကျေးရွာအုပ်စု ဗိုလ်တဲကုန်းကျေးရွာရှိ လက်ရက်ကန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၃ နာရီခွဲတွင် ချီပါကျေးရွာသို့ရောက်ရှိပြီး မြသိန်းတန်(အနောက်) ဘုန်းတော်ကြီးကျောင်း၌ ရက်ကန်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ဝါပင်စိုက်ပျိုးသည်မှ အထည်ရရှိသည်အထိ အဆင့်ဆင့် တိုးမြှင့် စိုက်ပျိုးထုတ်လုပ်စေလိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် ဖြေလျှော့ပေးမှုများဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ Supply Chain တစ်ခုလုံးအတွက် ကုန်ကျစရိတ်အတတ်နိုင်ဆုံး လျှော့ချနိုင်မှသာ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်ကြောင်း အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၅ နာရီခွဲတွင် ညောင်ပင်သာကျေးရွာ၏ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် တောင်သူများအား တွေ့ဆုံပြီး တက်ရောက်လာသည့် တောင်သူများအား လိုအပ်သည့် ကိစ္စရပ်များ၊ ကြုံတွေ့နေရသော အခက်အခဲများကို တင်ပြစေရာ တောင်သူများက ကျေးရွာအတွင်း လူဦးရေ ထူထပ်လာသဖြင့် လျှပ်စစ်ဓာတ်အား လုံလောက်မှုမရှိသည့်အတွက် ထရန်စဖော်မာအသစ်များ တပ်ဆင်ပေးနိုင်ရေး၊ ဆည်မြောင်းများမှ ရေဖြန့်နေသည့် ရေလက်တံများ ပိတ်ဆို့နေခြင်းတို့အား ပြန်လည်ဖော်ဆောင်ပေးနိုင်ရေးနှင့် မူး လက်တံကူးတံတား နှစ်စင်းအား ပြုပြင်ပေးနိုင်ရေး၊ ရွှေဘို-ရေဦး ကားလမ်းမကြီးအား နှစ်လမ်းသွား တိုးချဲ့ပြုပြင်တည်ဆောက်ပေးနိုင်ရေး၊ လယ်ယာစိုက်ပျိုးရေးအတွက် ချေးငွေများ ပိုမိုရရှိနိုင်ရေးတို့အား တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပြန်လည်ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး တွေ့ဆုံပွဲအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# စပါးသီးနှံဖျက် ပိုးမွှားရောဂါ ထိထိရောက်ရောက် ကာကွယ်နှိမ်နင်းပါ

## အောင်ဆန်း(စိုက်ပျိုးရေး)

မိုးရာသီ ဝင်ရောက်ခဲ့သည်မှာ ဩဂုတ်လသို့ပင် ရောက်ခဲ့ပေပြီ။ ယခုနှစ် ဝါထပ်သဖြင့် မိုးများပြီး အချို့အနိမ့်ပိုင်းစပါးခင်းများ ရေမြုပ်သည့်ဒဏ် ခံကြရသည်။ ဒေသအနှံ့တွင် ရေတော်မိုးတော်စပါးများ ဧကများ စိုက်ပျိုးပြီးနေကြပြီဖြစ်သည်။ ရေကြီးနစ်မြုပ်ပြီး ရေကျ၍ ပြန်ပေါ်လာသော စပါးခင်းများနှင့် ရေတော်မိုးတော် စပါးခင်းများ ပိုးမွှားရောဂါ အထူးသတိပြုရမည့်နှစ်ဖြစ်သည်။ အစဉ်အဆက် မပြတ် မိုးအုံ့ မိုးရွာနေသဖြင့် ပိုးမွှားရောဂါကျရောက်စေမှုကို ဖန်တီးပေးနိုင်သော ပတ်ဝန်းကျင်ရာသီဥတုဖြစ်နေသည်။

စပါးတွင် အဓိကကျရောက်နိုင်သော ပိုးမွှားများမှာ ပိုးလောင်မီး၊ ရွက်လိပ်အိမ်ပိုး၊ ကြက်သွန်မြိတ်ပိုး၊ ငမြှောင်တောင်ပိုး၊ ဖြုတ်ပိုး၊ ဆစ်ပိုး၊ နှံစုပ်ပိုး၊ နှံဖြတ်ပိုးနှင့် ရွှေခရုတို့ဖြစ်သည်။

ပိုးလောင်မီးပိုးသည် စပါးစတင်အပင်ပေါက်သည့် အချိန်မှ ပျိုးခင်း၊ စိုက်ခင်း၊ ကြဲခင်းများတွင် ကျရောက်လေ့ရှိသည်။ ပိုးလောင်မီးပိုးသည် အပင်ငယ်စဉ် နှစ်ပတ်သားမှ စတင်ကျရောက်နိုင်သည်။ ထိထိရောက်ရောက် ကာကွယ်နှိမ်နင်းနိုင်ရန်မှာ အပင်ငယ်စဉ် ကာကွယ်နှိမ်နင်းမိစေရန် စီမံခြင်းဖြစ်သည်။ ပိုးလောင်မီးပိုး စတင်ကျပြီဆိုလျှင် ဆေးရွက်ကြီးမှုန့်(၂-၃)ပြည်ခန့် ကြဲပက်ပေးပါ။ နှစ်ကြိမ်ခန့်ပက်ပေးပါ၊ ပိုးကောင်အရေအတွက်ပိုများလာမည်ဆိုပါက ပင်လုံးပြန့် ပိုးသတ်ဆေးတစ်မျိုးမျိုးကို ပက်ဖျန်းကာကွယ် နှိမ်နင်းရန်လိုပါသည်။

စပါးတွင်ကျရောက်သော ပိုးတစ်မျိုးမှာ ရွက်လိပ်အိမ်ပိုးဖြစ်သည်။ စပါးပင် ပင်ပွားစုံချိန်မှစ၍ ကျရောက်တတ်ပါသည်။ စွတ်စိုထိုင်းမှိုင်းသော ပတ်ဝန်းကျင်ရာသီဥတုဆိုလျှင် ပို၍ကျရောက်ပါသည်။ ယခုနှစ်အထူးသတိပြုရန်ဖြစ်သည်။ ပိုးလောက်ကောင်သည် စပါးရွက်ကိုဖြတ်၍ အလျားလိုက်လိပ်ပြီး အိမ်ပြုလုပ်၍ အိမ်ထဲတွင် ခန္ဓာကိုယ်ထားပြီး ဦးခေါင်းလေးသာ အိမ်အပြင် ထုတ်ထားပါသည်။ အိမ်ကလေးဖြင့် စပါးရွက်အောက်မျက်နှာပြင်တွင် တွဲလောင်း ခို၍ စပါးရွက် အစိမ်းသားများကို ခြစ်ပြီး စားသောက်ပါသည်။ စပါးရွက်လိပ်အိမ်ပိုးသည် ရွက်လိပ်အိမ်များ အမြဲစိုစွတ်နေမှသာ အသက်ရှင်နေနိုင်သည်။

စပါးရွက်လိပ်အိမ်ပိုးကို ထိရောက်စွာ ကာကွယ်နှိမ်နင်းရန်မှာ ပင်ပွားစုံချိန်လက်ဦးမှုရှိအောင် ဆေးဖျန်းခြင်းပင်ဖြစ်ပါသည်။ ရွက်လိပ်အိမ်ပြုလုပ်ပြီးပါက ဆေးဖျန်းလျှင် ထိရောက်မှုလျော့နည်းပါသည်။ ဆေးကို ပင်လုံးဖြန့်ပိုးသတ်ဆေးကို အသုံးပြုသင့်သည်။ ရွက်လိပ်အိမ်များ ခြောက်သွားစေရန် စပါးခင်းအတွင်းမှ ရေကို (၂-၃) ရက် ကုန်စင်အောင်ထုတ်ပစ်ရန်လို အပ်ပါသည်။

စပါးကို ဒုက္ခပေးနိုင်သော နောက်ပိုးတစ်မျိုးမှာ ငမြှောင်တောင်ပိုးဖြစ်ပါသည်။ ပျိုးခင်း၊ စိုက်ခင်း၊ ကြဲခင်းမှ အပင်ကြီးထွားချိန်ထိ ကျရောက်လေ့ရှိပါသည်။ ပုံမှန်မဟုတ်သော ရာသီဥတုဖြစ်ပေါ်ချိန်တွင် ထူးကဲစွာ ကျရောက်တတ်ပါသည်။ ငမြှောင်တောင်ဥ စတင်တွေ့လျှင် ပင်လုံးဖြန့်ပိုးသတ်ဆေး တစ်မျိုးမျိုးဖြင့် ပက်ဖျန်းကာကွယ်နှိမ်နင်းရန်လိုပါသည်။ ငမြှောင်တောင်ကျရောက်ပြီဆိုပါက ကန်သင်း ခိုင်ခန့်အောင်ပြုလုပ်၍ ရေလျှောင်ထားရန်လိုပါသည်။

မိုးအုံ့ တိမ်ထူစွတ်စိုသော ရာသီဥတုတွင် စပါးသီးနှံကို ဖျက်ဆီးမည့် ပိုးတစ်ကောင်မှာ ကြက်သွန်မြိတ်ပိုးဖြစ်ပါသည်။ ကြက်သွန်မြိတ်ပိုးသည် စပါးပင်ငယ်စဉ် တစ်လသားအတွင်းကျရောက်လေ့ ရှိပါသည်။ မိုးစပါး၊နွေစပါးသီးထပ်စိုက်ပျိုးသော ဒေသများတွင် ပိုမိုကျရောက်လေ့ရှိပါသည်။ ရေကြီးနစ်မြုပ် ပြန်လည်စိုက်ပျိုးရသော စပါးခင်းများတွင်လည်း ကျရောက်တတ်ပါသည်။ ကြက်သွန်မြိတ်ပိုးဟာ မမြင်နိုင်ဘူး၊ မသိသာဘူး တောင်သူလယ်သမားကြီးများ လုံးဝမသိလိုက်ရဘဲ စပါးပင်အောက် စပါးပင်စည်ထဲဝင်ပြီး ဖျက်ဆီးခံရခြင်းဖြစ်ပါသည်။ ကြက်သွန်မြိတ်ပိုး ကျရောက်ပါက နောက်ဆုံးထွက်သော စပါးရွက်သည် ကြက်သွန်မြိတ်ကဲ့သို့ ထောင်နေပြီး အနှံလုံးဝထွက်လာခြင်း မရှိတော့ပါ။ ကြက်သွန်မြိတ်ပိုးကို ထိထိမိမိ ကာကွယ်နှိမ်နင်းမှု မပြုလုပ်လျှင် ဆုံးရှုံးမှု(၄၀-၆၀) ရာခိုင်နှုန်းထိရှိတာ ၁တွေ့ရှိရပါသည်။ ကြက်သွန်မြိတ်ပိုးကျရောက်ပြီးလျှင် ဆုံးရှုံးပြီးဖြစ်ပါသည်။ ကာကွယ်နှိမ်နင်း၍ မရနိုင်တော့ပါ။ အပင်နုချိန်တွင် ပင်လုံးဖြန့် ပိုးသတ်ဆေးတစ်မျိုးမျိုးဖြင့် လက်ဦးမှုရရှိအောင် ကြိုတင်ကာကွယ်နှိမ်နင်းထားရန် လိုအပ်ပါသည်။ ဆေးဖျန်းရာတွင် နံနက်စောစော ဆေးဖျန်းရန် လိုပါသည်။ ပိုတက်ရှ်မြေဩဇာ သုံးစွဲမှုကို လျှော့ချသင့်ပါသည်။

စပါးပင်ကို ဒုက္ခပေးမည့် ပိုးတစ်မျိုးမှာ နှံစုပ်ပိုးဖြစ်ပါသည်။ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း မိုးကောင်းသော နှစ်များတွင် ပိုမိုဆိုးရွားလေ့ရှိသည်။ စပါးဖုံးတုံးလုံးတုံးနေချိန်မှစ၍ စပါးခင်းအတွင်း ရှိနေပြီဖြစ်ပါသည်။ အနှံမထွက်သေးပါက အရွက်နုများကို စားသောက်ပါသည်။ စပါးနှံထွက်လာပါက စပါးခွံ နုနုများကိုဖောက်၍ အတွင်းဆန်သားနုကို စုပ်စားပါသည်။ နှံစုပ်ပိုး၏ စစ်ထုတ်ရည်ကြောင့် စပါးစေ့ပေါ်တွင် အညိုရောင်၊ အနက်စက်ရောင်များ စွန်းထင်းပြီး အနံ့ဆိုးလည်းထွက်လာပါသည်။ စပါးစေ့ ပျက်စီးစေပြီး ကျန်ရှိသော စပါးစေ့များကို အရောင်အသွေး ပျက်စေပါသည်။ စပါးမှုံကပ်ချိန်တွင် နံနက်စောစောနှင့် ညနေပိုင်းတို့တွင် ပင်လုံးပြန့် ပိုးသတ်ဆေးတစ်မျိုးမျိုးဖြင့် တစ်ပင်လုံးနှံ့အောင် ဖျန်းရန်လို အပ်ပါသည်။ ထိထိရောက်ရောက် မကာကွယ်နိုင်ပါက ၁၀-၄၀ ရာခိုင်နှုန်း ဆုံးရှုံးနိုင်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက် စက်သုံးဆီ သိုလှောင်/ဖြန့်ဖြူး ရောင်းချရေးလုပ်ငန်း

နိုင်ငံတစ်ကာအဆင့်မီ
စက်သုံးဆီများ
သိုလှောင်ဖြန့်ဖြူး
သယ်ပို့ဝန်ဆောင်မှု
အကောင်းဆုံးဖြင့်
ဆောင်ရွက်ပေးလျက်ရှိသည်

MMTM PETROL STATIONS

**Myat Myittar Mon Co.,Ltd.**

အရည်အသွေးပြည့်မီ၊
အချင်အတွယ်ပြည့်ဝ၊
အကောင်းဆုံး
ဝန်ဆောင်မှုနှင့်
ယုံကြည်စိတ်ချစွာ
သုံးစွဲနိုင်ပါသည်။











(ရုံးချုပ်)
အမှတ်(၃၂-A / D)၊၃၂ ရိပ်သာလမ်း၊(၆)မိုင်ခွဲ၊ပြည်လမ်း၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။
☎ :၀၁၅၀၇၀၅၆ 📱 :၀၉၇၈၅၀၀၉၇၆၄၊၀၉၅၀၁၀၀၄၄။

(ဆိပ်ကမ်းဒေသလိပ်စာ)
အမှတ်(၁၊၂)A၊သီလဝါဆိပ်ကမ်းဒေသ၊ကျောက်တန်းမြို့နယ်၊
ရန်ကုန်တောင်ပိုင်းခရိုင်။ 📱 :၀၉၅၁၉၃၈၆၅၊၀၉၇၉၀၆၄၂၁၇၀။

# ကုန်စည်ပြပွဲနှင့် ငွေလက်ငင်းပြေစာ (CASH MEMO)စာအုပ်

ညီညီအောင်

ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့ရာတွင် ယေဘုယျအားဖြင့် ကန့်သတ်ကုန်ပစ္စည်း(Limited Cargo)၊ တားမြစ်ကုန်ပစ္စည်း (Restricted Cargo)၊ ပိတ်ပင်ကုန်ပစ္စည်း( Prohibited Cargo)ဟူ၍ သုံးမျိုးရှိသည်။ကျောက်မျက်ရတနာကုန်ပစ္စည်းမှာ ပိတ်ပင်ကုန်ပစ္စည်းဖြစ်သည်။ တစ်ချိန်က မတ်ပဲ၊ ကျောက်မျက်နှင့်ရေနံတို့မှာ ပိတ်ပင်ကုန်ပစ္စည်းဖြစ်သဖြင့် ထုတ်ကုန်လိုင်စင်မပါဘဲ တင်ပို့ခွင့်မရှိပေ။ ပြည်ပခရီးသွားဧည့်သည်များက မြန်မာပြည်ထွက် ကျောက်မျက်ရတနာများ လက်ဆောင်အဖြစ် ဝယ်ယူပြီး အပြန်တွင် ယူဆောင်သွားလိုပါက အကောက်ခွန်ဦးစီးဌာန အသိအမှတ်ပြု ကျောက်မျက်အရောင်းဆိုင်များမှ ဝယ်ယူနိုင်သည်။အဆိုပါ ကျောက်မျက်ရတနာအရောင်းဆိုင်များတွင် ဝယ်ယူသည့်အခါ ထုတ်ပေးသော အရောင်းပြေစာ(Cash Memo)မှာသွင်းကုန်လိုင်စင်နှင့်ဂုဏ်သတ္တိခြင်းအတူတူဖြစ်သည်။ သို့အတွက် ပြည်ပကုန်စည် ပြပွဲများ၌ ပြပွဲကုန်ပစ္စည်းများရောင်းချလိုပါက(CASH MEMO) စာအုပ်ကိုအသုံးပြုရပေမည်။

**၆။ ပြည်ပတွင်ရောင်းချခြင်းအတွက် ငွေလက်ငင်းပြေစာ (CASH MEMO) အသုံးပြုခြင်း။**

(က) ရောင်းချရာတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့် အညီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ရတနာပစ္စည်းများ ရောင်းချခြင်းလုပ်ငန်း လိုင်စင်သတ်မှတ်ချက်နှင့်အညီစိစစ်ခွင့်ပြုထုတ်ပေးထားသည့်ငွေလက်ငင်းပြေစာ(CASH MEMO) ဖြင့်သာ ရောင်းချရမည်။

(ခ) အထွေထွေခွင့်ပြုမိန့် (Open General Licence) ရရှိထားသည့်ရတနာပစ္စည်းများကိုသာ ရောင်းချရမည်။

(ဂ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက အတည်ပြုသတ်မှတ်ပေးထားသည့် ဈေးနှုန်းထက်ပို၍ ရောင်းချရပါက အမှန်တကယ်ရောင်းချရသည့်တန်ဖိုးအရ ငွေလက်ငင်းပြေစာတွင် ရေးသားဖော်ပြရမည်။ အတည်ပြုရောင်းဈေးအောက် လျှော့၍ရောင်းချခြင်း မပြုရပါ။

(ဃ) ရောင်းချရာတွင် မိမိနိုင်ငံ၏ရှေးယခင်ကတည်းက ကျောက်မျက်ရတနာကောင်းများကို ကမ္ဘာတစ်ဝန်းသိရှိထားသော မြန်မာ့တွင်းထွက်ရတနာအစစ် (Myanmar Geneuine Stones) များကိုသာ ဦးစားပေးရောင်းချမည်။ မီးဖုတ်ပြုပြင်ထားသော ကျောက်မျက်ရတနာများကို ရောင်းချလိုပါက ပြုပြင်ထားကြောင်း ကြေညာအသိပေးပြီးမှရောင်းချရမည်။

(င) ပြည်ပတွင် ကျောက်မျက်ရတနာရောင်းချပြီး နိုင်ငံခြားငွေများကို မြန်မာနိုင်ငံသို့ ပြန်လည်သယ်ဆောင်လာရာတွင် အမေရိကန်ဒေါ်လာကိုသာ ယူဆောင်လာရမည်။

**၇။ ပြည်ပတွင်ရောင်းချခဲ့သည့် ရတနာပစ္စည်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်များ။**

(က) ပြည်ပတွင်ကျောက်မျက်ရတနာများရောင်းချရာတွင် ရရှိခဲ့သည့် နိုင်ငံခြားငွေအမေရိကန်ဒေါ်လာများကို သတ်မှတ်ချက်နှင့်အညီ လေဆိပ်၊ ဆိပ်ကမ်းသတ်မှတ်ထားသော နယ်စပ်ဝင်ပေါက်များတွင် ကြေညာရမည်။

(ခ) ပြည်ပတွင် ရောင်းချရာတွင်အသုံးပြုခဲ့သည့်ငွေလက်ငင်းပြေစာမိတ္တူ (CustomsCopy)များကို လေဆိပ်၊ ဆိပ်ကမ်းသတ်မှတ်ထားသာ ထွက်ပေါက်တွင်သက်ဆိုင်ရာ အကောက်ခွန်ဦးစီးဌာနတာဝန်ရှိသည့်အဖွဲ့သို့ စနစ်တကျ လွှဲပြောင်းရမည်။

(ဂ) သတ်မှတ်ထားသော ကာလအတွင်းပြည်ပမှပြန်လည်ရောက်ရှိပါက ပြည်ပတွင်ရောင်းချရရှိသည့် နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) အားလုံးကို ရတနာပစ္စည်းပိုင်ရှင်မှ သက်ဆိုင်ရာ ဘဏ်သို့ ပေးသွင်းရမည်။ ထိုသို့ပေးသွင်းရာ၌ပြပွဲတွင်အမှန်တကယ်ရောင်းချခဲ့သည့်တန်ဖိုး၏၁ရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းရန်နှင့် နိုင်ငံတော်သို့ တည်ဆဲဥပဒေအရ သတ်မှတ်အခွန်များ ပေးသွင်းရမည်။

(ဃ) မြန်မာကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ပြန်လည်တင်သွင်းလာသည့် မရောင်းချရသော ရတနာပစ္စည်းများအား သက်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်း၊ သတ်မှတ် နယ်စပ်ဝင်ထွက်ပေါက်အကောက်ခွန်ဌာနမှ ချိပ်ပိတ်ထားသည့်အတိုင်း အကောက်ခွန်အရာရှိနှင့်အတူ သက်ဆိုင်ရာ ရတနာပစ္စည်းပိုင်ရှင် (သို့မဟုတ်) ကိုယ်စားလှယ် ရှေ့မှောက်တွင်ပြန်လည်ဖွင့်ဖောက်စစ်ဆေးရမည်။ စစ်ဆေးရာတွင် မူလယူဆောင်သွားသောရတနာပစ္စည်းများစာရင်းနှင့် ပြန်လည်ယူဆောင်လာသော ရတနာပစ္စည်းများကို တိုက်ဆိုင်စစ်ဆေးရမည်။ ရောင်းချခဲ့သော ရတနာပစ္စည်းစာရင်းသည်တင်ပြသော အခွန်အခပေးဆောင်ပြီး ရတနာပစ္စည်းစာရင်းနှင့်ကိုက်ညီမှု ရှိ၊မရှိစစ်ဆေးရမည်။လိုအပ်ပါက မူလဓာတ်ပုံမှတ်တမ်းစီဒီ(CD)ဖြင့်တိုက်ဆိုင်စစ်ဆေးရမည်။ ရောင်းချခဲ့သည့်စာရင်းအရ အမှန်လက်ကျန်စာရင်းသည်လျော့နည်းနေပါက လျော့နည်းနေသော ရတနာပစ္စည်းအတွက် ကျသင့်သည့်အခွန် ထပ်မံပေး ဆောင်စေရေး ညှိနှိုင်းဆောင်ရွက်ရမည်။

**၈။ ပြည်ပတွင် မရောင်းရ၍ ပြန်လည်သယ်ယူလာသည့်ပစ္စည်းများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်များ။**

(က) သတ်မှတ်ကာလအတွင်း ပြည်ပတွင် မရောင်းချရသည့် ရတနာပစ္စည်းများကို မြန်မာနိုင်ငံသို့ ပြန်လည်ယူဆောင်လာရမည်။ ပြည်ပတွင် အပ်နှံထားခဲ့ခြင်း၊ လွှဲပြောင်းပေးခဲ့ခြင်းခွင့်မပြုပါ။

(ခ) မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိချိန်တွင် လေဆိပ်၊ ဆိပ်ကမ်း သတ်မှတ်နယ်စပ်ဝင်ထွက်ပေါက်ရှိ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသည့်အဖွဲ့နှင့်ဆက်သွယ်၍ ပြည်ပသို့ ယူဆောင်သွားခဲ့သည့် ရတနာပစ္စည်းစာရင်း၊ ပြန်လည်ယူဆောင်လာသည့် ရတနာပစ္စည်းစာရင်း၊ ရောင်းချခဲ့သည့် ငွေရပြေစာအထောက်အထားများနှင့်အတူ ရတနာပစ္စည်းလက်ကျန်များကို ပြသပြီး စစ်ဆေးခံရမည်။ စစ်ဆေးခံရာတွင် အကောက်ခွန်ဦးစီးဌာနအတွက် ငွေလက်ငင်းပြေစာမိတ္တူတစ်စောင်ကို အကောက်ခွန်ဦးစီးဌာန တာဝန်ရှိသည့်အဖွဲ့သို့ ပေးအပ်ရမည်။ ပြန်လည်သယ်ယူလာသော ရတနာပစ္စည်းများကို အကောက်ခွန်ဦးစီးဌာနက ယာယီချိပ်ပိတ်ပေးရမည်။

(ဂ) ပြည်ပမှ ပြန်လည်ရောက်ရှိပြီး ရောင်းချခဲ့သောရတနာပစ္စည်းများနှင့်ပတ်သက်၍ စာပိုဒ်(၇) စာပိုဒ်ခွဲ(ဂ) ပါအတိုင်း သက်ဆိုင်ရာဘဏ်သို့ အခွန်အခများ ပေးသွင်းပြီးပါက အထောက်အထားများနှင့်အတူ ရတနာပစ္စည်းပိုင်ရှင် (သို့မဟုတ်) ကိုယ်စားလှယ်မှ ပြန်လည်တင်သွင်းလာသည့် ရတနာပစ္စည်းများကို လေဆိပ်၊ ဆိပ်ကမ်းနှင့်သတ်မှတ်နယ် စပ်ဝင်ထွက်ပေါက် အကောက်ခွန်ဦးစီးဌာနက ယာယီချိပ်ပိတ်ထားသည့်အတိုင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ အကောက်ခွန်အရာရှိ ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခံရမည်။

(ဃ) ထိုသို့ဖွင့်ဖောက်စစ်ဆေးရာတွင်စာပိုဒ်(၇)စာပိုဒ်ခွဲ(ဃ)ပါအတိုင်း စစ်ဆေးဆောင်ရွက်ရမည်။

(င) ပြည်ပထုတ်ဆောင်သွားသည့် ရတနာပစ္စည်းများနှင့်ပတ်သက်၍ သွားရောက်ခဲ့သော ရတနာဆိုင်လုပ်ငန်းရှင်များအားလုံး ပြည်ပမှ ပြန်လည်ရောက်ရှိ စစ်ဆေးခံပြီးလျှင် သက်ဆိုင်ရာ ပြည်ပပြပွဲတွင် ရောင်းချရရှိမှုအခြေအနေကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးဌာနမှ ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြ အစီရင်ခံရမည်။

**၉။ ကြီးကြပ်ကွပ်ကဲမှု**

(က) ပြည်ပသို့ထွက်ခွာရောင်းချရန် ဦးစီးဆောင်ရွက်သည့်သက်ဆိုင်ရာဝန်ကြီးဌာန(သို့မဟုတ်)မြန်မာနိုင်ငံကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်းက ပြည်ပထွက်ခွာသည့် ပုဂ္ဂလိကရတနာဆိုင်၊ ကုမ္ပဏီ/အသင်း တစ်ခုထက်ပိုပါက ပြည်ပထွက်ခွာ ကွပ်ကဲကြီးကြပ်ရန် တာဝန်ခံအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) ပြည်ပသို့ထွက်ခွာရာတွင် တာဝန်ခံကြီးကြပ်သူများသည် မိမိတို့ကွပ်ကဲမှုအောက်ရှိပုဂ္ဂလိကတစ်ဦးချင်း၊ တစ်ဖွဲ့ချင်း အနေဖြင့် ပြည်ပတွင် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ မှန်မှန်ကန်ကန် ရောင်းချရေး၊ မရောင်းချရသည့် ရတနာပစ္စည်းများနှင့်ရောင်းချ၍ရရှိသောနိုင်ငံခြားငွေများကို မိမိနိုင်ငံသို့စနစ်တကျ ပြည့်ပြည့်စုံစုံ ပြန်လည်ယူဆောင်လာရေး ၊လေဆိပ်၊ဆိပ်ကမ်း သတ်မှတ်နယ်စပ် ဝင်ထွက်ပေါက်များတွင်လုပ်ဆောင်ရန်များကို ရတနာကုန်သည်များက လိုက်နာဆောင်ရွက်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသည့်လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး ကြီးကြပ်ရမည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ထုတ်ပေးသောငွေလက်ငင်းပြေစာ(CASH MEMO)သည်ထုတ်ကုန်ပါမစ် (Export Permit)နှင့် ညီမျှပေသည်။မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသားများ ဗိုလ်ချုပ်အောင်ဆန်းဈေးတွင် ကျောက်မျက်၊ ကျောက်စိမ်းလက်ဝတ်ရတနာများလက်ဆောင်ပေးရန် ဝယ်လေ့ရှိကြသည်။ ကျောက်မျက်ရတနာများကိုလည်း နိုင်ငံတော်ကExportလုပ်ခွင့်ပိတ်ထားလေသည်။ သို့အတွက် လေဆိပ်အကောက်ခွန်ကစစ်လျှင် ပြသနိုင်ရန်အတွက် CASH MEMO အရောင်းပြေစာ သုံးစောင်ကို တောင်းခံရပေသည်။

ဒုတိယတစ်ရွက် အစိမ်းရောင်ကိုမူ ရန်ကုန်လေဆိပ်အဝင်အကောက်ခွန်(ENTRY POINT)ထံတွင်အပ်နှံခဲ့ရပြီး ပန်းရောင်ကိုမူ ပစ္စည်းပိုင်ရှင်က သိမ်းဆည်းထားရပေသည်။ သို့ဖြစ်၍ CASH-MEMO အရောင်းပြေစာသည် ကျောက်မျက်လက်ဝတ်ရတနာများကို ပုံမှန်လမ်းကြောင်းဖြင့် ပြည်ပသို့ ယူဆောင်သွားရာတွင် Export Permit အဖြစ် အသုံးပြုပြီး ကုန်စည်ပြပွဲကိစ္စနှင့် ပြည်ပသို့သွားရောက် ရောင်းချလျှင် အရောင်းပြေစာအဖြစ် အသုံးပြုသည်။ သို့သော် ပြေစာဖြတ်၍ရောင်းချပြီးပါက ပြန်လည်အပ်နှံ (Cancellation)၍မရပေ။ ကုန်စည်ပြပွဲတွင်OGL လိုင်စင်တွင် ဖော်ပြထားသော ရတနာတို့ကိုသာ ရောင်းချခွင့်ရှိပါသည်။

ကုန်စည်ပြပွဲကျင်းပသည့်နိုင်ငံရှိ အသိမိတ်ဆွေများ၏ လာရောက်ပူးတွဲရောင်းချသော OGLထဲတွင်မပါဝင်သော ကျောက်မျက်လက်ဝတ်ရတနာများကို ခင်းကျင်းရောင်းချခွင့်မပြုပါ။ ကျောက်မျက်ရတနာဈေးနှုန်းသည် စိတ်ဝင်စားစရာ ကောင်းသည်။ ကျောက်မျက်ရတနာ ရာဖြတ်အဖွဲ့က မည်မျှပင်တန်ဖိုးဖြတ်စေကာမူ အမှန်တကယ်လာဝယ်သည့်အခါရောင်းရသည့်ဈေးနှုန်းမှာ စာရွက်ပေါ်က ဈေးနှုန်းမဟုတ်ပေ။ကုန်သွယ်မှုပရိယာယ်အရ ရောင်းချကြရသော နှုတ်ဈေး(ဝါ)ပါးစပ်ဈေး(Asking Price)များသာဖြစ်သည်။သို့အတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ လုပ်ထုံးလုပ်နည်း(၆)(ဂ)တွင် အတည်ပြု သတ်မှတ်ပေးထားသည့်ဈေးနှုန်းထက်ပို၍ရောင်းချရပါက အမှန်တကယ်ရောင်းချရသည့်တန်ဖိုးအရ ငွေလက်ငင်းပြေစာတွင်ရေးသားဖော်ပြရမည်။ အတည်ပြုရောင်းဈေးအောက်လျှော့၍ ရောင်းချခြင်းမပြုရပါဟူ၍ ပြဌာန်းထားခြင်းဖြစ်သည်။

စာပိုဒ်(၆) (ဃ)တွင် ထုတ်ပြန်ထားသော စည်းကမ်းချက်မှာ အလွန်အရေးပါလှသည်။ မြန်မာနိုင်ငံကို ကမ္ဘာက သိထားသည်မှာ အရည်အသွေးကောင်းမွန်သော ကျောက်မျက်ရတနာများ ထွက်သည်ဟု သိထားကြသည်။တချို့က ကျောက်သားမြင့်စိမ်းရေလက်စွပ်၊ အနာကင်းအဆံရှင်း အသားဆန်းကာလာစွဲ၊ရေမဆေးခေါင်ကျောက်စသဖြင့် ပြောဆိုရောင်းကြသော်လည်း ရောင်းပြီး နေ့မကူးခင် ပြပွဲကြီးကြပ်ရေးကော်မတီက ဆေးထိုးကျောက်ဟုဆိုကာ ဆိုင်ရှင်အားခေါ်၍ ရှင်းကြသည်လည်းရှိသည်။ပြပွဲလာသူ ဝယ်ယူသူကို ပိုက်ဆံပြန်အမ်းနိုင်သော်လည်း နိုင်ငံတော်၏သိက္ခာ (Image) ကျဆင်းသွားမည်မှာ သေချာပေသည်။ သို့အတွက် အရည်အသွေး ကောင်းမွန်သော ကျောက်မျက်ရတနာများဖြစ်ဖို့လိုသည်။

စာပိုဒ်(၇)(ဃ)တွင် ကုန်စည်ပြပွဲ အပြန်ခရီးတွင် ချိပ်အိတ်ပြန်ဖောက်သည့်အခါ မရောင်းဖြစ်၍ ပြန်ပါလာသော ကျောက်မျက်လက်ဝတ်ရတနာများကို ယူဆောင်သွားစဉ်က ရိုက်ကူးထားသော CD ပါဓာတ်ပုံများနှင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးပြီးမှ ပိုင်ရှင်ကို ထုတ်ပေးရပါသည်။ လက်ကျန်အရေအတွက် ကိုက်ညီမှန်ကန်သော်လည်းအရည်အသွေးညံ့သော ကျောက်မျက်ရတနာများအား အစားထိုး လဲလှယ်ခြင်းများ မပြုလုပ်နိုင်ရန် ဖြစ်သည်။ သို့မှသာ နိုင်ငံတော်အခွန်အပြည့်အဝရရှိမည်ဖြစ်သည်။

**စာမျက်နှာ - ၂၄ သို့**

# အရက်ကပေးသော ပြဿနာများကြောင့် လူ့စွမ်းအားအရင်းအမြစ်များ မဆုံးရှုံးစေချင်

ကြည်နိုင်ဦး(အင်းတော်)

မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် အရက်မျိုးစုံအလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ နိုင်ငံခြားအရက်၊ ပြည်တွင်းစက်ရုံထုတ်ချက်အရက်၊ ရိုးရာချက် အရက်မျိုးစုံတို့ဖြစ်သည်။ မြန်မာနိုင်ငံတွင် အရက်သောက်သုံးမှုမှာ ၂၀၁၀ ခုနှစ်နောက်ပိုင်း အဆမတန် များပြားလာသည်။ အရက်ဆိုင်များနှင့် ဘီယာဆိုင်များ အလွန်ပေါများလာသည်ကို ကြည့်ပါက သိနိုင်ပါသည်။ အရက်သောက်သုံးမှုကြောင့် ယာဉ်တိုက်မှုများဖြစ်နေကြသည်ဟုသိရသည်။ အရက်စွဲဝေဒနာစွဲကပ်ပါက ဖြတ်ရ အလွန်ခက်ပြီး အလုပ်အကိုင်ဆုံးရှုံးကြရသည်။ ရှေးလူကြီးများက အရက်ကို သေရည်ဟုခေါ်ကြသည်။ ယခုအခါ ယမကာဟု အမည်တပ်ကာ သောက်သုံးနေကြသည်။

အရက်၏အယ်လ်ကိုဟောဓာတုဗေဒဖော်မြူလာမှာ $C_2H_5OH$ ဖြစ်သည့်အတွက် အီသနောဖြစ်သည်။ အီတိုင်းနှင့် အယ်လ်ကိုဟောဓာတ်ပြုထားသည့်အက်စစ်တစ်မျိုးဖြစ်သည်။ လွန်လွန်ကြူးကြူးသောက်သုံးပါက ကိုယ်တွင်းအင်္ဂါများ ပျက်စီးခြင်း၊ လူကိုသေစေခြင်းဖြစ်စေသည်။ အရက်တစ်လီတာတွင် အယ်လ်ကိုဟော ပြင်းအား ၄၀ ရာခိုင်နှုန်းသတ်မှတ်သောက်သုံးကြသည်ကိုတွေ့ရသည်။ အယ်လ်ကိုဟော ၄၀ ရာခိုင်နှုန်းသည် မီးတောက်သည့်အတွက် မီးတောက်အရက်ဟု ခေါ်ကြသည်။ နိုင်ငံခြားဖြစ်အရက်များ ပြည်တွင်းစက်ရုံထုတ်အရက်များသည် စနစ်တကျ ထည့်သွင်းထုပ်ပိုးရောင်းချကြပြီး ကုန်အညွှန်းအမှတ်အသားတွင် အယ်လ်ကိုဟောပါဝင်မှုကိုဖော်ပြထားသည်။ ရိုးရာချက်အရက်၊ တောချက်အရက်များသည် စနစ်တကျ ထည့်သွင်း ထုပ်ပိုးရောင်းချမှုမရှိခြင်း ကုန်အမှတ်တံဆိပ်တွင်အယ်လ်ကိုဟောပါဝင်မှုရာခိုင်နှုန်းဖော်ပြမထားခြင်း၊ တစ်ခါသုံးရေသန့်ဘူးခွံများကို ထပ်ခါထပ်ခါ သုံးခြင်းဖြင့် သောက်သုံးကြသည်။

ပြည်တွင်းအရက်ချက်လုပ်ငန်းများကို တရားဝင်လုပ်ငန်းလိုင်စင်ထုတ်ပေးပါသည်။ အဆိုပါလုပ်ငန်းလိုင်စင်တွင် ဓာတုဗေဒစစ်ဆေးချက်များပါဝင်ပြီး အယ်လ်ကိုဟောပါဝင်မှု ၂၅ ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းအထိ ခွင့်ပြုပေးထားသည်။စားသုံးသူများ၏တောင်းဆိုမှုကြောင့် ချက်အရက်ဖိုလုပ်ငန်းများသည် ခွင့်ပြုသတ်မှတ်ပြင်းအားထက်ကျော်လွန်ပြီး ၄၀ ရာခိုင်နှုန်းအထိ ထည့်သွင်းရောင်းချပေးရကြောင်း လုပ်ငန်းရှင်တစ်ဦးထံက သိရသည်။ စားသုံးသူများတောင်းဆိုသော်လည်း လုပ်ငန်းရှင်အနေဖြင့် ခွင့်ပြုသတ်မှတ်ထားသော ပြင်းအား ရာခိုင်နှုန်းအတွင်းရောင်းချခြင်းဖြင့် ဥပဒေကိုလေးစားလိုက်နာရမည်ဖြစ်သည်။ ဘေးအန္တရာယ်ရှိသူမှာ စားသုံးသူဖြစ်သည်ကိုသိရှိရမည်။ ခွင့်ပြုချက်လုပ်ငန်းလိုင်စင်ထုတ်ပေးသောဌာနအနေဖြင့် ညွှန်ကြားချက် အတိုင်းလိုက်နာမှုရှိမရှိ၊ တရားဝင်ခွင့်ပြု တဆေး ( ကဇော်ဖောက်ဆေး)သုံးစွဲမှုရှိမရှိ စားသုံးသူရေးရာဦးစီး ဌာနမှညွှန်ကြားချက်များလိုက်နာမှု ရှိ မရှိစဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သင့်ပါသည်။

အရက်သည် စွဲလမ်းမှုကိုဖြစ်စေပြီး မနက်၊ နေ့လယ်၊ ညနေသောက်သုံးနေသူသည်အရက်အလွန်စွဲလမ်းနေသူဖြစ်သည်။ စွဲစွဲလမ်းလမ်းနှင့်ရေရှည်သောက်သုံးပါက အီသနောဓာတ်များကြောင့် ခံတွင်းကင်ဆာ၊ လျှာကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အသည်းကင်ဆာစသည့် ရောဂါများဖြစ်စေနိုင်သည်။ အရက်သောက်သုံးခြင်းကြောင့် အသည်းခြောက်ပြီး အသည်းကင်ဆာဖြစ်သည်ဟု လူသိများသော်လည်း ကိုယ်တွင်းအခြားအင်္ဂါအစိတ်အပိုင်းများတွင်လည်း ကင်ဆာရောဂါဖြစ်စေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းများ၏ စာတမ်းများတွင် ဖော်ပြထားသည်။ လူမှုကွန်ရက် မီဒီယာများ၊ TV ကြော်ငြာများတွင် အသည်းရောဂါပျောက်ဆေးနှင့် အရက်သောက်ပြခြင်း အရက်ပုလင်း၊ အရက်ခွက်များနှင့် ကြော်ငြာနေသည်ကိုတွေ့ရသည်မှာ လုံးဝမဖြစ်သင့်သော ကြော်ငြာများဖြစ်သည်။

အရက်ရေရှည်သောက်သုံးခြင်းကြောင့် အရက်စွဲလမ်းသည့်ဝေဒနာခံစားရမည်။ မိသားစုပြဿနာ၊လူမှုရေးပြဿနာ၊ကျန်းမာရေးပြဿနာ၊ စီးပွားရေးပြဿနာ၊ ပြဿနာပေါင်းများစွာ ကြုံကြရသည်။ စွဲလမ်းပြီဆိုပါက အလွန်ဖြတ်ရခက်ခဲသည်ကိုတွေ့ရသည်။ အရက်စွဲလမ်းသူ အရက်မသောက်ဘဲ ရှစ်နာရီကြာနေပါက ခြေလက်များတုန်ယင်လာမည်၊ ပျော့ခွေပြီး ရင်တုန်လာမည်၊ လူခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်လာမည်။ သည်ဝေဒနာများ ခံစားလာရပါက အရက်တစ်ခွက်သောက်လိုက်ရင် ဖြစ်နေသောဝေဒနာပျောက်ကင်းသွားသည်။ ထို့ကြောင့်ဖြတ်မယ်လုပ်လိုက်သောက်လိုက်နှင့်စွဲလမ်းသည့်ဝေဒနာခံစားနေကြရသည်။

အရက်လုံးဝဖြတ်တော့မည်ဆိုပါက အထက်မှာ တင်ပြခဲ့သည့်အတိုင်း ရှစ်နာရီကျော်ရင် ဝေဒနာခံစားရသည့်လက္ခဏာပြလာသည်။ သည်ဝေဒနာများခံစားရင်း အရက်မသောက်ဘဲ နှစ်ရက်မြောက်နေ့တွင် ဇောချွေးများပြန်လာခြင်း၊ သွေးတိုးလာခြင်း၊ အသက်ရှူမဝခြင်း၊ တုတ်ယင်နေခြင်းများ ဆက်တိုက်ခံစားရမည်ဖြစ်သည်။ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ဇွဲကောင်းကောင်းနှင့် အရက်မသောက်ဘဲ ဖြတ်ပါက လေးရက်ငါးရက်မြောက်နေ့တွင် ဝေဒနာများတဖြည်းဖြည်းသက်သာ ပျောက်ကင်းသွားပါသည်။ ယခုတင်ပြမှုသည် တုံးတိဖြတ်သောသူများဖြစ်သည်။ အများအားဖြင့်လူအသိမခံချင်၍တုံးတိဖြတ်ကြသည်ကများသည်။ အရက်ပြတ်ရန်အတွက် အင်တာပြူဆေးကို ဆရာဝန်ညွှန်ကြားချက်မပါဘဲ သောက်သုံးမိ၍ ဘဝနိဂုံးချုပ်ကြသူများရှိကြသည်။ အရက်ဖြတ်ရန် အကောင်းဆုံးနည်းမှာ ဖြည်းဖြည်းလျှော့သောက်ပြီး ဆရာဝန်ညွှန်ကြားချက်အတိုင်း ဆေးဝါးအကူအညီဖြင့် စနစ်တကျဖြတ်သင့်ပါသည်။

အရက်ကိုနေရာတိုင်းမှာ ရနိုင်သည်။ အရက်စွဲလမ်းသည့်ဝေဒနာသည်များကို နေရာတိုင်းမှာ တွေ့နေရသည်။ အရက်ကြောင့်ဖြစ်တဲ့ ပြဿနာပေါင်းများစွာကို နေရာတိုင်းမှာကြားနေရသည်။ လူ့စွမ်းအားအရင်းမြစ်များကို မူးယစ်ဆေးဝါး(ဘိန်း၊ ဖိုး ၊ ဆေးပြား ၊ ဆေးခြောက်)များက တစ်ဖက်က ဝါးမြိုနေပြီး အရက်အမျိုးမျိုးက နောက်တစ်ဖက်မှဝါးမြိုနေသည်။ ကျန်းမာသန်စွမ်းသောလူ့စွမ်းအားအရင်းမြစ်များ တဖြည်းဖြည်းဝါးမြိုခံနေရသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အလေးထားဆောင်ရွက်နေသော်လည်း အရက်သောက် သုံးမှုလျှော့ချရေး ဆောင်ရွက်မှုမရှိသည်ကို တွေ့ရသည်။ အနာဂတ်လူငယ်လူရွယ်များအတွက် အလွန်ရင်လေးစရာကောင်းလှသည်။ အရက်သောက်သုံးမှုလျှော့ချရေးအတွက် မဖြစ်မနေဆောင်ရွက်သင့်နေသောအချိန်အခါဖြစ်သည။ အရက်လိုင်စင်များ စိစစ်လျှော့ချခြင်း၊ အရက်ကြော်ငြာများတားမြစ်ခြင်း၊ အရက်ချက် ထုတ်လုပ်ရောင်းချမည်ဆိုပါက ဘေးထွက်ဆိုးကျိုးနည်းသည့် ကဇော်ဆေးများ သုံးစေခြင်း၊ ခွင့်ပြုထားသောကုန်ကြမ်းများကိုသာ သုံးစေခြင်း၊ အသက်မပြည့်လူငယ်များအရက်ဝယ်ယူမှုတားမြစ်ခြင်း၊ ပြည်ပအရက်တင်သွင်းခွန်များတိုးမြှင့်ကောက်ခံခြင်းဖြင့် ထိန်းချုပ်သင့်ပါသည်။

အခြေခံလူတန်းစားများသောက်သုံးမှုများသော အရက်မှာ တန်ဖိုးနည်း ပြည်တွင်းဖြစ်အရက်များဖြစ်သည်။ နိုင်ငံခြားဖြစ်အရက်များမှာ တန်ဖိုးကြီးမားသဖြင့် သောက်သုံးမှုအနည်းငယ်သာရှိသည်။ အရက်စွဲ ဝေဒနာခံစားနေရသူများမှာလည်း ပြည်တွင်းဖြစ်စက်ရုံထုတ်အရက်ရိုးရာချက် အရက်သောက်သုံးမှုကြောင့် ဖြစ်နေသည်ကို ပတ်ဝန်းကျင်တွင်တွေ့နေရသည်။ ကျန်းမာလျက်ရှိသောအသက်ရှစ်ဆယ်ကျော် အဘိုးတစ်ယောက်ပြောရာမှာ ငယ်စဉ်ကသူတို့ရွာတွင် ရိုးရာအရက်ချက်ကြသည်။ ရိုးရာအရက်ချက်မည်ဆိုပါက ဆန် သို့မဟုတ် ဆန်ကွဲကို ရေသန့်စင်အောင်ဆေးပြီး သုံးနာရီခန့် စိမ်ထားရသည်။ ရေစိမ်ပြီး ဆန်၊ဆန်ကွဲကို ပေါင်းပြီး တစ်နာရီကျော်အအေးခံ ဖြန့်ထားရသည်။

ပေါင်းထမင်းများကိုတဆေး ထည့်ပြီး နှံ့အောင်မွှေရသည်။ ထိုနောက်စဉ့်အိုးထဲထည့်ကာ အပေါ်မှ တဆေးဖြူးပြီး အဖုံးလုံအောင်ပိတ်ကာ သုံးရက်ခန့်နှပ်ထားရသည်။ တဆေးကို ဆန်မုန့် ၊ အုန်းမြစ်၊ ထန်းမြစ်၊သက္ကယ်မြစ်၊ ကဇော့မြစ်၊ခရမ်းရွက်၊ ပိတ်ချင်းရွက်၊ ငရုတ်သီး၊ ငရုတ်ကောင်း၊ စမုန်မျိုးငါးပါး စသည့် အပူဓာတ်၊ အခါးဓာတ်ပါသော သစ်မြစ်၊သစ်ရွက်များဖြင့်ဖော်စပ်ကြသည်။ ယခုခေတ်တွင် သောက်သုံးမှုများပြားသည့်အတွက် တဆေးကို အသင့်လုပ်ထားသည့် တရုတ်ဆေးမုန့်၊ဆေးပြားများသုံးသည့်အတွက် ဘေးထွက်ဆိုးကျိုး အလွန်များသည်ဟုပြောသည်။ စဉ့်အိုးနှင့်နှပ်ထားသော ကဇော်များကို အရည်စစ်ယူပြီးသဘော်ာရွက်ဖြင့် ပွတ်ထားသောပေါင်းအိုးထဲထည့်ကာ အရက်ချက်ယူကြသည်။ ကဇော်ဖတ်များကို ဝက်စာအဖြစ်သုံးကြသည်။ ထိုစဉ်အခါကအရက်ကြောင့် ရောဂါဖြစ်ပွားမှုနည်းပြီး သက်တမ်းစေ့နေကြရသည်။ ယခုခေတ်အရက်များမှာ စွဲလမ်းစွာ သောက်သုံးပါက မအိုဆေးဟုဆိုသည့်အတိုင်း သက်တမ်းစေ့မနေရဘဲ ဘဝနိဂုံးချုပ်နေကြသည်ဟုပြောသည်။

အရက်သောက်သုံးမှုသည်လူမှုအသိုင်းအဝိုင်းတွင်ယဉ်ကျေးမှုတစ်ရပ်လို အစဉ်တစိုက် ထွန်းကားလာပြီး သောက်တတ်လျှင်ဆေး မသောက်တတ်လျှင် ဘေးဖြစ်သည်ဟုပြောကြသည်။သာရေး ၊နာရေး၊ ဘာသာရေး ပွဲလမ်းသဘင်များတွင် အရက်မပါလျှင်မပြီးသည်အထိ နေရာယူထားသည်။ တချို့က ဆေးဖြစ်ဝါးဖြစ် သောက်ကြသည်ဟုသိရသည်။ ယခုဈေးကွက်ထဲရှိသော အရက်အများစုသည် ကုန်အညွှန်းအမှတ်အသားဖြင့် ဘေးထွက်ဆိုးကျိုး မည်မျှဖြစ်နိုင်သည်၊ မည်သို့သောက်သုံးသင့်သည်၊ မည်သည့် ကုန်ကြမ်းပစ္စည်းများ ပါဝင်သည်၊ မည်သည့်တဆေး(ကဇော်ဆေး)ဖြင့်သုံးစွဲထားသည်။ စသည်ဖြင့်တာဝန်ယူတာဝန်ခံဖော်ပြထားခြင်းမရှိသောကြောင့်ဘေးအန္တရာယ်ရှိသော စားသောက်ကုန်ပစ္စည်းအဖြစ် သတ်မှတ်ရမည်ဖြစ်သည်။ အရှိန်အဟုန်ဖြင့် သောက်သုံးနေကြသောအရက်ကို တားမြစ်ရန်ခဲယဉ်းသည့်အတွက် ဈေးကွက်တွင်ရှိနေသော နိုင်ငံခြားဖြစ်အရက်များ၊ ပြည်တွင်းစက်ရုံထုတ်အရက်များ၊ ရိုးရာချက်အရက်များကို ဘေးထွက်ဆိုးကျိုးနည်းစေသည့် အရက်ချက်နည်းများအသုံးပြုစေခြင်း၊ ကုန်အညွှန်းအမှတ်အသားများကို ဥပဒေနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချစေခြင်းဖြင့် အထူးစိစစ်ကြပ်မတ်သင့်နေပြီဖြစ်ကြောင်း တင်ပြလိုက်ပါသည်။



# ဘုရင့်နောင်ပွဲရုံအတွင်း အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာသော်လည်း မူလအခြေအနေအထိ မရောက်ရှိသေး

ရန်ကုန်မြို့ရှိ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ကုန်စည်ရောင်းဝယ်မှုများ ပြန်လည်ကောင်းမွန်လာသော်လည်း မူလအခြေအနေမျိုးအထိ မရောက်ရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။

အဆိုပါ ကုန်စည်ဒိုင်သည် သက်ဆိုင်ရာ ကိုဗစ်ကော်မတီ၏စစ်ဆေးမှုများ ခံယူ၍ ကျန်းမာရေးနှင့်အညီ တရားဝင်ပြန်လည်ဖွင့်လှစ်ခွင့်ရခဲ့ပြီး နောက်ပိုင်း ထိုက်သင့်သလောက် အရောင်းအဝယ်ဖြစ်သော်လည်း နဂိုပုံမှန်အနေအထားမျိုးကိုတော့ မရောက်ရှိသေးကြောင်း ယင်းကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးခင်ဟန်က ဩဂုတ် ၆ ရက်တွင် ပြောသည်။

"နဂိုအခြေအနေနီးပါးလောက် ဝန်ထမ်းတွေကလည်း ပြန်လုပ်ပြီ။ လာပြီး ရောင်းဝယ်တဲ့သူက Social Distancing အရ ခြောက်ပေလောက် ခြားရတဲ့အတွက် လူကတော့ နည်းနည်း နည်းသွားတယ်။ အရင်က ကုန်စည်ဒိုင်ထဲမှာ အရောင်းအဝယ်လုပ်တာ တစ်ရက်ကို လူ ၂၀၀၊ ၃၀၀ လောက်ရှိတယ်။ အခုကတော့ ၄၀၊ ၅၀ လောက်ပဲရှိတယ်။ လက်ရှိမှာ အရင်အခြေအနေမျိုးအထိတော့ အရောင်းအဝယ်တွေက ပြန်မဖြစ်သေးဘူး" ဟု ၎င်းက ပြောသည်။

လက်ရှိကာလတွင် တစ်ရက်လျှင် ကုန်တင်ယာဉ် အစီးရေ ၁၂၀၀ နှင့် ၁၃၀၀ ကြား ဝင်ရောက်နေပြီး ယခင်က ဝင်ရောက်မှုများခဲ့သော ကြက်သွန်ကားများမှာ ယခုတစ်ရက် ပျမ်းမျှ အစီး ၂၀ ခန့်သာ ဝင်ရောက်ခဲ့ခြင်းကြောင့် ကြက်သွန်ဈေးအလွန်အမင်း ကျဆင်းသော အခြေအနေမျိုးရှိခဲ့ပြီး လက်ရှိတွင် ဈေးအနည်းငယ် ပြန်လည်ရလာခဲ့ကြောင်း ၎င်းက ပြောသည်။

"ကြက်သွန်အရောင်းအဝယ်က အခုတော့ အရှိန်နည်းနည်း ပြန်ရလာပြီလို့ ဆိုရမယ်။ လက်ရှိဒိုင်ရဲ့အရောင်းအဝယ် ပုံစံက သကြၤန်ပြီးလို့ စဖွင့်ကတည်းက ကိုဗစ်ဖြစ်တဲ့အတွက် ကုန်စည်ဒိုင်မှာ ပွဲစား ငါးဦးထားတယ်။ ကျန်တဲ့ကုမ္ပဏီတွေ၊လုပ်ငန်းတွေက Viber, WeChat, Group Chat တွေနဲ့ အရောင်းအဝယ်လုပ်တယ်။ အရင်က ကုန်စည်ဒိုင်မှာ ၁၀ ရာခိုင်နှုန်း Deposit ထားတဲ့ဟာ ပြန်ရှင်းချင်ရင် ဝယ်တဲ့သူလာ၊ ရောင်းတဲ့သူလာ တစ်ယောက်စီပဲလာပြီး စာရင်းရှင်းတယ်။ အခုလို COVID နဲ့ ပတ်သက်ပြီး ဖြေလျှော့လာတာနဲ့အမျှ ပြီးခဲ့တဲ့ လလောက်ကတည်းက ပေးဝင်လိုက်တယ်။ အထဲမှာ လာတဲ့သူနဲ့ အရောင်းအဝယ် လုပ်တယ်" ဟု ၎င်းက ပြောသည်။

ဆက်လက်၍လည်း အိမ်နီးချင်းနိုင်ငံများ၏ ဝယ်လိုအား အခြေအနေများအပေါ် မူတည်ကာ ဈေးကွက်အတွင်း အရောင်းအဝယ် လိုက်ပါပြောင်းလဲနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

"လာမယ့်ကာလကို သုံးသပ်ရရင် ဥပမာဆိုရရင် ဩဂုတ်လအထိပဲ အိန္ဒိယက ပဲကို လက်ခံတယ်။ အဲဒီကြားမှာ ရောက်အောင်တင်နေရတယ်။ ရာသီဥတုတွေကြောင့် တရုတ်မှာလည်း ရေကြီး၊ မြေပြိုတာ ဖြစ်နေတယ်။ အမေရိကန်မှာ မုန်တိုင်းဝင်နေတယ်။ အိန္ဒိယမှာလည်း COVID တအားဖြစ်နေတယ်။ ဒါကြောင့် ရောင်းမကောင်းတာတွေ လားပေါ့။ သူတို့ ဝယ်လိုအားရှိလာရင်တော့ အရောင်းအဝယ် ကောင်းလာနိုင်မယ်။ ဒီလိုမှ မဟုတ်ရင် လာမယ့်ပွင့်လင်းရာသီလည်း အရောင်းအဝယ်ကျသွားနိုင်တယ်" ဟု ဦးခင်ဟန်က သုံးသပ်ပြောဆိုသည်။

ဘုရင့်နောင်ပွဲရုံတန်းတွင် ဆန်ပွဲရုံ ၂၀၀ ကျော်၊ ငါးခြောက်ပွဲ ရုံ ၁၅၀ ကျော်၊ ငရုတ်၊ ကြက်သွန်၊ ဆားနှင့် ပတ်သက်သည့် ပွဲရုံ ၄၀၀ ကျော် အပြင် ပွဲရုံလုပ်ငန်းများနှင့်ချိတ်ဆက်၍ ငွေကြေးဆောင်ရွက်နေသည့် ဘဏ်လုပ်ငန်းပေါင်း ၂၀ကျော်ရှိကာ ယင်းကုန်စည်ဒိုင်သည် အခြေခံစားသောက်ကုန်များနှင့် ကုန်ခြောက်များကို မြန်မာနိုင်ငံ ဒေသအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချပေးနေသည့် အဓိက ကုန်စည်ဒိုင်ကြီးတစ်ခုဖြစ်သည်။

ပန်းဆု

## မြဝတီမြို့တွင် ဝဥစိုက်ပျိုးရောင်းချသူများ အသင်း ဖွဲ့စည်းနိုင်ရေး ဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန မြဝတီခရိုင်ဦးစီးမှူးရုံးမှခရိုင်ဦးစီးမှူး ဦးဝင်းနိုင်၊ ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ခံ ဦးမျိုးဝင်းနိုင် ဦးစီးမှူးနှင့်အဖွဲ့သည် ဩဂုတ် ၂ ရက် တွင် ကရင်ပြည်နယ် မြဝတီမြို့ရှိ ဝဥစိုက်ပျိုးသူ တောင်သူများ အဝယ်လုပ်ငန်းရှင် ဦးမင်းသူ၏ ဝဥစိုက်ပျိုးရေးခြံသို့သွားရောက်တွေ့ဆုံ၍ ဝဥနှင့် ပတ်သက်သည့်ဈေးကွက်အလားအလာ၊ ဝဥတင်ပို့ရောင်းချမှုဈေးကွက်၊ တန်ဖိုးမြင့်ကုန်စည် ထုတ်လုပ်တင်ပို့မှုဈေးကွက် အခြေအနေ၊ ကရင်ပြည်နယ် ဝဥ စိုက်ပျိုးရောင်းချသူများအသင်း ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းလေ့လာခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

မသဇင်(မြဝတီ)

## ရှမ်းပြည်နယ်ရှိ ချဉ်စော်ကားသီး စိုက်ပျိုးသူနှင့် တန်ဖိုးမြှင့်ထုတ်လုပ်သူများ ဝင်ငွေကောင်း

ရှမ်းပြည်နယ်၏ ဒေသထွက်ကုန်သစ်သီးတစ်မျိုးဖြစ်သော ချဉ်စော်ကားသီးကို ကွတ်ခိုင်၊ ပင်လုံ၊ နမ့်စန်နှင့် တောင်ကြီးမြို့နယ်များမှ အများဆုံးစိုက်ပျိုးထွက်ရှိပြီး ဈေးကွက်များအတွင်းသို့ ချဉ်စော်ကားသီးများဝင်ရောက်နေပြီဖြစ်သည်။ ချဉ်စော်ကားသီး ၅၀ကီလိုအလုံးရေ ၁၅၀-၂၀၀ ပါ တစ်အိတ်လျှင် လက်ကားဈေးကျပ်၄၅၀၀၀ မှ ၆၀၀၀၀ ခန့်အထိ ရောင်းဝယ်ကြရပြီး လက်လီဈေးအလုံး အရွယ်အစားအလိုက် တစ်လုံးလျှင် ကျပ် ၃၀၀ မှ ၇၀၀ ထိ ရောင်းဝယ်မှုရှိကြသည်။

ချဉ်စော်ကားသီးအစိမ်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို တစ်နှစ်ပတ်လုံး ဈေးကွက်အတွင်း ရောင်းဝယ်မှုများရှိနေပြီး အထူးသဖြင့် ချဉ်စော်ကားသီးမှာ မိုးရာသီတွင် လှိုင်လှိုင်ထွက်ရှိသည်။ ချဉ်စော်ကားသီးကို ဟင်းလျာအမျိုးမျိုးထဲတွင် ထည့်ပြီး ချက်ပြုတ်၍လည်းကောင်း၊ ချဉ်စော်ကားသီးဟင်းထုပ်၊ ချဉ်စော်ကားသီး ငါးပေါင်း၊ ချဉ်စော်ကားသီးဝက်စဉ၊ ကြက်ခြေထောက်ချဉ်စော်ကားသီး အရည်သောက်ဟင်း၊ ငါးခြောက်ဖုတ်ချဉ်စော်ကားသီး ထမင်းကြော်စသဖြင့် ချက်ပြုတ်စားသောက်ကြသကဲ့သို့ သုပ်စား၊ ထောင်းစားမှုလည်းရှိကြသည်။

ညောင်းညာကိုက်ခဲပါက ချဉ်စော်ကားသီးကိုမုန်ညင်းဆီနှင့် စိမ်ထားပြီးလိမ်းပေးပါက ညောင်းညာကိုက်ခဲမှုသက်သာစေသည်။ ညအချိန် အိပ်မပျော်ပါကချဉ်စော်ကားသီးဝိုင်တစ်ခွက်ကို သောက်ပြီး အိပ်ပါက နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်တတ်ကြောင်း၊ သွေးတိုးရောဂါ၊ နှလုံးအဆီပိတ်ခြင်း၊ အဝလွန်သူများ၊ အသည်းရောဂါရှိသူ၊ ခန္ဓာကိုယ်အတွင်းအဆီများသူများချဉ်စော်ကားသီးကိုစားသုံးပေးခြင်းဖြင့် အစာချေဖျက်မှု အားကောင်းခြင်း၊ ခန္ဓာကိုယ်ရောင်ရမ်းမှုကို လျှော့ချပေးနိုင်ခြင်းကြောင့် ရောဂါသက်သာပျောက်ကင်းစေကြောင်း သုံးစွဲဖူးသူများထံမှ သိရသည်။

ချဉ်စော်ကားသီးကို အစိမ်းအတိုင်းသော်လည်းကောင်း၊ နေလှန်း အခြောက်ပြုလုပ်၍သော်လည်းကောင်း၊ အိမ်တွင်းမှုအသေးစားလုပ်ငန်းများမှ ချဉ်စော်ကားသီးယို၊ အချဉ်ပေါင်းထုပ်၊ ချဉ်စော်ကားသီးထောင်းကြော်နှင့် ချဉ်စော်ကားသီးဝိုင်များ ပြုလုပ်ကား ဒေသတွင်းနှင့်ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ကရင်၊ မွန်၊ ကချင်နှင့်ရခိုင်ပြည်နယ်အတွင်းရှိ မြို့ကြီးများသို့ပင် တင်ပို့ပေးနေရသဖြင့်ချဉ်စော်ကားသီးစိုက်ပျိုးသူနှင့် တန်ဖိုးမြှင့်ထုတ်ကုန်အမျိုးမျိုးပြုလုပ်၍ရောင်းချနေသူများဝင်ငွေကောင်းလျက်ရှိကြောင်း ဈေးကွက်သတင်းများအရ သိရသည်။

စောမောင်(တောင်ကြီး)

## ကားဈေးကွက်အတွင်း အမြင့်ကားများ ဈေးတန်းအကျဘက် ဦးတည်နေ

ဩဂုတ်လပထမပတ် ရန်ကုန်ကားဈေးကွက်၏ အခြေအနေမှာ အရောင်းအဝယ်များ သိသိသာသာ ကောင်းမလာသော်လည်း အမြင့်ကားများ ဈေးတန်းလျှော့ချရောင်းချမှုများရှိလာကြောင်း သိရသည်။

ယခင်လများက ကားအရောင်းအဝယ် အတန်အသင့်ရှိခဲ့ပြီး ကျောင်းများကူးစက်ရောဂါကာလတွင် ရက်ရှည်ပိတ်ထားရာမှ အတန်းကြီးများဖြစ်သော ဒသမတန်း စတင်ဖွင့်လှစ်လာသဖြင့် ကားလေးများ အနည်းငယ် ဝယ်လိုအားရှိခဲ့သော အခြေအနေမှ ယခုအခါ ဩဂုတ် ၁ ရက်တွင် စတင်ကြေညာခဲ့သော ယာဉ်တင်သွင်းခွင့် အကောက်ခွန်ရာခိုင်နှုန်းများအား ၂၀၀၀ စီစီအထက်နှင့်အောက် လက်ရှိမှာ ၁၀ ရာခိုင်နှုန်းခန့်ဖြစ်သော်လည်း ပြည်ပမှ အစိတ်အပိုင်း တင်သွင်းပြီး ပြည်တွင်းတွင် တပ်ဆင်ပြီး ရန်ကုန်လိုင်စင်ရရှိသည့် ညာမောင်းကားသစ်များအား ၂၀၀၀ စီစီအောက်ဆိုလျှင် အကောက်ခွန်ကင်းလွတ်ခွင့်၊ ၂၀၀၀ စီစီအထက်ဆိုလျှင် ယခင် ၂၀ ရာခိုင်နှုန်းမှ ယခု ၅ ရာခိုင်နှုန်းသို့လည်းကောင်း လျှော့ပေါ့ပြောင်း လဲပေးလိုက်သဖြင့် ကားလောကအတွင်း လတ်တလောလှုပ်ခတ်သွားခဲ့သည်။ အမည်ပြောင်းခွန် ၃ ရာခိုင်နှုန်းကိစ္စများလည်း လာမည့်စက်တင်ဘာ ၃၀ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် ယခု သတ်မှတ်အမည်ပြောင်းခွန်နှုန်းထားမီစေရန်အတွက် ယခုအတောအတွင်း လာရောက်ဆောင်ရွက်ကြသဖြင့် အရောင်းအဝယ်မှအစအနည်းငယ်ပြန်လည်အေးစက်သွားကြောင်းသိရသည်။ ယခုလတ်တလော ကားဝယ်မည့်သူများ ဇူလိုင်လဆန်းပိုင်းကထက် များစွာနည်းပါးသွားပြီး ဇွန်လကုန်ပိုင်းကထွက်ရှိခဲ့သည့် သတင်းတစ်ရပ်ကြောင့် အမြင့်ကားဈေးတန်း အနည်းငယ်ဆင်းလာသော အခြေအနေမှ ယခုဩဂုတ်လအကောက်ခွန်ရာခိုင်နှုန်း လျှော့ချသည့် ကြေညာချက်ထွက်ပေါ်လာသည့် နောက်ပိုင်းတွင် လျှော့ချရာခိုင်နှုန်းအရ ကားရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ တွက်ချက်လာကြကာ ခန့်မှန်းချက်အရ သိန်း ၅၀၀ တန်ကားဆိုလျှင် ကျပ်သိန်း ၃၀၊ ကျပ်သိန်း ၄၀ ခန့် လျော့ကျလာနိုင်ပြီး ကားတန်ဖိုးများလေ အခွန်နှုန်းထားလျော့ကျလေဖြစ်ကာ သိန်း ၈၀၊ သိန်း ၁၀၀ ဝန်းကျင်ထိ အမြင့်ကားများ ဈေးတန်းရောင်းချလာနိုင်ကြောင်းခန့်မှန်းကြသည်။

သုံးသပ်ချက် အမျိုးမျိုးရှိသော်လည်း အမြင့်ကားများ ဈေးကျဆင်းလာသည်နှင့်အတူ ဂျပန်ညာမောင်း သိန်း ၁၅၀ မှ သိန်း ၂၀၀ ဝန်းကျင် ကားဟောင်းလေးများ ဈေးကွက်မထိခိုက်မပြောင်းလဲနိုင်ဟု ယူဆသလို ဩဂုတ်လ ကြေညာချက်အရ တစ်ဆက်တည်း အခွန်သက်သာခွင့်ရရှိသည့် ပြည်တွင်းတပ်ဆင်အက်စ်ကေဒီကားများလည်း ဈေးတန်းလိုက်ပါကျဆင်းလာနိုင်ကြောင်း ဝါရင့်ယာဉ်ရောင်းဝယ်များက ပြောသည်။ SN

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဒီမီယို (၂၀၁၀) | G | ၁၅၀ သိန်း | 1.30 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဟွန်ဒါဖစ်ရှပ်တဲလ် (၂၀၁၂) | Q | ၃၂၀ သိန်း | 1.30 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ရက်တစ် (၂၀၁၀) | I | ၂၁၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဆူဇူကီး/ဆိုလီယို (၂၀၁၂) | K | ၁၇၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ကလူဂျာ (၂၀၀၂) | I | ၂၈၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | နွတ်ချတ် (၂၀၀၃) | J | ၂၅၅ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဝှစ်ရှ် (၂၀၀၄) | K | ၂၃၅ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ပရိုဘောက် (၂၀၁၁) | N | ၁၈၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၉။ | အပ်ကား (နှစ် ၂၀) | - | ၉၅ သိန်း | |

# တောင်ပေါ်ဒေသ မက်မွန်သီး စိုက်ပျိုးထုတ်လုပ်ဖြန့်ချိသူများ ဝင်ငွေကောင်း

မက်မွန်သီးကိုကတ္တီပါသီး၊ ဝူခုန်းသီးဟူ၍ အမျိုးမျိုးခေါ်ဝေါ်သုံးနှုန်းကြသည်။ ယင်းအသီးကို ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၃၀၀၀ ကျော်သော နေရာဒေသများတွင် ကောင်းစွာရှင်သန်ဖြစ်ထွန်းမှုရှိသည်ကို တွေ့ရသည်။ အထူးသဖြင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်ရှိ တောင်ကုန်းတောင်တန်းများတွင် စိုက်ပျိုးထားရှိသည်ကိုတွေ့ရသည်။မက်မွန်သီးသည် ချဉ်စော်ကားသီးကဲ့သို့ ဈေးကွက်အတွင်း အချိန်ကာလအားဖြင့် ကြာရှည်စွာထွက်ပေါ်ရောင်းဝယ်နေခြင်းမဟုတ်ဘဲ ကာလတိုတောင်းပြီး ထွက်ပေါ်လာသည်နှင့် စားသုံးသူ၏နှစ်သက်စွာဝယ်ယူအားပေးသုံးစွဲမှုများကြောင့် စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူများ အကျိုးအမြတ်ရရှိနေကြသည်။ မက်မွန်သီးဈေးကွက်ဈေးနှုန်းအနေဖြင့် နေရာဒေသအလိုက် အလုံးအရွယ်အစားအလိုက် ဈေးနှုန်းအမျိုးမျိုးရှိကြသည်။

ကော့ကရိတ်မြို့ဈေးကွက်တွင် တစ်ကီလို ငွေကျပ် ၄၅၀၀မှ ၅၀၀၀၊ တစ်လုံး ကျပ် ၈၀၀၊ မိုးကုတ်မြို့ဈေးကွက် တစ်ပိဿာ ကျပ် ၅၀၀၀၊ တောင်ကြီးမြို့ ဈေးကွက်တွင် တစ်လုံး ကျပ် ၅၀၀ မှ ၁၀၀၀၊ တောင်ငူမြို့ ဈေးကွက်တွင် တစ်ကီလိုငွေကျပ် ၃၅၀၀၊ ရန်ကုန်မြို့ဈေးကွက်တွင် ရှယ်အကြီး ၁၀ လုံးလျှင် ငွေကျပ် ၁၄၀၀၀၊ ပုံမှန်ဆိုဒ်၁၀လုံးလျှင် ငွေကျပ် ၁၀၀၀၀ ထိ ဈေးနှုန်းအသီးသီးရှိကြောင်း ဈေးကွက်သတင်းအရသည်။

**စောမောင်(တောင်ကြီး)**



## မွန်ပြည်နယ်ရှိ MSMEs လုပ်ငန်းများအတွက် ကိုဗစ်(၁၉) ချေးငွေကိစ္စနှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေး

မွန်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် National Enlightenment Institude (NEI) တို့ ပူးပေါင်းကျင်းပသည့် COVID-19 ကြောင့် ထိခိုက်ပျက်စီးမှုရှိသည့် စီးပွားရေးလုပ်ငန်းများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီဆက်လက်ပေးအပ်နိုင်ရေးအတွက် ဒုတိယအသုတ် ချေးငွေကိစ္စနှင့်စပ်လျဉ်း၍ လုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁ ရက်နှင့် ၂ ရက်တို့တွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးတွင် ကျင်းပခဲ့ရာ MSMEs လုပ်ငန်းရှင် ၅၉ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် မွန်ပြည်နယ် MSMEs Agency အတွင်းရေးမှူး ဦးတင်ညိုက အဖွင့်အမှာစကားပြောကြားခဲ့ပြီး National Enlightenment Institude (NEI) အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ရည်မွန်ဆုက ချေးငွေလျှောက်ထားရာတွင် အကြံပေးဝန်ဆောင်မှုလုပ်ပေးရသည့် ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ SME Finance သင်တန်းနည်းပြ၊ စာရင်းအင်းနှင့်ဘဏ္ဍာရေးဆိုင်ရာ အကြံပေး ဒေါ်မေနွယ်မင်းညိုက ချေးငွေလျှောက်ထားရာတွင် သိရှိလိုက်နာရမည့် Financial Statement များ၊ Loan Payment များ အကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

COVID-19 ကြောင့် ထိခိုက်ပျက်စီးမှုရှိသည့် စီးပွားရေးလုပ်ငန်းများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီဆက်လက်ပေးအပ်နိုင်ရေးအတွက် ဒုတိယအကြိမ် COVID-19 Stimulus Package ချေးငွေ ထုတ်ချေးပေးနိုင်ရန်၊ ထုတ်ချေးပေးမည့်လုပ်ငန်းများအနက်မှ ဦးစားပေးအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများကို ဦးစားပေးထုတ်ချေးပေးသွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများသို့ အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ်သတ်မှတ်၍ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**မိုးမိုး(မွန်)**

## ပြည်၌ အကျိုးဆောင်တောင်သူများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများ ဖွင့်လှစ်

စားသုံးသူရေးရာဦးစီးဌာနပြည်ခရိုင်ဦးစီးမှူးရုံးအနေဖြင့် ဇူလိုင်၃၀ရက်တွင် ပြည်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ဖွင့်လှစ်သော အကျိုးဆောင် တောင်သူဖွံ့ဖြိုးတိုးတက်ရေးသင်တန်း (၁၁/၂၀၂၀)၌ စားသုံးသူရေးရာဦးဌာနပြည်ခရိုင်ဦးစီးမှူးက စားသုံးသူရေးရာဦးစီးဌာန၏ ဆောင်ရွက်နေသောလုပ်ငန်းဆောင်ရွက်ချက်များအား ဆွေးနွေးပို့ချခဲ့သည်။

ယင်းသို့ အကျိုးဆောင်တောင်သူဖွံ့ဖြိုးတိုးတက်ရေးသင်တန်းတွင် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့်သင်တန်းပို့ချခြင်းများ ဆောင်ရွက်ရာတွင် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)ပါပြဋ္ဌာန်းချက်များ ကုန်ပစ္စည်းများပေါ်တွင် ရေးသားဖော်ပြရမည့်ကုန်အညွှန်း အမှတ်အသားများ၊ အကြောင်းအရာများကိုလည်းကောင်း၊ ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များဖြစ်သော အသင်းအဖွဲ့များဖွဲ့စည်းမှုအခြေအနေ၊ အသင်းအဖွဲ့များ၏အရေးပါမှု၊ ကုန်စည်စီးဆင်းမှုစိုက်ပျိုးရေးထွက်ကုန်များ၏ဈေးကွက်ဈေးနှုန်းအခြေအနေ၊ ဈေးကွက်အလားအလာတို့အား ရှင်းလင်းပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ ပြည်ခရိုင်အတွင်း မြို့နယ်များမှ တောင်သူ ၃၀တက်ရောက်ခဲ့ပြီး ဩဂုတ်၈ရက်တွင် ဖွင့်လှစ်ခဲ့သည့်အကျိုးဆောင်တောင်သူဖွံ့ဖြိုးတိုးတက်ရေးသင်တန်း (၁၂/၂၀၂၀)တွင်လည်းပြည်ခရိုင်စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် သင်တန်းပို့ချခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းထွန်း(ပြည်)**

## ဘားအံမြို့နယ် ပေါ့ထော်ကျေးရွာ၌ ဘက်စုံသီးနှံကာကွယ်ရေးနည်းပညာများ ဆွေးနွေး

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းနည်းပညာများ တောင်သူများ လိုက်နာကျင့်သုံးနိုင်စေရန်နှင့် သီးနှံများတွင် ဖျက်ဆီးကျရောက်တတ်သော ပိုးမွှားရောဂါများအား ဘက်စုံ သီးနှံကာကွယ်ရေး နည်းလမ်းများဖြင့် ကာကွယ်နိုင်စေရန် ရည်ရွယ်၍ ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီတွင်ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးအောင်ဌေး၊ လက်ထောက်ဦးစီးမှူး ဦးအောင်ထိုက်ဦးတို့က ဘားအံမြို့နယ် ပေါ့ထော်ကျေးရွာ အုပ်ချုပ်ရေးမှူးအိမ်၌ တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း နည်းပညာများ၊ ဘက်စုံသီးနှံကာကွယ်ရေးနည်းပညာများနှင့် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်းပညာများအား ဆွေးနွေးပို့ချခဲ့ပြီး မိုးစပါးစိုက်ခင်းများနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် ပိုးမွှားရောဂါကျရောက်မှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးကာ လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။


**ဇာခြည်အောင်(ကရင်)**


**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |


## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |




**တနင်္ဂနွေသားသမီးများ -** ဒီရက်တွေအတွင်းမှာ ညှိနှိုင်းရခက်နေသောကိစ္စများကို စေ့စပ်ညှိနှိုင်းခြင်း၊ အဖိုးတန်ပစ္စည်း ဝယ်ခြင်း၊ ရောင်းခြင်းတွေကို ဦးစားပေးသင့်ပါတယ်။ လူရင်းထဲက သစ္စာဖောက်သွားတတ်ပါတယ်။ အအေးမိခြင်းကိုသတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ အထစ်အငေါ့တွေ ပြေလည်သွားမယ်။ ၁၅ ဂဏန်းအစ ထီထိုးပါ။ **ယတြာ။** ။ ကံဇာတာ ပွင့်လန်းရန် မိတ်ဆွေများကို လက်ဖက်ရည်နှင့်ကိတ်မုန့်ဒါနပြုပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ညောင်ရွက်နဲ့ယပ်ခတ်ပါလေ . . . ။

**တနင်္လာသားသမီးများ** - ဒီရက်တွေအတွင်းမှာ ခရီးသွားလာရေးကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ ခရီးတိုတွေလည်း တစ်ခုပြီးတစ်ခု သွားနေရတတ်ပါတယ်။ သေချာစီစဉ်ထားတဲ့ကိစ္စတွေ၊ ချိန်းဆိုထားတဲ့အလုပ်တွေ မရေမရာ ကြုံရတတ်ပါတယ်။ ကျန်းမာရေးမှာ နေ့တစ်မျိုး၊ ညတစ်မျိုးဆိုတာမျိုး ဖြစ်နေတတ်ပါတယ်။ အချစ်ရေးနှင့်အိမ်ထောင်ရေးမှာ ကတိပျက်စရာတွေ ကြုံရတတ်ပါတယ်။ ၈၇ ဂဏန်းအစ ထီထိုးပါ။ **ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ကလေးများကို မုန့်ဝေကျွေးရင်း ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ဓာတ်ခဲနဲ့ ခေါက်ပါလေ . . . . ။

**အင်္ဂါသားသမီးများ -** ဒီရက်တွေအတွင်းမှာ အလုပ်လျှောက်ခြင်း၊ အဓိဋ္ဌာန်ကိစ္စ၊ အောက်လက်ငယ်သား အလုပ်သမားနှင့်ပတ်သက်သောကိစ္စများ၊ ကျန်းမာရေးကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ မယူချင်သောတာဝန်၊ မတွေ့ချင်သော လူတွေနဲ့လာပြီး ပတ်သတ်ရတတ်ပါတယ်။ ဘာခေါင်းစဉ်တပ်ရမှန်းမသိဘဲ ကျန်းမာရေးညံ့တတ်ပါတယ်။ အချစ်ရေးနှင့်အိမ်ထောင်ရေးမှာ အကြပ်ကိုင်ခံရသလို ကြုံရတတ်ပါတယ်။ ၇၃ ဂဏန်းအစ ထီကိုထိုးပါ။ **ယတြာ။** ။ ကံဇာတာပွင့်လန်းရန် သန့်ရှင်းရေးနှင့်ပတ်သက်သော ကုသိုလ်ပြု၍ ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကိုချဉ်ပေါင် ငါးညွန့်နှင့် ရိုက်ပါလေ . . ။

**ဗုဒ္ဓဟူးသားသမီးများ** - ဒီရက်တွေအတွင်းမှာ မိဘ၊ ဆရာ ကြီးကဲသူတို့နှင့် ညှိနှိုင်းရမည့်ကိစ္စ၊ ပညာရေးဆိုင်ရာ၊ သင်တန်းဆိုင်ရာကိစ္စ၊ ရပ်ဝေးပြည်ပနှင့် ဆက်သွယ်ရသောကိစ္စများကို ဦးစားပေးသင့်ပါတယ်။ မီး၊ အပူ၊ လျှပ်စစ် အန္တရာယ်ကို သတိပြုပါ။ မျက်စိ၊ မျက်မှန် ဒုက္ခပေးတတ်ပါတယ်။အချစ်ရေး၊ အိမ်ထောင်ရေးမှာ ကြီးကဲသူတို့ရဲ့ လမ်းညွှန်မှုကောင်း ပေါ်ပေါက်လာတတ်ပါတယ်။ ၁၂ အစ ထီကိုထိုးပါ။ **ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ဆေးဝါး လှူဒါန်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို သတင်းစာဖြင့် ယပ်ခတ်ပါလေ . . . ။

**ကြာသပတေးသားသမီးများ -** ဒီရက်တွေအတွင်းမှာ အလုပ်ပြောင်းခြင်း၊ အိမ်ပြောင်းခြင်း၊ နေရာပြောင်းခြင်း၊ တာဝန်ပြောင်းခြင်း စတာတွေကို ဦးစားပေးသင့် ပါတယ်။ စာရင်းဇယားကိစ္စ၊ စာချုပ်ကိစ္စတွေ ရှုပ်ထွေးတတ်ပါတယ်။ အကြော၊ ခါး ကျန်းမာရေး ဂရုစိုက်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ကောင်းသော အပြောင်းအလဲတွေ ပေါ်ပေါက်လာပါလိမ့်မယ်။ ၄၉ အစ ထီကိုထိုးပါ။ **ယတြာ။** ။ ကံဇာတာပွင့်လန်းရန် သစ်ပင်စိုက်ပျိုးသော ကုသိုလ်ပြုပါလေ။ ရောင်းချင်သောပစ္စည်းတွေကို အုန်းမှုတ်ခွက်ဖြင့် ခေါက်ပါလေ . . ။

**သောကြာသားသမီးများ -** ဒီရက်တွေအတွင်းမှာ မတင်မကျ ဖြစ်နေသောကိစ္စများကို ပြတ်ပြတ်သားသား ဆုံးဖြတ်ခြင်းနှင့် စပ်တူရှယ်ယာ အလုပ်များကို ဦးစားပေးသင့်ပါတယ်။ အမှုပတ်တာ၊ ကြားညပ်တာ၊ ပြောဆိုဖြေရှင်းရတာမျိုးတွေ ကြုံတတ်ပါတယ်။ ဆေးရုံ၊ ဆေးခန်းနဲ့ ပတ်သက်ရတတ်ပါတယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ဆုံးဖြတ်ရခက်တာတွေ ကြုံလာတတ် ပါတယ်။ ၄၇ ဂဏန်း အစထီထိုးပါ။ **ယတြာ။** ။ ကံဇာတာပွင့်လန်းရန် သီလရှင်ကို ငွေ ၆ ဂဏန်း လှူပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ဓာတ်မီးဖြင့် ထိုးပါလေ . . ။

**စနေသားသမီးများ** - ဒီရက်တွေအတွင်းမှာ ဘာမဆို စိတ်ရှည်ရှည် ခေါင်းအေးအေးနဲ့ ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ အရေးကြီးတဲ့ အလုပ်ကြီးတွေကို ရုတ်တရက် မဆုံးဖြတ်သင့်ပါဘူး။ အမှားအယွင်း၊ အလွဲ အချော်တွေ များနေတတ်ပါတယ်။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ မတင်မကျ အခြေအနေတွေ ကြုံရတတ်ပါတယ်။ ၉၇ ဂဏန်းအစ ထီထိုးပါ။ **ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ပိတောက်ပင်က ရုက္ခစိုးကို မေတ္တာပို့သပြီး ဆုတောင်းပါလေ။ ရောင်းချင်သော ပစ္စည်းတွေကို ခဲတံနှင့် ခေါက်ပါလေ . . . ။

# အကျိုးဆောင် တောင်သူ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း ရေတာရှည်တွင်ဖွင့်လှစ်

တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာနကဖွင့်လှစ်သည့် အကျိုးဆောင်တောင်သူဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကို ရေတာရှည်မြို့ စိုက်ပျိုးရေးဦးစီးဌာနခန်းမတွင် ဖွင့်လှစ်ရာစိုက်ပျိုးရေးဦးစီးဌာန၏ ဖိတ်ကြားချက်အရ သင်တန်းစတုတ္ထနေ့ဖြစ်သောဇူလိုင် ၃၀ ရက် မွန်းလွဲ ၂း၃၀ နာရီမှ ညနေ ၄ နာရီအထိ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးအောင်က သင်တန်းပို့ချခဲ့သည်။

ပထမပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မူဝါဒများ၊ ပြည်တွင်း ကုန်သွယ် မှုဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဒုတိယပိုင်းတွင် စားသုံးသူကာကွယ်ရေး ဆောင်ရွက်ချက်များကို လည်းကောင်း ပို့ချဆွေးနွေးခဲ့သည်။

သင်တန်းသို့ တောင်ငူခရိုင်အတွင်းရှိ တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ထန်းတပင်၊ ဖြူးနှင့်ကျောက်ကြီးမြို့နယ်များမှ အကျိုးဆောင် တောင်သူ ၃၀ တက်ရောက်ကြောင်း၊ သင်တန်းကာလမှာဇူလိုင် ၂၇ ရက်မှ ၃၁ ရက်အထိ ငါးရက်ဖြစ်ကြောင်းနှင့် သင်တန်းဆင်းပြီး နောက်တစ်ရက်ဖြစ်သော ဩဂုတ် ၁ ရက်တွင် သင်တန်းသား၊ သင်တန်းသူများအား နေပြည်တော် ပျဉ်းမနားစိုက်ပျိုးရေး သိပ္ပံကျောင်းရှိ ဟင်းသီးဟင်းရွက်အော်ဂဲနစ်စိုက်ခင်းသို့ လေ့လာရေးပို့ဆောင်ခဲ့ကြောင်း သိရသည်။

**စောသန်းထိုက်ကျော်**

# သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံ ဈေးနှုန်းများ

ဩဂုတ် ၂ရက်မှ ၈ရက်အထိ သီရိမင်္ဂလာဈေးသစ်၊ သစ်သီးဝလံကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများမှာ ဝမ်းတွင်းမှ ဖရဲ (၈၅၅) အသေးတစ်လုံး ကျပ် ၂၅၀၀၊ အလတ်ကျပ်၃၀၀၀၊ အကြီးကျပ်၃၅၀၀၊ ဖရဲ (၂၁၁) အသေးတစ်လုံး ကျပ်၈၀၀ ၊ အလတ်ကျပ်၁၂၀၀၊ အကြီး ကျပ်၁၅၀၀၊ မော်ဘီနှင့်တိုက်ကြီးမှ ကီလိုမာလကာအသေး တစ်လုံးကျပ် ၁၀၀၊ အလတ်ကျပ် ၂၀၀၊ အကြီးမှာကျပ်၃၀၀ ရှိကြောင်းသိရသည်။

ရေးမှ ဒူးရင်းသီးအလုံးအသေး ကျပ် ၂၀၀၀ မှ ၃၀၀၀ ကြား၊ အလတ် ကျပ်၄၀၀၀ မှ ၅၀၀၀ ကြား၊ အကြီး ကျပ်၅၅၀၀ မှ ၆၀၀၀ ကြား၊ သီပေါမှနာနတ်သီး အသေး ကျပ် ၃၀၀၊ အလတ်ကျပ် ၄၀၀ မှ ၅၀၀ ကြား၊ အကြီး ကျပ်၆၀၀ ဈေးနှင့် ဖျာပုံနှင့်ကျိုက်လတ် မှ သံပရာသီး အသေးတစ်လုံးကျပ် ၃၀၊ အလတ်ကျပ် ၄၀၊ အကြီးကျပ် ၅၀ ရှိသည်။ ရပ်စောက်မှသရက် (ရင်ကွဲ) ရိုးရိုး ၈၅ လုံးပါသော သေတ္တာမှာကျပ် ၆၅၀၀၊ ၇၅ လုံးပါသော သေတ္တာမှာ ကျပ် ၈၅၀၀၊ အလုံး ၆၀ ပါသော သေတ္တာမှာ ကျပ် ၁၁၀၀၀၊ သရက်(ရင်ကွဲ) အိတ်စွပ် ၈၅ လုံးပါသောသေတ္တာမှာကျပ် ၁၂၀၀၀၊ ၇၅ လုံးပါသောသေတ္တာမှာ ကျပ် ၁၄၀၀၀၊ အလုံး ၆၀ ပါသောသေတ္တာမှာကျပ်၁၇၀၀၀၊ ရပ်စောက်မှသရက် (ပတ္တမြားငမောက်)မှာ ၃၀ လုံးပါသော ခြင်းတစ်ခြင်း ကျပ် ၁၂၀၀၀၊ ၂၂ လုံးပါသော ခြင်းတစ်ခြင်း ကျပ် ၁၄၀၀၀၊ ၁၈လုံးပါသော ခြင်းတစ်ခြင်း ကျပ် ၁၆၀၀၀ နှင့်စိန်တလုံး(အိပ်စွပ်)၄၀ လုံးပါသော ခြင်းတစ်ခြင်း ကျပ် ၂၅၀၀၀၊ ၃၃ လုံးပါသောခြင်းတစ်ခြင်း ကျပ် ၃၀၀၀၀၊ ၂၇ လုံးပါသော ခြင်းတစ်ခြင်း ကျပ် ၃၅၀၀၀ အသီးသီးရှိသည်။

ထို့ပြင် ဘီးလင်းမှကျွဲကောသီး အလုံးသေး တစ်လုံး ကျပ် ၁၀၀၀မှ ၁၅၀၀ ကြား၊ အလတ်ကျပ် ၂၀၀၀ မှ ၂၅၀၀ ကြား၊ အကြီး ကျပ် ၃၀၀၀ မှ ၃၅၀၀ ကြားနှင့် ပြင်ဦးလွင်မှ နဂါးမောက်သီး(အနီ)အလုံး၃၀ပါသော တစ်ဖာလျှင် ကျပ် ၅၀၀၀၊ ၂၄ လုံးပါသောဖာမှာကျပ် ၉၀၀၀၊ ၁၈ လုံးပါသော ဖာမှာ ကျပ် ၁၂၀၀၀ ဈေးတို့အသီးသီးရှိကြောင်း သီရိမင်္ဂလာဈေးသစ်ရှိမြန်မာနိုင်ငံသစ်သီးဝလံ ပန်းမန်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) မှ သိရသည်။

West DOCA (Ygn)

# တောင်ငူဈေးကွက်အတွင်း ဝင်ရောက်လာသော နာနတ်သီး

တောင်ငူမြို့နယ်အတွင်းသို့ ကရင်ပြည်နယ် သံတောင်ကြီး၊ ဘောဂလိ၊ လိပ်သိုဘက်မှ ရာသီအလိုက်သီးနှံများ ဝင်ရောက်ရောင်းချလျက်ရှိရာ သံတောင်နာနတ်သီးအသေးမျိုးတစ်လုံးလျှင် ၄၀၀ ကျပ်မှ၅၀၀ ကျပ်အထိ ဈေးရရှိပြီး ရှမ်းပြည်နယ် သီပေါ၊ ကျောက်မဲဘက်မှ ဝင်ရောက်လာသောနာနတ်သီးမှာ သံတောင်ဘက်က အသီးထက်အလုံးလှသလို အရသာမှာလည်း ကွာသဖြင့် နာနတ်သီးတစ်လုံးလျှင် ၈၀၀ ကျပ်မှ ၁၀၀၀ ကျပ်အထိ ဈေးရရှိကြောင်းနှင့်အရောင်းသွက်လျက်ရှိကြောင်း နာနတ်သီးရောင်းချသူများထံမှ သိရသည်။

**သင်းသင်းအေး(တောင်ငူ)**

# ရေနံချောင်း၌ နဂါးမောက်သီးလှိုင်လှိုင်ဝင်ရောက်ကာ အရောင်းအဝယ်သွက်နေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့၌ ပုပ္ပားဒေသထွက်နဂါးမောက်သီးများလှိုင်လှိုင်ဝင်ရောက်နေရာတစ်ဆင့်ပြန်လည်ရောင်းချသည့်ဈေးသည်များ ဝင်ငွေရနေကြောင်း သိရှိရသည်။

"ယခင်တစ်ပတ်ကထက် နဂါးမောက်သီး ဝင်ရောက်မှုပိုများတယ်။ ဈေးကွက်မှာက နဂါးမောက်ခြံတွေ တစ်ပြိုင်တည်း ခူးကြတာကြောင့်လို့ သိရပါတယ်။အရောင်းအဝယ်ကတော့ကျေးရွာတွေကို အဓိကထားရောင်းရတာလည်းရှိတယ်။ အရောင်းသွက်တယ်"ဟုရေနံချောင်းမြို့မှ နဂါးမောက်ရောင်းသူ အမျိုးသမီးတစ်ဦးက ပြောသည်။

ရေနံချောင်းမြို့နယ်တွင် နဂါးမောက်စိုက်သူနည်းပါး၍ ကျောက်ပန်းတောင်းမြို့နယ်နှင့် ပုပ္ပားဝန်းကျင်ထွက် နဂါးမောက်သီးများကို အဓိကရောင်းချနေရသည်။

ဈေးကွက်တွင် နဂါးမောက်သီးအရွယ်အစား မူတည်၍ တစ်လုံးလျှင် ကျပ် ၇၀၀၊ ကျပ်၉၀၀၊ ကျပ်၁၀၀၀ ဝန်းကျင် ရောင်းချရကြောင်း နဂါးမောက်သီးဈေးကွက်မှသိရသည်။

**ဆန်ညွန့်(ရေနံချောင်း)**

စာမျက်နှာ (၂၀) ကုန်စည်ပြပွဲနှင့် ငွေလက်ငင်းပြေစာ . . . မှအဆက်

စာပိုဒ်ခွဲ(၇)(ဂ)အရ ကုန်စည်ပြပွဲ ပြန်လာသည့် ကျောက်မျက်ရတနာကုန်သည်များသည် ရောင်းရငွေအပေါ် ရတနာခွန် ၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်ခ(Service Charges)၁ ရာခိုင်နှုန်းတို့ ပေးဆောင်ရပါမည်။ ရတနာခွန် ၅ရာခိုင်နှုန်းကိုမူ ပြပွဲသွားကျောက်မျက်ရတနာလုပ်ငန်းရှင်နေထိုင်သောမြို့နယ်အခွန်ရုံးတွင် ပေးသွင်းရပါမည်။ ၁ရာခိုင်နှုန်း ဝန်ဆောင်ခကိုမူ ပြပွဲသွားကျောက်မျက်ရတနာလုပ်ငန်းရှင် နိုင်ငံခြားငွေစာရင်းဖွင့်ထားသောဘဏ် (ဥပမာ-မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(ဝါ)မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့တွင်ပေးသွင်းရပါမည်။ ပွဲတစ်ပွဲပြီးလျှင် သတ်မှတ်ထားသော အခွန်၊ အခများကို အကျေအလည်ပေးဆောင်ပြီးမှသာလျှင် နောက်တစ်ပွဲ ဆက်လက်လိုက်ပါ ပြသခွင့်ပြုပါသည်။ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ကုန်စည်ပြပွဲနှင့်ပတ်သက်ပြီး ထုတ်ပြန်ထားသော စည်းကမ်းချက်၊ လုပ်ထုံးလုပ်နည်းများမှာ ပြပွဲအနေအထား၊ နိုင်ငံတော်၏မူဝါဒ အပြောင်းအလဲပေါ် မူတည်၍ ယာယီစည်းကမ်းချက်များလည်း ကျန်ရှိပါသေးသည်။

# စီးပွားရေး အခွင့်အလမ်းသစ်များနှင့် တန်ဖိုးကွင်းဆက်များ

သိန်းမြင့်ဝေ

ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များ (Global value chains-GVCs)သည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စီးပွားရေးအခွင့်အလမ်းသစ်များကို ဖန်တီးပေးနေသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပို့ကုန်အမျိုးအစား ပိုမိုများပြားစေပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် ပိုမိုပေါင်းစည်းလာစေပါသည်။ ဤအချက်ကို ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ (WTO)၊ ကမ္ဘာ့ဘဏ်နှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများက စုစည်းထုတ်ဝေသော အစီရင်ခံစာတွင် တွေ့ရှိရခြင်းဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများသည် အစဉ်အလာအားဖြင့် ဆင့်တက်ပြုပြင်ခြင်းမရှိသော ကုန်ကြမ်းများ (Unprocessed raw materials) ကို တင်ပို့ရောင်းချခဲ့သည်။ စက်မှုကုန်ချောများ (Manufacturing products) ကို တိုးတက်ပြောင်းလဲတင်ပို့ရန်အတွက် အခက်အခဲရှိပါသည်။ ထိုကဲ့သို့ပြောင်းလဲထုတ်လုပ်ရန်အတွက် ထုတ်လုပ်မှုဖြစ်စဉ်အတွင်း စက်ပစ္စည်းအမျိုးမျိုးနှင့် နည်းပညာများ လိုအပ်သောကြောင့်ဖြစ်သည်။ ယနေ့အချိန်ကာလတွင် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များ တိုးတက်နေသည်။ GVC များ တိုးတက်ခြင်းက ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် မိမိနိုင်ငံနှင့် ကိုက်ညီမည့် ထုတ်လုပ်မှုကွင်းဆက် (Production chain) ၏ အစိတ်အပိုင်းတစ်ခုကိုသာ ရွေးချယ်ထုတ်လုပ်ခွင့်ရရှိစေသည်။ ထို့ကြောင့် ကုန်ပစ္စည်းတစ်ခုကို အစမှအဆုံးထိ သို့မဟုတ် ကုန်ကြမ်းမှ ကုန်ချောဖြစ်သည်အထိ ထုတ်လုပ်စရာမလိုတော့ပေ။ အကျိုးဆက်အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကုန်ကြမ်းကိုသာ တင်ပို့နေရာမှ တန်ဖိုးမြှင့် စက်မှုကုန်ချော (Manufacturing value-added)ကို တင်ပို့နိုင်ပါမည်။ GVC အတွင်း ပိုမိုပူးပေါင်းပါဝင်သော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကောင်းကျိုးလေးမျိုးကို ရရှိခံစားရပါမည်။ ၎င်းတို့မှာ ထုတ်လုပ်မှုစွမ်းအား တိုးတက်ခြင်း (Productivity growth)၊ ခေတ်သစ်ကဏ္ဍ အလုပ်အကိုင်တိုးပွားခြင်း (Modern sector employment)၊ လူနေမှုအဆင့်အတန်းမြင့်မားခြင်း (Rises in living standards) နှင့် ဆင်းရဲနွမ်းပါးမှုကျဆင်းခြင်း (Declines in poverty)တို့ ဖြစ်ကြသည်။

GVC များ တိုးတက်လာခြင်းနှင့်အတူ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဌာနဆိုင်ရာနှင့်လုပ်ငန်းရှင်များအားလုံး (All stakeholders)သည် ၎င်းတို့နိုင်ငံ၏ တန်ဖိုးကွင်းဆက်များအတွင်း ပိုမိုပါဝင်ဆောင်ရွက်မှုကို တွေ့မြင်လိုကြပါမည်။ တန်ဖိုးကွင်းဆက်များအတွင်း ပိုမိုမြင့်မားသော တန်ဖိုးမြှင့်လုပ်ဆောင်ချက်များ (Higher-value-added activities) လုပ်ဆောင်နေသည်ကိုလည်း တွေ့မြင်လိုကြမည်ဖြစ်သည်။ ဤဆောင်းပါးတွင် GVC များအတွင်း ပေါင်းစည်းဆောင်ရွက်ရာ၌ သော့ချက်ကျသည့် အချက်အချို့ကို ဖော်ပြထားပါသည်။

## ကုန်သွယ်မှုစရိတ်အမျိုးမျိုးနှင့်အဓိကအဟန့်အတားများ

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးကြီးဆုံးသော အဟန့်အတားများအနက် အဟန့်အတားတစ်ခုမှာ ကုန်သွယ်မှုစရိတ်များ (Trade costs) ဖြစ်သည်။ ယနေ့ကမ္ဘာ့ကုန်သွယ်ရေးတွင် အကောက်ခွန်မဟုတ်သော စရိတ်များ (Non-tariff trade costs)သည် သွင်းကုန်ခွန် (Import tariffs) ထက် ပိုမိုများပြားဖွယ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် တင်ပို့တင်သွင်းမည့် ကုန်ပစ္စည်းသည် ထုတ်လုပ်မှုအဆင့်အမျိုးမျိုးကို ဖြတ်သန်းရသောကြောင့်ဖြစ်သည်။ အကောက်ခွန်မဟုတ်သော ကုန်သွယ်မှုစရိတ်များတွင် သဘော်ခ၊ အာမခံကြေး၊ အခြားသော နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာစရိတ်နှင့် အခကြေးငွေများ အကျုံးဝင်သည်။ ကုန်သွယ်မှုစရိတ်များကို မြင်သာသော စရိတ်များ သို့မဟုတ် ငွေကြေးဖြင့် တိုင်းတာနိုင်သောစရိတ်များ (Monetary dimenison)နှင့် မမြင်သာသော စရိတ်များ (Intangible dimenision) ဟူ၍ ခွဲခြားနိုင်သည်။ မြင်သာသောစရိတ်များအဖြစ် သယ်ယူပို့ဆောင်ခ၊ အာမခံကြေးနှင့် အခြားသောအခကြေးငွေများကို တွေ့မြင်နိုင်သည်။ မမြင်သာသော စရိတ်များတွင် သတင်းအချက်အလက်စရိတ် (Information costs)နှင့် ငွေကြေးမဟုတ်သော အဟန့်အတားများ (Non-monetary barriers) ပါဝင်သည်။ ငွေကြေးမဟုတ်သော အဟန့်အတားများအဖြစ် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပို့ကုန်သွင်းကုန်လိုင်စင် စသည်တို့ကို တွေ့မြင်နိုင်သည်။ ဖော်ပြပါ စရိတ်အမျိုးမျိုးက ကုန်သွယ်ရေးစီမံအုပ်ချုပ်မှု (Trade governance) ကို အားနည်းစေပြီး မသေချာမှု (Uncertainty)ကို ဖြစ်စေသည်။

ကုန်သွယ်မှုကို တားဆီးပိတ်ပင်နေသော အဆိုပါစရိတ်အမျိုးမျိုးသည် တန်ဖိုးအလိုက်ကောက်ခံသည့် သွင်းကုန်ခွန်နှင့် တူညီသည်ဟု ဖော်ပြနိုင်သည်။ ကုန်သွယ်မှုစရိတ်များသည် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီသကဲ့သို့ ကဏ္ဍတစ်ခုနှင့်တစ်ခုလည်း မတူညီကြပေ။ သို့သော်လည်း ယေဘုယျအားဖြင့် ကုန်သွယ်မှုစရိတ်သည် အကောက်ခွန်တန်ဖိုးထက် ပိုမိုများပြားနေပါသည်။ မော်တော်ကား၊ ကွန်ပျူတာနှင့် စက်ကိရိယာကဲ့သို့သော တန်ဖိုးကွင်းဆက်ရှုပ်ထွေးသည့်ကဏ္ဍများတွင် ကုန်သွယ်မှုစရိတ်သည် အကောက်ခွန်ထက် လေးဆကျော် ကုန်ကျသည်။ လယ်ယာထွက်ကုန်ပစ္စည်း၊ သတ္တုနှင့် သစ်သားကဲ့သို့သော သမားရိုးကျ ထုတ်ကုန်များ (Traditional traded goods) ၏ ကုန်သွယ်မှုစရိတ်မှာ နည်းပါးလေ့ရှိပါသည်။

ကုန်သွယ်မှုကို အဟန့်အတားဖြစ်စေသော ထပ်တိုးကုန်ကျစရိတ်များ (Additional costs) ကိုလည်း တွေ့မြင်နိုင်သည်။ ၎င်းတို့မှာ သယ်ယူပို့ဆောင်ရေး မကောင်းမွန်ခြင်း (Poor transportation links)၊အကောက်ခွန် ရှင်းလင်းမှုစွမ်းဆောင်ရည် နိမ့်ကျခြင်း (Inefficient customs clearance)၊ ဗျူရိုကရေစီစနစ် (Bureaucracy) နှင့် ကြိုးနီ စနစ် (Red tape) စသည်တို့ဖြစ်ကြသည်။ ကုန်သွယ်မှုစရိတ်နှင့်ပတ်သက်ပြီး ကောက်ချက်ချနိုင်သောအချက်မှာ "ကုန်သွယ်မှုစရိတ် မြင့်မားသော နိုင်ငံများသည် ကမ္ဘာ့တန်ဖိုးကွင်းဆက်အတွင်း မပါဝင်နိုင်ခြင်းနှင့် သမားရိုးကျ ကုန်စည် သို့မဟုတ် အခြေခံထုတ်ကုန်များ (Traditional goods or primary products) ကိုသာ တင်ပို့ရောင်းချနေရခြင်း"ဖြစ်သည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် အဆိုပါပြဿနာကို ဖြေရှင်းရန် နည်းလမ်းရှာဖွေခဲ့ကြသည်။ ထိုနည်း

> **အခြေခံအဆောက်အုံ ပိုမိုကောင်းမွန်အောင် တည်ဆောက်ခြင်း၊ အဂတိလိုက်စားမှု ထိန်းချုပ်ခြင်း၊ ကြိုးနီစနစ် လျှော့ချခြင်းနှင့် သွင်းကုန်ခွန် မကောက်ခံခြင်းတို့ကြောင့် နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများ တိုးတက်ကောင်းမွန်ပြီး ကုန်သွယ်မှုစရိတ် လျော့ကျစေနိုင်သည်။**

လမ်းမှာ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဆိပ်ကမ်းရှင်းလင်းရေး ပိုမိုကောင်းမွန်သော အထူးစီးပွားရေးဇုန် သို့မဟုတ် ပို့ကုန်မြှင့်တင်ရေးဇုန်များ (Export processing zones-EPZs) တည်ထောင်ခြင်းဖြစ်သည်။ သို့သော်လည်း ဒုတိယအကောင်းဆုံးနည်းလမ်း (Second-best approach) ဖြစ်သော EPZs တည်ထောင်ခြင်း၏ အားနည်းချက်တစ်ခုကို တွေ့ရှိရသည်။ ယင်းအားနည်းချက်မှာ EPZs အတွင်း လာရောက် လုပ်ကိုင်သောလုပ်ငန်း အရေအတွက် အနည်းငယ်သာ GVCs အတွင်း ပါဝင်နိုင်ခြင်းဖြစ်သည်။ အထူးသဖြင့် အခြားသော ပြည်တွင်းလုပ်ငန်းငယ်များသည် ကုန်ပစ္စည်းအစိတ်အပိုင်းပေးသွင်းသူများ (Parts suppliers) ဖြစ်သွားနိုင်သည်။ ထို့ပြင် ၎င်းတို့သည် အရောင်းအဝယ်ပြုလုပ်သော စရိတ်မြင့်မားခြင်း (High-transaction costs) ကို ဆက်လက်ရင်ဆိုင်ရနိုင်သည်။ ထို့ကြောင့် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းအားလုံးအတွက် ကုန်သွယ်မှု အဆင်ပြေချောမွေ့ရေး (Trade facilitation) ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သင့်ပါသည်။

## တရုတ်နိုင်ငံ၏ အတွေ့အကြုံ

တရုတ်နိုင်ငံ၏ အတွေ့အကြုံအရ စိတ်ဝင်စားဖွယ်သင်ခန်းစာအချို့တွေ့ရှိရသည်။ တရုတ်နိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲမှု (Economic reform)ကို စတင်ရာတွင် အထူးစီးပွားရေးဇုန် (Special Economic Zone-SEZ) လေးဇုန်ဖြင့် စတင်ခဲ့သည်။ EPZ နှင့် SEZ တို့သည် အခေါ်အဝေါ် ကွဲပြားသော်လည်း အခြေခံ အဆောက်အအုံနှင့် ဆိပ်ကမ်းရှင်းလင်းရေးတို့ကို ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ပုံချင်း တူညီကြပါသည်။ တရုတ်နိုင်ငံသည် နိုင်ငံတစ်ဝန်းရှိ မြို့ကြီး ၃၀ သို့ SEZ ပေါ်လစီ၏ ကောင်းကျိုးများကို အချိန်တိုအတွင်း ဖြန့်ဝေနိုင်ခဲ့သည်။ အဆိုပါမြို့ကြီးများတွင် SEZ များ ထူထောင်ပြီး လုပ်ငန်းများ ပြိုင်ဆိုင်ထုတ်လုပ်ကြသောကြောင့် ပို့ကုန်ပုံစံပြောင်းလဲခြင်း၊ ကုန်သွယ်မှုစရိတ်ကျဆင်းခြင်းနှင့် GVCs အတွင်း ပိုမိုပါဝင်ခြင်း စသည့်အကျိုးဆက်များ ဖြစ်ပေါ်လာပါသည်။ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းများသည် တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်တင်ပို့နိုင်ခဲ့သည်။ တရုတ်နိုင်ငံရှိ နိုင်ငံခြားလုပ်ငန်းများသည် ထပ်ဆင့် ပြုပြင်ထုတ်လုပ်တင်ပို့သူများ (Processing exporters) ဖြစ်ကြသည်။ သို့သော်လည်း ၎င်းတို့နှင့်ဆက်နွယ်ထုတ်လုပ်သော ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းများသည် တန်ဖိုးကွင်းဆက်များအတွင်း ပိုမိုပါဝင်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်အများစုကို ထုတ်လုပ်ခဲ့ကြသည်။

အရောင်းအဝယ်ပြုလုပ်သောစရိတ်များ (Transaction costs) လျှော့ချရာတွင် အရေးကြီးသည့် အညွှန်းကိန်းတစ်ခုမှာ ကမ္ဘာ့ဘဏ်ကထုတ်ပြန်သောထောက်ပံ့ပို့ဆောင်မှုစွမ်းဆောင်ရည်အညွှန်းကိန်း (Logistics performance index-LPI) ဖြစ်သည်။ LPI သည် စတင်ထုတ်လုပ်သည်မှ စားသုံးသူထံသို့ ကုန်ပစ္စည်းများ ရွှေ့လျားခြင်းနှင့် ပတ်သက်ပြီး အခြေခံအဆောက်အအုံနှင့် ဗျူရိုကရေစီစနစ်တို့၏ အခြေအနေကို လေ့လာဖော်ပြထားသည်။ ထောက်ပံ့ပို့ဆောင်မှုစွမ်းဆောင်ရည်ပိုမိုကောင်းမွန်လေလေ၊ GVCs အတွင်း ပိုမိုနက်ရှိုင်းစွာပါဝင်နိုင်လေလေဖြစ်ကြောင်း အညွှန်းကိန်းက ဖော်ပြထားသည်။ တစ်နည်းအားဖြင့် ထောက်ပံ့ပို့ဆောင်မှုစွမ်းဆောင်ရည် မကောင်းမွန်သောနိုင်ငံများသည် GVCs အတွင်း မပါဝင်နိုင်ကြောင်းကို ဖော်ပြထားသည်။ ထို့ကြောင့် GVCsအတွင်း ပါဝင်လိုသော နိုင်ငံများသည် ကုန်သွယ်မှုအဆင်ပြေချောမွေ့ရေး (Trade facilitation)နှင့် အခြေခံ အဆောက်အအုံ (Infrastructure) ပိုမိုကောင်းမွန်အောင် စတင်ဆောင်ရွက်ရပါမည်။

ထုတ်ကုန်များနှင့်ပတ်သက်ပြီး နောက်ထပ်စဉ်းစားရန် နည်းလမ်းတစ်ခုရှိပါသည်။ ထိုနည်းလမ်းမှာ ရှုပ်ထွေးသောတန်ဖိုးကွင်းဆက်ရှိသည့် ထုတ်ကုန်များအတွက် ပဋိညာဉ်အခြေပြုကုန်စည်များ (Contract-intensive goods) ထုတ်လုပ်ရန်ဖြစ်သည်။ ဆိုလိုသည်မှာ ကုန်စည်ထုတ်လုပ်ရာတွင် လုပ်ငန်းအမျိုးမျိုးကြားတွင် ဖလှယ်မှုများစွာ ပါဝင်နေခြင်းဖြစ်သည်။ အထူးသဖြင့် တန်ဖိုးကွင်းဆက်အတွင်း ပါဝင်ထုတ်လုပ်နေသူအချို့သည် အခြားလုပ်ငန်းရှင်များ၏ ပဋိညာဉ်မလိုက်နာသောပြဿနာ(Risk of contract non-performance) နှင့် ရင်ဆိုင်နေ ရသည်။ ယေဘုယျအားဖြင့် ပစ္စည်းပိုင်ဆိုင်ခွင့် (Property rihgts) နှင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း (Rule of law) ပိုမိုကောင်းမွန်သော နိုင်ငံများသည်း GVCs အတွင်း ပိုမိုပါဝင်နိုင်ကြောင်း တွေ့ရသည်။ တရုတ်နိုင်ငံ၊ မြို့ကြီးများရှိ လုပ်ငန်းများအနက် ပိုမိုကောင်းမွန်သော ပဋိညာဉ်လိုက်နာမှု (Better contract enforcement) ရှိသည့် လုပ်ငန်းများ၊ ပိုမိုမြန်ဆန်သော ဆိပ်ကမ်းရှင်းလင်းရေး(Faster customs clearance) နှင့် ပိုမိုကျယ်ပြန့်သော ဘဏ္ဍာရေးစနစ် (Deeper financial systems) ရှိသော လုပ်ငန်းများသည် GVCs အတွင်း ပိုမိုပါဝင်နိုင်ကြောင်း တွေ့ရသည်။

## လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်များ

အခြေခံအဆောက်အုံပိုမိုကောင်းမွန်အောင် တည်ဆောက်ခြင်း၊ အဂတိလိုက်စားမှုထိန်းချုပ်ခြင်း၊ ကြိုးနီစနစ်လျှော့ချခြင်းနှင့် သွင်းကုန်ခွန်မကောက်ခံခြင်းတို့ကြောင့် နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများတိုးတက်ကောင်းမွန်ပြီး ကုန်သွယ်မှုစရိတ်လျော့ကျစေနိုင်သည်။ ထို့အတွက် ထိရောက်သော နည်းလမ်းမှာ ကျယ်ပြန့်သည့် ကုန်သွယ်ရေးသဘောတူစာချုပ်များ(Deep trade agreements)ချုပ်ဆိုအကောင်အထည်ဖော်ခြင်းဖြစ်သည်။ Deep trade agreement ဆိုသည်မှာ အကောက်ခွန်လျှော့ချခြင်းအပြင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကတိကဝတ်များ (Legal commitments) ပါဝင်သော ကုန်သွယ်ရေးသဘောတူစာချုပ်ဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၏ မူဘောင်အတွင်းမှ ချုပ်ဆိုသော စာချုပ်များသည် အဓိကအားဖြင့် သွင်းကုန်ခွန်လျှော့ချရန်နှင့် စက်မှုကုန်ချောထုတ်လုပ်ကုန်သွယ်သူများကို အခွင့်အရေးပေးရန်ဖြစ်သည်။

**စာမျက်နှာ - ၂၆ သို့**

# ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာတွင် အရစ်ကျပေးသွင်းငွေ လာရောက် ပေးဆောင်ခြင်းမရှိသည့် တိုက်ခန်းပေါင်း ၉၂၀ ကျော် ကျန်ရှိနေ

ဗိုလ်ဗထူး တန်ဖိုးမျှတအိမ်ရာ စီမံကိန်းမှ အရစ်ကျစနစ်ဖြင့် ဝယ်ယူထားသည့် တိုက်ခန်းများတွင် အရစ်ကျ ပေးသွင်းငွေလာရောက် ပေးဆောင်ခြင်းမရှိသည့် တိုက်ခန်းပေါင်း ၉၂၀ ကျော်အထိ ကျန်ရှိနေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ရန်ကုန်မြို့၏ အိမ်ရာ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ အစီအစဉ်များဖြင့် တန်ဖိုးမြင့်၊ တန်ဖိုးမျှတနှင့် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးမှုများအရ ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်းဘေးရှိ မြေနေရာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် MyanmarV-Pile Co.,Ltd. မှ ဗိုလ်ဗထူး တန်ဖိုးမျှတအိမ်ရာ စီမံကိန်း (ဒုတိယအဆင့်)အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အိမ်ရာစီမံကိန်းတွင် လေးလွှာ၊ ရှစ်ထပ်တိုက် ၂၇ လုံး၊ အခန်းအရေအတွက် ၈၆၄ ခန်း ပါဝင်ပြီး အိမ်ရာစီမံကိန်းမှ U-600 အဆောက်အအုံ ရှစ်လုံးမှာ တည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သဖြင့် တိုက်ခန်းဖိုးအကြေ ပေးသွင်းပြီးသည့် အခန်း ပိုင်ရှင်များအား ယခု ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၉ ရက်မှစ၍ အခန်းသော့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် U-900 အဆောက်အအုံ ၁၉ လုံးမှာလည်း BB1 မှ BB4 အထိ အဆောက်အအုံလေးလုံးမှ ငါးလွှာ၊ CC1 မှ CC8 အထိ အဆောက်အအုံရှစ်လုံးမှရှစ်လွှာနှင့် DD1 မှ DD7 အထိ အဆောက်အအုံ ခုနစ်လုံးမှ ခြောက်လွှာအထိ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ U-600 နှင့် U-900 အဆောက်အအုံများမှ အခန်းတန်ဖိုးပေးသွင်းရန် ကျန်ရှိနေသည့် အခန်းအရေအတွက်မှာ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၉ ရက်အထိ အခန်းပေါင်း ၉၂၉ ခန်းရှိကြောင်း သိရသည်။

ထိုသို့ အရစ်ကျငွေပေးသွင်းရန် ကျန်ရှိနေသည့် တိုက်ခန်းများမှာ U-600 အမျိုးအစားတွင် ဒုတိယအရစ်ပေးသွင်းရန် တိုက်ခန်းငါးခန်း၊တတိယအရစ် ပေးသွင်းရန် တိုက်ခန်း ခြောက်ခန်း၊ စတုတ္ထအရစ် ပေးသွင်းရန် တိုက်ခန်း ခြောက်ခန်း၊ ပဥ္စမအရစ် ပေးသွင်းရန် တိုက်ခန်းကိုးခန်းနှင့် နောက်ဆုံးအရစ် ပေးသွင်းရန် ကျန်ရှိနေသည့် တိုက်ခန်း ၅၇ ခန်းရှိသည်။ အလားတူ U-900 အမျိုးအစား တိုက်ခန်းများတွင်လည်း BB1 မှ BB4 အထိ အဆောက်အအုံ လေးလုံးတွင် ဒုတိယအရစ် ၁၂ ခန်း၊ တတိယအရစ် ၂၇ခန်း၊ CC1 မှ CC8 အထိ အဆောက်အအုံရှစ်လုံးတွင် ဒုတိယအရစ် ၃၁ ခန်း၊ တတိယအရစ် ၇၁ခန်း၊ စတုတ္ထအရစ် ၁၂၂ ခန်း၊ ပဥ္စမအရစ် ၂၅၁ ခန်း၊ DD1မှ DD7 အထိ အဆောက်အအုံ ခုနစ်လုံးတွင် ဒုတိယအရစ် ၄၀ ခန်း၊ တတိယအရစ် ၇၇ ခန်း၊ စတုတ္ထအရစ် ၂၁၅ ခန်းကျန်ရှိနေကြောင်း သိရသည်။

**ပန်းဆု**

## ယခုနှစ်အတွင်း ပြည်ပသို့ ကော်ဖီတင်ပို့မှု ယခင်နှစ်ထက် လျော့နည်းနေ

ယခုနှစ်အတွင်း ပြည်ပသို့ ကော်ဖီတင်ပို့မှု ယခင်နှစ်ထက် လျော့နည်းနေကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်းမှ သိရသည်။

ပြည်ပသို့ မြန်မာ့ကော်ဖီ တင်ပို့မှုမှာ နှစ်စဉ်တန် ၄၀၀ ခန့်ရှိကာ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်တွင် တန် ၅၀၀ အထိ တိုးတက်တင်ပို့နိုင်ခဲ့သော်လည်း ယခု ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့နိုင်ငံအနှံ့ ဖြစ်ပွားလျက်ရှိသည့် COVID-19 ကပ်ရောဂါအခြေအနေကြောင့် ပုံမှန်ထက် တင်ပို့မှု လျော့နည်းနေခြင်းဖြစ်ကြောင်း ယင်းအသင်းအတွင်းရေးမှူး ဦးသီဟက ဩဂုတ် ၄ ရက်တွင် ပြောသည်။

"ကျွန်တော်တို့ နိုင်ငံရဲ့ အခုလက်ရှိ ကော်ဖီဈေးကွက်က ပုံမှန်နှစ်တွေထက် နည်းနည်းလေးပါးတယ်။ ပြည်ပ တင်ပို့မှုတွေရှိတယ်။ ဒါပေမဲ့ ပုံမှန်ထက် အရေအတွက် နည်းတယ်။ တောင်သူတွေ၊ ကုမ္ပဏီတွေ အဓိက တင်ပို့တာ အမေရိကန်၊ ဥရောပ၊ အင်္ဂလန် အပါအဝင် နိုင်ငံ ၁၆ နိုင်ငံကို ပို့နေတယ်။ အမေရိကန်တို့၊ အင်္ဂလန်တို့၊ ဥရောပတို့ဘက်မှာ COVID-19 အခြေအနေက ဒီမှာထက် အများကြီးဆိုးတော့ သူတို့မှာ ကော်ဖီဆိုင်တွေက ရောင်းချနိုင်စွမ်း မရှိတဲ့အခါမှာ ကော်ဖီစိုက် တောင်သူတွေကို ပြန်လာထိခိုက်တာပေါ့"ဟု ၎င်းက ပြောသည်။



သို့သော် ပြည်ပသို့ ကော်ဖီတင်ပို့ရောင်းချသည့်ကာလမှာ နှစ်ကုန်ပိုင်းအထိ ဖြစ်သောကြောင့် လာမည့် တစ်လ၊ နှစ်လအတွင်း ကော်ဖီတင်ပို့မှု ပြန်လည်ကောင်းမွန်လာရန် မျှော်လင့်သည်ဟု ဆိုသည်။

လက်ရှိတွင် မြန်မာ့ကော်ဖီများကို အမေရိကန်၊ ဥရောပ၊ အင်္ဂလန်အပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံသို့ တင်ပို့ ရောင်းချလျက်ရှိပြီး USAID နှင့် WinRock International အဖွဲ့အစည်းများ၏ အကူအညီဖြင့် အမေရိကန်ဈေးကွက်တွင်လည်း နေရာရရှိနေကာ ဂျပန်၊ ကိုရီးယား၊ ကနေဒါနိုင်ငံ ဈေးကွက်များသို့ ထိုးဖောက်နိုင်ရန်အတွက်လည်း ကြိုးပမ်းနေကြောင်း သိရသည်။

ကော်ဖီအမျိုးအစားအနေဖြင့် မြန်မာနိုင်ငံတွင် အာရေဗီးကား (Arabica) ကော်ဖီနှင့် ရိုဘတ်စတာ (Robusta) ကော်ဖီဟူ၍ နှစ်မျိုးရှိသည့်အနက် အာရေဗီးကား ကုန်းမြင့်ကော်ဖီ (အထူးတန်း ဝင်ကော်ဖီ)ကို အဓိက စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ကော်ဖီစိုက်ခင်း ဧက ၅၀၀၀၀ ခန့်တွင် အာရေဗီးကား ကော်ဖီစိုက်ဧက၄၀၀၀၀ ခန့်ရှိပြီး အရည်အသွေးအပေါ် မူတည်၍ မြန်မာ့ကော်ဖီသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ မှ ၈၀၀၀ နှင့်အထက် ဈေးနှုန်းရှိနေပြီး ပုံမှန်အရည်အသွေးဆိုပါက တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ ခန့် ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ကော်ဖီကို နှစ်စဉ် ဒီဇင်ဘာလမှ နောက်နှစ် မတ်လအထိ ခူးဆွတ်ထုတ်လုပ်ပြီး ဧပြီလ နောက်ပိုင်းမှ စတင်ကာ တစ်နှစ်ပတ်လုံး ရောင်းချခြင်း ဖြစ်ကြောင်း သိရသည်။

**ပန်းဆု**

## စာမျက်နှာ (၂၅) စီးပွားရေး အခွင့်အလမ်းသစ်များနှင့် . . . မှအဆက်

WTO အဖွဲ့ဝင်နိုင်ငံများသည်လည်း အကောက်ခွန် လျှော့ချခြင်းအပြင် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများလျှော့ချရန် အခက်အခဲရှိပါသည်။ ကုန်သွယ်မှုအဆင်ပြေချောမွေ့ရေး သဘောတူညီချက် (Trade facilitation agreement) ကို အကောင်အထည်ဖော်နေသော်လည်း ပိုမိုကျယ်ပြန့်သည့် သဘောတူညီချက်များ မတွေ့ရပေ။ ထို့အတွက် အကောက်ခွန်သက်သာခွင့်ပေးသော သဘောတူစာချုပ်များ (Preferential trade agreements-PTAs) ပိုမိုချုပ်ဆိုလာသည်ကို တွေ့ရသည်။ PTAs သည် ပိုမိုနက်ရှိုင်းကျယ်ပြန့်သော စီးပွားရေးပေါင်းစည်းမှုအတွက် ချုပ်ဆိုသော သဘောတူစာချုပ်ဖြစ်သည်။ PTAs အဖွဲ့ဝင်နိုင်ငံများသည် WTO ကတိကဝတ်များအပြင် အခြားပေါ်လစီရေးရာ နယ်ပယ်များတွင် သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ရန်ဖြစ်သည်။ လက်တွေ့အရေးကြီးဆုံးပူးပေါင်းဆောင်ရွက်ရမည့်နယ်ပယ်များမှာ ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ယှဉ်ပြိုင်မှုပေါ်လစီနှင့် အဘိဉာဏ်ပစ္စည်း ပိုင်ဆိုင်ခွင့်ကာကွယ်ရေး (Intellectual property rights protection) တို့ဖြစ်သည်။

၁၉၅၈ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်ကြား WTO တွင် ကြေညာထားသော PTAs 279 ခုရှိသည်။ PTA တစ်ခုချင်း၏ အတိမ်အနက်မှာ ပါဝင်သော နိုင်ငံအရေအတွက်နှင့် သဘောတူစာချုပ် လိုက်နာအကောင်အထည်ဖော်မှုပေါ် မူတည်သည်။ ကနေဒါ၊ မက္ကဆီကိုနှင့် အမေရိကန်ပြည်ထောင်စုတို့ကြား ချုပ်ဆိုထားသော မြောက်အမေရိက လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် (North American Free Trade Agreement-NAFTA)သည် ပိုမိုကျယ်ပြန့်သော သဘောတူစာချုပ် (Deep agreement) ၏ ဥပမာတစ်ခုဖြစ်သည်။ ထိုနည်းတူစွာပင်ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် (Trans-Pacific Partnership-TPP) ကိုလည်း ဆွေးနွေးအကောင်အထည်ဖော်နေပါသည်။ ထိုကဲ့သို့ကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှုက ရင်းနှီးမြှုပ်နှံမှု၊ အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှု၊ ယှဉ်ပြိုင်မှု ပေါ်လစီတို့နှင့်ပတ်သက်ပြီး ပိုမိုပွင့်လင်းပြီး တစ်ပြေးညီလုပ်ဆောင်ခွင့် ရရှိစေပါသည်။ ထို့ကြောင့် PTAs တွင် ပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း GVCs အတွင်း ပိုမိုပါဝင်နိုင်မည့် နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ ပိုမိုကျယ်ပြန့်သော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သော အဆိုပါသဘောတူစာချုပ်များက ရှုပ်ထွေးသော ထုတ်လုပ်မှုပုံစံ (Complex production structure) ကို ပိုမိုလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်လာနိုင်စေသည်။PTAsတွင် ပူးပေါင်းပါဝင်ခြင်းကြောင့် နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီသော ပစ္စည်းအစိတ်အပိုင်းများ (Parts and components) ထုတ်လုပ်ရောင်းချခြင်းအားဖြင့် ကုန်သွယ်မှုပမာဏ တိုးတက်လာနိုင်သည်။

အကောက်ခွန်သက်သာခွင့် သဘောတူစာချုပ်များ ချုပ်ဆိုခြင်းအားဖြင့် စည်းမျဉ်းစည်းကမ်းကောင်းမွန်အောင် ဆောင်ရွက်ပြီး ကုန်သွယ်မှုစရိတ်လျော့ကျစေလျက် GVCs အတွင်း ပါဝင်ခြင်းသည် နည်းလမ်းကောင်းတစ်ခုဖြစ်သည်ဟု ဖော်ပြခဲ့သည်။ သို့သော်လည်း မိမိနိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများကောင်းမွန်သကဲ့သို့ အိမ်နီးချင်းနိုင်ငံများ၏ စည်းမျဉ်းစည်းကမ်းများလည်း ကောင်းမွန်ရန် လိုအပ်သည်။ ရှုပ်ထွေးသောတန်ဖိုးကွင်းဆက်ရှိသည့် ပဋိညာဉ်အခြေပြုကဏ္ဍများကို လေ့လာရာတွင် အိမ်နီးချင်းဆိုး (Bad neighbours) ရှိသော နိုင်ငံများသည် ပို့ကုန်အနည်းငယ်သာ တင်ပို့နိုင်သည်ကို တွေ့ရှိရသည်။ ထို့ကြောင့် သဘောတူစာချုပ်များကို အိမ်နီးချင်းနိုင်ငံအားလုံးက သဘောတူလက်မှတ်ရေးထိုး အကောင်အထည်ဖော်ရန် လိုအပ်သည်။ ပစိဖိတ်ဖြတ်ကျော်ပူးပေါင်း ဆောင်ရွက်ရေးသဘောတူစာချုပ်တွင်လည်း အရှေ့တောင်အာရှနှင့် လက်တင်အမေရိကရှိ ပစိဖိတ်နိုင်ငံများက သဘောတူလက်မှတ်ရေးထိုးပါက ကောင်းကျိုးများ ခံစားရမည်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် GVCs အတွင်း ပိုမိုပါဝင်ရေးအတွက် လိုအပ်သော ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရပါမည်။ ထိုပြုပြင်ပြောင်းလဲမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စိန်ခေါ်မှုဖြစ်နေသော်လည်း ပြန်လည်ရရှိမည့် ကောင်းကျိုးမှာ အလွန်ကြီးမား များပြားပါသည်။

Source: brookings.edu

# မိမိနိုင်ငံဖွံ့ဖြိုးဖို့ မိုဘိုင်းဖုန်းများကို အကျိုးရှိစွာ သုံးစွဲကြပါစို့

**နိုင်ဦး(DOCA)**

ယနေ့ခေတ်တွင် ဖွံ့ဖြိုးမှုဟူသည့်စကားရပ်သည် နယ်ပယ်စုံတွင် ခေတ်စားလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတိုင်းလိုလိုတွင် တိုးတက်ရေး၊ ဖွံ့ဖြိုးရေးအတွက်နည်းလမ်းပေါင်းစုံကို အသုံးပြုကာ ဆောင်ရွက်လျက်ရှိနေသည်မှာ အားရစရာကောင်းလှသည်။ အောင်မြင်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများရှိသလို ကြိုးစားရုန်းကန်နေရဆဲဖြစ်သော နိုင်ငံများလည်းရှိခဲ့သည်။ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး စသည့် ဖြစ်စဉ်များနှင့်ချိန်ထိုး၍ ဆောင်ရွက်ကြရသည်။ အဆိုပါဖွံ့ဖြိုးမှုများအတွက် ဖြစ်စဉ်အသီးသီးသည် တိုက်ရိုက်ရောသွယ်ဝိုက်၍ပါ ဆက်နွယ်ပါဝင်လျက်ရှိသည်။ ဖြစ်စဉ်တစ်ခုခု ချို့ယွင်းအားနည်းမှုဖြစ်ပါက ဖွံ့ဖြိုးမှုဖြစ်စဉ်တစ်ခုလုံးကို ပျက်စီးစေသည်အထိ အကျိုးသက်ရောက်မှုရှိသည်။ ထို့ကြောင့်ပင် ဖွံ့ဖြိုးပြီး နိုင်ငံများရော ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော နိုင်ငံများပါ အဆိုပါဖြစ်စဉ်များကို သတိကြီးကြီးထားကာ ချိန်သားကိုက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေကြခြင်း ဖြစ်သည်။

ထိုသို့မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကမ္ဘာ့နိုင်ငံတိုင်းလိုလိုတွင် အနှောင့်အယှက်၊ အတိုက်အခိုက်များစွာကို ကြုံတွေ့နေရသည်။ ဖြေရှင်းဆောင်ရွက်နေကြသဖြင့် ဖွံ့ဖြိုးမှုအရှိန်အဟုန်များ လျော့ကျလာသည်။ အချိန်တွေ၊ ငွေ တွေကုန်သည်၊ ထိုကြုံတွေ့ရသောအခက်အခဲများအနက် လူမှုမီဒီယာများကြောင့်ဖြစ်ပွားမှုများမှာ အပြင်းထန်ဆုံးဖြစ်နေသည်ကို တွေ့ရသည်။ ထိုလူမှုမီဒီယာများသည် နိုင်ငံဖွံ့ဖြိုးရေးဖြစ်စဉ်များဖြစ်သည့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးကဏ္ဍများအပြင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများအထိပါ ထဲထဲဝင်ဝင် ပါဝင်စွက်ဖက်၍ အပျက်သဘောဆန်စွာ ဆောင်ရွက်နေမှုများကြောင့် မမျှော်မှန်းနိုင်သောအန္တရာယ်များစွာကြုံတွေ့နေကြခြင်းများက သက်သေပင်ဖြစ်သည်။

အများစုသော မီဒီယာနည်းလမ်းပေါင်းစုံသည် မီဒီယာကျင့်ဝတ်များနှင့်အညီ လူသားများအတွက် အကျိုးရှိစေမည့်သတင်းအချက်အလက်များစွာကို အလွယ်တကူသိရှိစေရေးအတွက်၊ ရယူစေရေးအတွက်၊ အသုံးချစေရေးအတွက် ကောင်းမွန်သော မူဝါဒများချမှတ်ကာ စေတနာထားဆောင်ရွက်ပေးလျက်ရှိသည်။ လူ့အဖွဲ့အစည်းများ၏ စည်းလုံးညီညွတ်ရေး၊ တစ်ဦးချင်းစီ၏ အခွင့်အရေးများကို တန်ဖိုးထားရေး၊ ဟန်ချက်ညီသော သတင်းအချက်အလက်များကို မျှတစွာဖြန့်ဝေရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အကြမ်းဖက်မှုကင်းဝေးစေရေးအတွက် အခြေခံအုတ်မြစ်များချပေးရေးစသည့် လုပ်ငန်းစဉ်များကိုချမှတ်၍ ပုံစံမျိုးစုံဖြင့် သတင်းအချက်အလက်များကိုတင်ဆက်ပေးနေသည်။ ဂုဏ်သိက္ခာကြီးမားစွာ နာမည်တစ်လုံးဖြင့် ရပ်တည်ကြံ့ကြံ့ခံကာ ကြိုးစားဆောင်ရွက်ပေးလျက်ရှိနေသည်။ ထို့ကြောင့်ပင် ကမ္ဘာကြီးသည် စိမ်းလန်း စိုပြည်ခဲ့ဖူးသည်၊ ငြိမ်းချမ်းခဲ့ဖူးသည်၊ လက်တွဲအဖြေရှာကာ ပူးပေါင်း၍ အခက်အခဲများကိုအောင်မြင်စွာ ဖြေရှင်းခဲ့ဖူးသည်၊ ဖွံ့ဖြိုးမှုအသီးအပွင့်များကို စားသုံးခဲ့ကြဖူးသည်။ မီဒီယာများ၏ ကျေးဇူးကြောင့်ပင်ဖြစ်သည်။

ယခုအခါ စက်မှုအတတ်ပညာတိုးတက်မှုနှင့်အညီ ပေါ်ပေါက်လာသော လက်တစ်ဝါးစာသာရှိသည့် ခေတ်မီဖုန်းပစ္စည်းလေးတွေကြောင့် ကမ္ဘာကြီးသည် အိမ်လေးတစ်လုံးပမာဖြစ်လာကြသည်။ ယခင်က ဖုန်းတစ်ခါဆက်ရန် အချိန်များစွာပေးခဲ့ကြရသည်၊ တန်းစီစောင့်ခဲ့ကြရသည်။ ရက်ချိန်းယူခဲ့ကြရသည်။ ယနေ့ခေတ်တွင်မူ မိုဘိုင်းဖုန်းတွေ တောရောမြို့ပါ ကျယ်ပြန့်စွာကိုင်တွယ်လာနိုင်သည်။ စီးပွားရေး၊ လူမှုရေး၊ သာရေး၊ နာရေးစသည့် ကိစ္စများတွင် အချိန်တိုအတွင်း ဆောင်ရွက်လာနိုင်သည်။ အသံရော၊ အရုပ်ပါ မြင်ရကြားရ၍ ခွဲခြားမှုကွာခြားမှုမရှိတော့ပေ။ ကောင်းမွန်သော တိုးတက်ပြောင်းလဲမှုဖြစ်၍ ဝမ်းသာကျေနပ်စရာပင်ဖြစ်သည်။ သို့သော် ကောင်းတာရှိသလို သတိပြုဆင်ခြင်သင့်သည်များလည်းရှိပေသည်။

သတိပြုသင့်သည့်အချက်များတွင် ငွေကို၊ အချိန်ကို၊ ကျန်းမာရေးကို၊ ဆင်ခြင်တုံတရားကို အလွန်အကျွံ သက်ရောက်မှုမရှိစေရေးအတွက် အသိတရားလက်ကိုင်ထားကာ သတိထား ဆင်ခြင်ဆောင်ရွက်ရန် လူတိုင်းလူတိုင်းတွင် တာဝန်တစ်ခုသဖွယ် အရေးကြီးလာပါသည်။ မိမိနိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်နေစဉ်ကာလတွင် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမည်။ ငွေတွေ၊ အချိန်တွေ အလဟဿ ဆုံးရှုံးမည်။ ပူးပေါင်းစုစည်းဆောင်ရွက်မှုများအားနည်းသွားပါက အဟန့်အတားဖြစ်စေနိုင်၍ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ခန့်မှန်းလူဦးရေစာရင်းအရ ၅၄ သန်းကျော်ရှိသည်ဟုသိရသည်။ သို့သော် နိုင်ငံရှိ ဆက်သွယ်ရေးအော်ပရေတာများက လူဦးရေ ၆၂ သန်းကျော်ကို ဝန်ဆောင်မှုပေးနေသည်ဟု သိရပြန်သည်။ လူဦးရေထက် ဖုန်းကိုင်ဆောင်သူက ပိုမိုများပြားသည့်သဘောဖြစ်သည်။ ထို ၆၂ သန်းသည် ဖုန်းကို တစ်မိနစ်အသုံးပြုပါက အသုံးပြုခ ၁၀ ကျပ်ဆိုပါစို့၊ တစ်မိနစ်ပြည့်တိုင်း ကျပ်သန်း ၆၂၀ ကုန်သည်။ တစ်နာရီပြည့်တိုင်း ကျပ်သန်း ၃၇၂၀၀ ကုန်သည်။ တစ်ရက်ပြည့်တိုင်းကျပ်သန်း ၈၉၂၈၀၀ သန်းကုန်သည်။ တစ်လ၊ တစ်နှစ်ဆိုပါက တွေးဝံ့စရာပင် မကောင်းတော့ပေ။ လူတိုင်းတော့ မဟုတ်။ ပျမ်းမျှအနေဖြင့် တွက်ချက်ကြည့်မိခြင်းဖြစ်သည်။ ထိုလေထဲတွင် ကုန်သွားသောငွေကြေးများစွာအတွက် ဘာတွေအကျိုးအမြတ်ရရှိခဲ့ပြီလဲ။ မိမိအတွက်ရော၊ မိမိတိုင်းပြည်အတွက်ပါ ဘာတွေဆောင်ရွက်နိုင်ခဲ့ပြီလဲ။ မသိနိုင်။ ငွေကြေးများစွာကတော့ လေထဲတွင် ကုန်နေဆဲပင်ဖြစ်သည်။ ထိုလေထဲတွင် ကုန်သွားသော ငွေကြေးများသည် အခြေခံလူတန်းစားအလုပ်သမားများ၏တစ်နေကုန် ရုန်းကန်ရှာဖွေရာမှ ရရှိသောငွေများ၊ လယ်သမားများ၏ငွေများ၊ တစ်လကုန်မှ ရရှိမည့် ဝန်ထမ်းများ လစာများ၊ စွန့်စားဆောင် ရွက်ရသော လုပ်ငန်းရှင်များ၏ငွေများ ပါဝင်ပါသည်။ ဖုန်းများကို သုံးစွဲသည်နှင့် အချိန်များစွာကို ရင်းနှီးမြှုပ်နှံထားရသည်။ အလုပ်လုပ်တဲ့အချိန်၊ စားသောက်တဲ့အချိန်၊ အနားယူရမည့်အချိန်၊ ကိုယ်လက်ကြံ့ခိုင်ရေးပြုလုပ်ရမည့် အချိန်၊ အိပ်ချိန် စသည့် အချိန်များကို ပေးဆပ်၍ သုံးစွဲကြရသည်။ အလွန်အကျွံသုံးစွဲပါက အိပ်ချိန်၊ စားချိန်မမှန်၍ အိပ်ရေးပျက်ခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ ကျန်းမာရေး ထိခိုက်ခြင်း၊ အလွယ်တကူဒေါသဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အတွေးအခေါ် မမှန်ကန်ခြင်း၊ အကြောထုံးခြင်း၊ ကြွက်သားများ ကိုက်ခဲခြင်း၊ မှတ်ဉာဏ်များ ချို့ယွင်းခြင်း၊ အကြားအာရုံချို့တဲ့ခြင်း စသည့်ရောဂါများ ဖြစ်ပွားနိုင်သည်။ ကျန်းမာရေးကို ထိခိုက်စေသည်။ ဆင်ခြင်တုံတရား နည်းပါးသွားသည်။ သဘောမှာ ကျန်းမာရေး ထိခိုက်နိုင်ပါသည်။

လက်ရှိခေတ်စားလျက်ရှိသော ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်သည် နိုင်ငံအသီးသီးတွင် ကြောက်စရာကောင်းလောက်အောင် ရယူသုံးစွဲနေကြသည်။ မြန်မာနိုင်ငံတွင်လည်း အလားတူပင်ဖြစ်သည်။ ဤလူမှုကွန်ရက်ကိုအသုံးပြု၍ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ စစ်ရေး၊ နိုင်ငံရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သာရေး၊ နာရေးကိစ္စများနှင့်ပတ်သက်၍ မကျေနပ်ချက်များကို ဖော်ထုတ်ရာ၊ ရေးသားရာ၊ ဝါဒဖြန့်ချိရာ၊ သွေးခွဲလှုံ့ဆော်ရာအဖြစ် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေကြသည်။ မှန်ကန်သော သတင်းအချက်အလက်များသည် အများအတွက်အကျိုးရှိသော်လည်း ကိုယ်ကျိုးအတ္တ၊ စိတ်ခံစားချက်များကို ရှေ့တန်းတင်၍ ဖော်ပြထားသော ခြိမ်းခြောက်အနိုင်ကျင့်မှုတွေ၊ လူမှုရေးကိစ္စဖောက်ပြားမှုတွေ၊ ကောလာဟလ၊ မမှန်သတင်းများသည်၊ အမုန်းပွားစေသည်၊ ချစ်ကြည်ရင်းနှီးမှုများကို ထိခိုက်စေသည်ကတော့ အသေအချာပင် ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးက လူတစ်ဦးချင်းစီမှ ငွေများစွာ၊ အချိန်များစွာပေးဆပ်ထားသော်လည်း ကျန်းမာရေးမကောင်းမှုတွေ၊ ခြိမ်းခြောက် အနိုင်ကျင့်မှုတွေ၊ ဝါဒမှိုင်းတိုက်မှုတွေ၊ အမုန်းစကားဖြန့်ချိမှုတွေသာ ပြန်လည်ရရှိသဖြင့် မလိုလားအပ်သောသတင်းဖော်ပြမှုများကိုပယ်ဖျက်ပေးရန် တောင်းဆိုလာကြသဖြင့် ဖေ့စ်ဘွတ်ခ်တာဝန်ရှိသူများက လိုက်နာဆောင်ရွက်လျက်ရှိကြသည်။ မြန်မာနိုင်ငံတွင်လည်း အလားတူကြုံတွေ့နေရသဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့်အကောင့်၊ စာမျက်နှာများကိုသေချာစွာစောင့်ကြည့်စစ်ဆေးရန်အတွက် မြန်မာဘာသာစကား ကျွမ်းကျင်ပိုင်နိုင်သော ဝန်ထမ်း ၉၉ ဦးကို ခန့်ထားပြီးဖြစ်ကြောင်း၊ ထိုဝန်ထမ်းများကို လူ့အခွင့်အရေးကျွမ်းကျင်ပညာရှင်များနှင့် ထပ်မံပေါင်းစည်းတာဝန်ပေးအပ်သွားမည်ဟု သိရှိရသဖြင့် ဝမ်းသာရသည်။ မြန်မာနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များကလည်း မလိုလားအပ်သော၊ သတင်းမှား၊ ကောလာဟလမမှန်သတင်းများ၊ အမုန်းတရားပွားများစေသော သတင်းမှားများ၊ လူတစ်ဦးချင်း၏ ကိုယ်ကျင့်သိက္ခာ၊ အခွင့်အရေးများကို ထိခိုက်စေသောသတင်းမှားများ၊ ဝါဒမှိုင်းတိုက်သောသတင်းမှားများ၊ ပဋိပက္ခဖြစ်ပွားရန် လှုံ့ဆော်သောသတင်းမှားများကို ဖြန့်ချိသော အကောင့်များ၊ စာမျက်နှာများကို ဖယ်ရှားရှင်းလင်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ခြင်းသည် မိုဘိုင်းဖုန်းများကိုအသုံးပြု၍ အကောင့်များ၊ စာမျက်နှာများကိုဖန်တီး၍ ရရှိသည့်သတင်းအချက်အလက်များကို အကျိုးရှိစွာပြန်လည်အသုံးပြုနိုင်ရေးအတွက် မလိုလားအပ်သော ပြဿနာများမဖြစ်ပွားစေရေးအတွက် ကိုယ်စီ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးပြဿနာများကို တရားမျှတစွာဆောင်ရွက်နိုင်ရေးအတွက် ကိုယ်စီအခွင့်အရေးများကို တန်ဖိုးထားနိုင်ရေးအတွက် အမုန်းတရားများကင်းဝေးရေးအတွက် ကောလာဟလများ ကင်းစင်ရေးအတွက်သာ ရည်ရွယ်ပါသည်။

ကောလာဟလသတင်းတွေ၊ သပ်လျှိုသွေးခွဲသောသတင်းတွေ၊ အမုန်းစကားတွေကို ရှင်းလင်းဖြေရှင်းဆောင်ရွက်နေခြင်းသည် လွတ်လပ်စွာပြောဆိုခွင့်၊ တင်ပြပိုင်ခွင့်၊ တောင်းဆိုပိုင်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများကို ကန့်သတ်ပိတ်ပင်တားဆီးခြင်းမဟုတ်ပေ။ နိုင်ငံတကာဥပဒေများအရ၊ သဘောတူညီချက်များအရ စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်များအရ တားမြစ်ပိတ်ပင်ထားသော လူအချင်းချင်း ခွဲခြားဆက်ဆံခြင်း၊ ရန်လိုအမုန်းပွားခြင်း၊ အကြမ်းဖက်ခြင်းများကြောင့် ငြိမ်းချမ်းရေး၊ တရားမျှတမှုရှိရေး၊ ချစ်ကြည်ရင်းနှီးမှုရှိရေး၊ အတူလက်တွဲပူးပေါင်းဆောင်ရွက်ရေး စသည့် အချက်များကို ထိခိုက်မှုများမှ ကာကွယ်တားဆီးနေခြင်းသာဖြစ်သည်။ ဤသည်ကို လူတစ်ဦးချင်းစီမှ နားလည်သဘောပေါက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုပါသည်။ မှန်ကန်တိကျ၍ အကျိုးရှိသောသတင်းများကိုသာ လက်ခံကြရန်လိုသည်။ တိကျသေချာမှုမရှိ၊ စိတ်ခံစားမှုအတ္တများကို အခြေခံသောသတင်းမှားများကို ငြင်းပယ်ရန် လိုပါသည်။

သို့မှသာ ဆက်သွယ်ရေးဖွံ့ဖြိုးမှုမှပေးသော သတင်းအချက်အလက်များကို မျှဝေလာနိုင်မည်၊ ဖြန့်ဝေလာနိုင်မည်၊ ဖလှယ်လာနိုင်မည်၊ အကျိုးရှိစွာ ပြန်လည်အသုံးပြုခြင်းဖြင့် ပိုမိုစည်းလုံးညီညွတ်၍ ပူးပေါင်းဆောင်ရွက်တတ်သော လူသားကမ္ဘာကြီးကို တည်ဆောက်လာနိုင်မည်၊ ဖွံ့ဖြိုးမှုအသီးအပွင့်များကို မျှတစွာခံစားလာနိုင်မည်။ စေတနာထား စုပေါင်းအားဖြင့် တရားမျှတလွတ်လပ်သော ကမ္ဘာကြီးကို အနှောင့်အယှက်ပေးနေသည့် ကောလာဟလသတင်းတွေ၊ အမုန်းစကားတွေ၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စစ်ရေးစသည့် ကဏ္ဍစုံအလိုက် ဖြစ်ပေါ် ကျယ်ပြန့်နေသည့် သတင်းမှား၊ သတင်းလိမ်တွေကို ဖယ်ရှားရှင်းလင်းခြင်း၊ ထပ်မံမပေါ် ပေါက်ရန် တားဆီးခြင်း ကိုယ်စီစဉ်းစားဉာဏ်ဖြင့် မယုံကြည်ကြရန် သာလိုပါသည်။

သို့ဖြစ်ပါ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော မိုဘိုင်းဖုန်းနှင့်ဆက်စပ်သော လူမှုကွန်ရက်အကောင့်စာမျက်နှာများကို အသိတရားလက်ကိုင်ထားကာ ဆင်ခြင်တုံတရားကြီးစွာဖြင့် အကျိုးရှိစွာ သုံးစွဲသင့်ပါသည်။ ငွေများအချိန်များစွာ ပေးဆပ်ရင်းနှီးထားမှုနှင့် ထိုက်တန်သောသတင်းအချက်အလက်များကိုသာ ရွေးချယ်ရယူ၍ အကျိုးရှိစွာ အသုံးပြုကြစေချင်ပါသည်။ မိမိကျန်းမာကြံ့ခိုင်မှု ထိခိုက်နိုင်လောက်အောင် အဆင်ခြင်မဲ့စွာ သုံးစွဲခြင်းများကိုလည်း ရှောင်ကြဉ်စေချင်ပါသည်။ အတ္တ၊ လောဘများကိုအခြေခံကာ စိတ်ခံစားမှုများဖြင့် ဝါဒမှိုင်းတိုက်ကာ အမုန်းတရားအခြေခံသောသတင်း ယောင်၊ သတင်းမှားများကို ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ဆင်ခြင်ပိုင်းခြား၍ ရှောင်ရှားသင့်ပါသည်။ မိုဘိုင်းဖုန်းနှင့် လူမှုကွန်ရက်အကောင့်၊ စာမျက်နှာများကို အသုံးပြုရာမှ ရရှိသောကောင်းမွန်သည့် သတင်းအချက်အလက်များကို အသုံးပြု၍ မိမိဘဝတိုးတက်ရေး၊ မိမိတိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ကျရာကဏ္ဍများမှ အကျိုးပြုသောသူများအဖြစ် ဂုဏ်ယူကြပါရန် စေတနာထား၍ တိုက်တွန်းအပ်ပါသည်။

# လှိုင်းဘွဲ့မြို့ပေါ်ရှိ ကုန်စုံဆိုင်များအား ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေး

ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီတွင် ကရင်ပြည်နယ်၊ ပြည်နယ်ဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးဝင်းနိုင်( ဦးစီးအရာရှိ )၊ ဒေါ်ခင်ခန့်ခန့်ခိုင်( ဦးစီးအရာရှိ )နှင့် လှိုင်းဘွဲ့မြို့နယ်တာဝန်ခံဖြစ်သော ဒေါ်နန်းခင်ဇာဖြူ ( အကြီးတန်းစာရေး )တို့သည် လှိုင်းဘွဲ့မြို့နယ်မိတ်ဖက်ဌာနဆိုင်ရာများဖြစ်သော မြို့နယ်ရဲတပ်ဖွဲ့၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ လှိုင်းဘွဲ့မြို့ပေါ်ရှိ လက်ကား ကုန်စုံဆိုင်ကြီး ကိုးဆိုင်သို့ သွားရောက်ကာ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းနှင့် စားသုံးသူကာကွယ်ရေးဥပဒေ အခန်း( ၁၈ )ပါ ကုန်အညွှန်းအမှတ်အသားများ အကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေ အခန်း( ၂၀ )အရ ဦးစီးမှူးရုံးမှ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူပိုင်ခွင့်အကြောင်း၊ ကုန်ပစ္စည်းများ ရောင်းချရာတွင် ကရင်ပြည်နယ် စားသုံးသူရေးရာကော်မတီမှ အတည်ပြု သတ်မှတ်ထားသော ဦးစားပေးကုန်စည် ၁၀ မျိုးတွင် မဖြစ်မနေပါဝင်ရမည့် ကုန်အညွှန်း အမှတ်အသားနှင့် ပတ်သက်သည့် အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကရင်ပြည်နယ်အတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့် အထက်ဖော်ပြပါ ဦးစားပေးကုန်စည် ၁၀ မျိုးအကြောင်း အသေးစိတ်ရှင်းပြ၍ ကုန်ပစ္စည်းရောင်းချသော ကုန်စုံဆိုင်ပိုင်ရှင်များအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာပါရှိသော ကုန်ပစ္စည်းများကိုသာ ရောင်းချရန်၊ တားမြစ်ထားသောကုန်ပစ္စည်းများ၊ သက်တမ်းလွန်ကုန်ပစ္စည်းများ၊ အချက်အလက်ပြည့်စုံစွာမပါရှိသောကုန်ပစ္စည်းများကို မရောင်းချရန်အသိပညာပေးဆောင်ရွက်ခဲ့ပြီးလက်ကမ်းစာစောင်များကို စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများသို့ ဖြန့်ဝေပေးခဲ့သည်။

**ခင်ခန့်ခန့်ခိုင်**
**( ဘားအံ-DOCA )**

# ကသာမြို့ပေါ်ရှိ ဈေးများအား ရှောင်တခင် စစ်ဆေး

ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကသာမြို့ပေါ်ရှိဈေးများတွင် စားသုံးရန်မသင့် ကုန်ပစ္စည်းများ ရောင်းချမှု ရှိ/မရှိ စစ်ဆေးရန်အတွက် ကသာမြို့ သီရိခေမာဈေးနှင့် မြို့မဈေးအား ဩဂုတ် ၇ ရက်တွင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများဖြင့် ပူးပေါင်း၍ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် အဓိကအနေဖြင့် အသား/ငါးဆိုင်များအား သန့်ရှင်းသပ်ရပ်မှုရှိရန်အတွက် အသားငါးများရောင်းချရာတွင် ပလတ်စတစ်များ ဖုံးအုပ်၍ ရောင်းချရန်၊ ငါးကြီးချဉ်များကိုလည်း ဆိုးဆေးများ မထည့်ရန်နှင့် ရောင်းချသူဈေးသည်များအား Mask များတပ်၍ ရောင်းချရန် မှာကြားခဲ့ပြီး ဈေးအတွင်းရှိ ကုန်စုံဆိုင်များတွင် ရောင်းချနေသော ကုန်ပစ္စည်းများတွင် သက်တမ်းလွန် ကုန်စည်များ ရောင်းချမှုရှိ/မရှိစစ်ဆေးခြင်း၊ ဈေးနှုန်းမြင့်တင် ရောင်းချမှုရှိ/မရှိနှင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှု ရှိ/မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကုန်အညွှန်း အမှတ်အသားနမူနာများ ပေးဝေခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

**အေးမွန်သန့်(ကသာ)**

# ကုန်စည်ပေါ်တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရှင်းလင်း

စားသုံးသူရေးရာဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးအတွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော သောက်ရေသန့်ထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် ငါးဖယ်ချဉ်၊ ပုစွန်ချဉ်များ ထုတ်လုပ်သည့် လုပ်ငန်းရှင်များအား ဖိတ်ကြား၍ ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဦးစီးမှူးရုံးမှ စားသုံးသူရေးရာဌာနခွဲတာဝန်ခံ ဦးအောင်သိုက်(လက်ထောက်ညွှန်ကြားရေးမှူး)က စားသုံးသူကာကွယ်ရေးဥပဒေ(၂၀၁၉)ပါ ပြဋ္ဌာန်းချက်များအကြောင်းနှင့် စားသုံးသူကာကွယ်ရေးဥပဒေအရ ကုန်စည်များပေါ်တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် လုပ်ငန်းရှင်များ၏ ပြန်လည်မေးမြန်းမှုများကိုတိုင်းဒေသကြီးဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**ရဲဘုန်း**

# ဇီးကုန်းမြို့နယ် စည်ပင်သာယာဈေးအတွင်း ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်မှ မြို့နယ်တာဝန်ခံဦးတင်မြင့်နှင့် ဝန်ထမ်းများသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၊ မြို့နယ်ကျန်းမာရေး၊ ဈေးမိဈေးဖများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်အတူ ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီတွင် စည်ပင်သာယာမြို့မဈေးအတွင်းရှိ ကုန်မျိုးစုံရောင်းချနေသောဆိုင်များသို့ သွားရောက်၍ စားသုံးသူကာကွယ်ရေး ဥပဒေအခန်း(၁၈) ပုဒ်မ ၄၁ အရ ကုန်စည်များပေါ်တွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။

**ခိုင်ခိုင်ရီ**
**(သာယာဝတီ)**

# SMEs လုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသား အသိပေးဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံသည် ဒေသတွင်းရှိSMEs လုပ်ငန်းများ သက်ဆိုင်ရာဌာန၏ ထောက်ခံချက်ရရှိရေးနှင့် စဉ်ဆက်မပြတ် တိုးတက်စေရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် ဒေသတွင်းရှိ SMEs လုပ်ငန်းသစ် သုံးခုအား သက်ဆိုင်ရာဌာန၏ ထောက်ခံချက်ရရှိနိုင်ရေးနှင့်လုပ်ငန်းဟောင်း သုံးခုအား သက်တမ်းတိုးမြှင့်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ ဩဂုတ် ၅ ရက် နံနက်၁၀ နာရီတွင် ဇူလိုင်လအတွင်း သက်ဆိုင်ရာဌာန၏ ထောက်ခံချက်ရရှိရေးနှင့် သက်တမ်းတိုးမြှင့်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့သော လုပ်ငန်းခြောက်ခုမှ လုပ်ငန်းရှင်ခုနစ်ဦးအား ဖိတ်ကြား၍ ဦးခွန်ကျော်ဌေး(ဦးစီးအရာရှိ)က ဒေသတွင်းရှိSMEs လုပ်ငန်းများအနေဖြင့် အသင်းအဖွဲ့များဖွဲ့စည်းကာ ပူးပေါင်းလုပ်ဆောင်သင့်ကြောင်း၊ အသင်းအဖွဲ့ဖွဲ့စည်းလုပ်ဆောင်ခြင်းဖြင့် SMEs လုပ်ငန်းများတွင် လိုအပ်သော ပြည်တွင်း၊ ပြည်ပမှ ငွေကြေးအကူအညီများ၊ နည်းပညာအကူအညီများနှင့် နိုင်ငံတကာကုန်စည်ပြပွဲများသို့ သွားရောက်ပြသနိုင်သော အခွင့်အရေးများ ရရှိလာနိုင်မည်ကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ထုတ်ကုန်လုံခြုံစိတ်ချ ရမှုဌာနစိတ်၊ တာဝန်ခံ ဦးရန်နောင်(ဦးစီးမှူး)က စားသုံးသူကာကွယ်ရေး ဥပဒေအခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ အချက်များ ပြည့်စုံမှန်ကန်စေရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်များ သိရှိလိုက်နာစေရေး ဆွေးနွေးကာSMEs လုပ်ငန်းရှင်များထံ သက်ဆိုင်ရာဌာန၏ ထောက်ခံချက် လက်မှတ်များအား ပေးအပ်ခဲ့ကြောင်းသိရှိရသည်။

**ရန်နောင်(ကျိုင်းတုံ)**

# လက်ပံတန်းမြို့နယ်အတွင်းရှိ စားသောက်ဆိုင်များအား ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၅ရက် နံနက်၁၀ နာရီတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID-19 ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ မြို့ပေါ်ရှိ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရာတွင် ပြင်ဆင်ဆောင်ရွက်ရမည့် အချက်များ၊ စားသောက်ဆိုင်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများလိုက်နာဆောင်ရွက်ရမည့်အချက်များ၊ စားသုံးသူများလိုက်နာဆောင်ရွက်ရမည့်အချက်များ၊ အထူးဂရုပြုဆောင်ရွက်ရမည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားခြင်း ရှိ/ မရှိ မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံဦးချစ်ကိုကို၊ စည်ပင်သာယာရေးအဖွဲ့မှ အလုပ်အမှုဆောင်ဦးကျော်စွာလင်း၊ မြို့နယ်ကျန်းမာရေးမှူးဦးဇော်မင်းထိုက်၊ မီးသတ်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများနှင့် အတူကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**ကြည်အေးဆွေ(သာယာဝတီ)**

# ဒိုက်ဦးမြို့နယ်အတွင်းရှိ သောက်ရေသန့်၊ အချိုရည်နှင့် ယိုမျိုးစုံ အရောင်းဆိုင်များအား ကုန်အညွှန်းအမှတ်သားဖော်ပြထားမှု ရှိ/မရှိစစ်ဆေး

ဒိုက်ဦးမြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးမျိုးမြင့်နှင့်ဝန်ထမ်းများ၊ မိတ်ဖက်ဌာနဆိုင်ရာများနှင့်အတူ ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီတွင် ဒိုက်ဦးမြို့မဈေးရှိ သောက်ရေသန့်၊ အချိုရည်နှင့်ယိုမျိုးစုံအရောင်းဆိုင်များအား ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြထားမှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့သည်။

ထိုသို့ စောင့်ကြည့်စစ်ဆေးရာတွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြထားခြင်းမရှိသော ကုန်စည်အချို့အား စစ်ဆေးတွေ့ရှိရ၍ ပြည့်စုံမှန်ကန်မှုရှိသောကုန်စည်များဝယ်ယူ ရောင်းချရန်နှင့် အရောင်းဆိုင်များသို့ ပို့ဆောင်ပေးသောလုပ်ငန်းရှင်များကိုလည်းကုန်အညွှန်းအမှတ်အသားပြည့်စုံစွာဖော်ပြပေးရန်နှင့် ကုန်အညွှန်းအမှတ်အသားမရှိသောကုန်စည်များအား ရောင်းချခြင်းမပြုရန် လက်မှတ်ရေးထိုးစေခဲ့ပြီးအသိပေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **မျိုးမြင့်(ဒိုက်ဦး)**

# ဘားအံမြို့၌ ကုန်အညွှန်းအမှတ်အသား ပြည့်စုံမှန်ကန်စေရေး ဆွေးနွေးပညာပေး

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၈ ရက်တွင် ပြည်နယ်ဦးစီးမှူး ဦးသန်းဦး ဦးဆောင်၍ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများသည် ဦးအောင်ထွန်းစိုး( ရေသန့်လုပ်ငန်းရှင် )အား ရေသန့်စက်ရုံ တည်ဆောက်ရေးနှင့်ပတ်သက်၍ လိုအပ်သော အချက်အလက်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထိုသို့ ဆွေးနွေးရာတွင် စားသုံးသူကာကွယ်ရေးဥပဒေ အခန်း ( ၁၀ )နှင့် ( ၁၁ )တို့တွင် ဖော်ပြထားသော စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်အချက်များကို ရှင်းပြကာ စားသုံးသူကာကွယ်ရေး ဥပဒေအခန်း( ၁၈ )ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်ပတ်သက်၍ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် လိုအပ်သော ဥပဒေပါပြဋ္ဌာန်းချက်များကို အသေးစိတ် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**ခင်ခန့်ခန့်နိုင်(ဘားအံ-DOCA)**

# မြဝတီမြို့တွင် တရားမဝင်ကုန်စည်တားဆီးရေးအဖွဲ့များ ပူးပေါင်း၍ တရားမဝင် အေးခဲအသားများ သိမ်းဆည်းဖျက်ဆီး



မြဝတီခရိုင် တရားမဝင်ကုန်စည်တားဆီးရေးအဖွဲ့များဖြစ်သည့် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ ဇူလိုင် ၂၄ ရက်နံနက် ၉ နာရီခွဲတွင် မြဝတီမြို့ သယ်န်းညီနောင် တန်ပိုစစ်ဆေးရေးဂိတ်တွင် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် တရားမဝင် တားမြစ်ထားသော စားသုံးရန်/သုံးစွဲရန် မသင့်သည့် အေးခဲကြက်သား ပိဿာ ၂၁၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀ ခန့်စစ်ဆေးတွေ့ရှိခဲ့ပြီး ဈေးကွက်အတွင်း စားသုံးသူများထံသို့ရောက်ရှိပါက အန္တရာယ်ဖြစ်စေနိုင်သဖြင့် တရားမဝင်ကုန်စည်တားဆီးရေးအဖွဲ့များက သိမ်းဆည်းပြီး အေးခဲသားများကို သယ်န်းညီနောင်ဂိတ်အနီး မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်းသိရှိရသည်။ **မသဇင်( မြဝတီ )**

# သာပေါင်း မြို့မဈေးအတွင်း ကုန်မျိုးစုံဆိုင်များအား ကွင်းဆင်းစစ်ဆေး

သာပေါင်းမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးထွန်းမင်းလတ်နှင့် ဝန်ထမ်းများသည် ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီတွင် စည်ပင်သာယာမြို့နယ်အရာရှိဦးကျော်ကျော်နှင့်အဖွဲ့တို့ လိုက်ပါ၍ သာပေါင်းမြို့မဈေးကြီးအတွင်း ကုန်မျိုးစုံရောင်းချသောဆိုင်များသို့ သွားရောက်ပြီး သက်ဆိုင်ရာဌာနများမှ တရားဝင်တားမြစ်ထားသော ကုန်စည်များနှင့်သက်တမ်းလွန်ကုန်ပစ္စည်းများ ရောင်းချခြင်းမပြုလုပ်ရန်နှင့်စားသုံးသူ ကာကွယ်ရေးဥပဒေအခန်း ၁၈ ပုဒ်မ ၄၁ အရ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ကုန်စည်အမျိုးအစားအလိုက်စားသုံးသူကာကွယ်ရေးဥပဒေနှင့်ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး COVID-19 ကာလအတွင်း အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု အမိန့်ကြော်ငြာစာအရ ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ သိုလှောင်ရောင်းချခြင်း မပြုလုပ်ရန် အသိပညာပေး ဆွေးနွေးခဲ့ပြီး စားသုံးသူအသိပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဇေရာမြေ(ပုသိမ်)**

**စာမျက်နှာ (၁၇) အီးယူ၏ သစ်သီးဝလံတင်သွင်းမှု . . . မှအဆက်**

အဓိကဈေးကွက်များ ဖြစ်လာနိုင်ပြီး Green Tea တင်ပို့မှုအတွက် ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့သည် အရေးပါသည့် ဈေးကွက်များ ဖြစ်သည်။ အီးယူ၏ ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်မှုဆိုင်ရာ သတ်မှတ်ချက်များ၊ အပင်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ၊ အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက မြန်မာနိုင်ငံရှိ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်သူများ၏ အကျိုးစီးပွားကို ဖက်တီးပေးနိုင်ပြီး မြန်မာ့ပို့ကုန်ကဏ္ဍတိုးတက်ရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်လိုက်ရပါသည်။

**ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့။**

# မယ်စဲ့မြို့နယ်တွင် နယ်စပ်ဈေး၌ မြို့မစည်ပင်သာယာရေးဈေး စတင်ဖွင့်လှစ်

ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ဒေသထွက်ကုန်များကို စားသုံးသူလက်ထဲသို့ သန့်ရှင်းလတ်ဆတ်စွာဖြန့်ဖြူးပေးနိုင်ရန်နှင့်ဝယ်ယူစားသုံးနိုင်စေရန် ရည်ရွယ်၍ ကယားပြည်နယ်၊ ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် နယ်စပ်ဈေး၌ မြို့မစည်ပင်သာယာရေးဈေးကို ဩဂုတ် ၅ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါဈေးတွင် ဆိုင်ခန်းပေါင်း ၂၁ ခန်းရှိရာ လက်ရှိတွင် ဆိုင်ခန်းရှစ်ခန်းဖွင့်လှစ်ရောင်းချလျက်ရှိသည်။ ဆန်၊စားသောက်ကုန်၊ အဝတ်အထည်၊ စားသောက်ဆိုင်၊ ထမင်းဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ ကုန်စိမ်းနှင့်အသား၊ငါးတို့ကို နေ့စဉ်ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး ဗုဒ္ဓဟူးနေ့နှင့်စနေနေ့တို့ကို ဈေးနေ့အဖြစ် သတ်မှတ်ကာ ဈေးနေ့တွင် ဈေးကားများ လာရောက်ရောင်းချနိုင်ကြောင်း၊ ဈေးဖွင့်သည့်ကာလမှနစ်လအတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ဆုံးဖြတ်ချက်အရ ဆိုင်ခန်းခကို အခမဲ့ပေးသွားမည်ဖြစ်ကြောင်း၊ ပုံကျဈေးတွင်အခန်းငယ် ၁၂ ခန်းထားရှိပေးမည်ဖြစ်ပြီး ဈေးဆိုင်ခန်း ၁၃ ခန်း၌ မည်သူမဆို လာရောက်ရောင်းချနိုင်ကြောင်းနှင့် ရပ်ကွက်/ကျေးရွာများမှလည်း မိမိတို့၏ ဒေသထွက်ကုန်များကိုလည်း လာရောက်ရောင်းချနိုင်ကြောင်းသိရှိရသည်။ **ငြိမ်းဝေနှင်း(လွိုင်ကော်)**

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

# လှိုင်းဘွဲ့မြို့ရှိ ရေသန့်စက်ရုံများသို့ ကုန်အညွှန်းအမှတ်အသား အသိပညာပေးစစ်ဆေး

ဩဂုတ် ၆ရက်တွင် ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာနမှစစ်ဆေးရေးအရာရှိများသည် လှိုင်းဘွဲ့မြို့ပေါ်ရှိ ရွှေကရင်၊ လှိုင်းဘွဲ့နှင့်ဝင်းစတား ရေသန့်စက်ရုံများသို့သွားရောက်၍ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ယင်းသို့ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူကာကွယ်ရေးဥပဒေအခန်း၁၈ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်ပတ်သက်၍ ရေသန့်ထုတ်လုပ်ရာတွင် ပါဝင်ရမည့် ကုန်အညွှန်းအမှတ်အသားအကြောင်း အသေးစိတ်ရှင်းပြကာ ရေသန့်လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်လက်ကျန် ရေသန့်ဘူးများတွင်ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာဖော်ပြပေးရန်၊ အသစ်ထပ်မံထုတ်လုပ်မည့်ရေသန့်ဘူးများတွင်လည်း ဥပဒေအတိုင်း လိုက်နာ၍ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာရေးသားဖော်ပြထားသောရေသန့်ဘူးများကိုသာ ထုတ်လုပ်ရောင်းချရန် အသိပညာပေးပြောကြားကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ခင်ခန့်ခန့်နိုင်(ဘားအံ)**

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

# ဓနုဖြူမြို့ပေါ်ရှိ ကုန်စုံဆိုင်များအား ကွင်းဆင်းစစ်ဆေး

မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၏ လမ်းညွှန်ချက်အရ ဓနုဖြူမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးဝင်းမင်းစိုးနှင့် ဝန်ထမ်းများသည် ဓနုဖြူမြို့ပေါ်ရှိ ကုန်စုံဆိုင်ကြီးများအား ကွင်းဆင်းစစ်ဆေးပညာပေးခြင်းနှင့် နမူနာ ကောက်ယူခြင်းများကို ဇူလိုင် ၃၀ ရက်တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးပညာပေးဆောင်ရွက်ရာတွင် ဓနုဖြူမြို့နယ် တာဝန်ခံ ဦးဝင်းမင်းစိုးက စားသုံးသူကာကွယ်ရေးဥပဒေအခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသားများအကြောင်း၊ စစ်ဆေးရေး အရာရှိများ၏ လုပ်ပိုင်ခွင့်နှင့်ဆောင်ရွက်မည့်လုပ်ငန်းတာဝန်များ၊ ကုန်အညွှန်းအမှတ်အသားနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

စားသုံးသူကာကွယ်ရေးဥပဒေ(၂၀၁၉)၏ အခန်း(၂၀)ပါ စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ လိုက်နာရန်ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် သက်ဆိုင်ရာဦးစီးမှူးရုံးက သတိပေးခြင်း၊ ပြန်လည်ပြင်ဆင်ပေးစေခြင်း၊ အစားထိုးပေးစေခြင်း၊ ဆုံးရှုံးမှုတန်ဖိုးနှင့်အညီ ပြန်လည်ပေးစေခြင်းတို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**CONSUMER MT**

l: 20, No.25 Monday August 10 2020

# အာဆင်နယ်အသင်း ဂါဘရီရယ်နှင့် ဝီလီယံတို့ကို ခေါ်ယူရန် သဘောတူညီမှု ရထားဟုဆို



အာဆင်နယ်အသင်းသည် လိုင်လီအသင်းမှ ဘရာဇီးဗဟိုခံစစ်ကစားသမား ဂါဘရီရယ်နှင့် ချယ်လ်ဆီးအသင်းမှ ဘရာဇီး တောင်ပံကစားသမား ဝီလီယံတို့ကို ခေါ်ယူရန် သဘောတူညီမှုရရှိထားပြီဖြစ်ကြောင်း သိရသည်။

အသက်(၂၂)နှစ်ရှိ ဗဟိုခံစစ်ကစားသမား ဂါဘရီရယ်သည် ၂၀၁၇ ခုနှစ်ကပင် လိုင်လီအသင်းသို့ ရောက်ရှိလာခဲ့သော်လည်း ထရိုယက်စ်၊ ဒိုင်နမိုဇာဂရက် စသည့်အသင်းများသို့ အငှားချထားခြင်းခံရသူဖြစ်သည်။

ဂါဘရီရယ်ကို မန်ယူအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားမှု ရှိခဲ့ဖူးကြောင်း၊ သို့သော် အာဆင်နယ်အသင်းနည်းပြ အာတီတာအနေဖြင့် အဆိုပါကစားသမားကို လက်ဦးမှုရယူနိုင်ရေးအတွက် အလျင်အမြန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း၊ ယခုအချိန်တွင် အာဆင်နယ်အသင်းအနေဖြင့် ယင်းကစားသမားကို ခေါ်ယူနိုင်ရန်အတွက် ပုဂ္ဂိုလ်ရေးအရ အလွတ်သဘောတူညီမှုရရှိထားပြီဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ဖော်ပြထားသည်။

အခြားတစ်ဖက်တွင် အာဆင်နယ်အသင်းသည် ချယ်လ်ဆီးအသင်း၏ စာချုပ်သက်တမ်းတိုးကမ်းလှမ်းမှုကို ပူပူနွေးနွေး ပယ်ချထားသည့် တောင်ပံကစားသမား ဝီလီယံကို ခေါ်ယူနိုင်ရန်မှာ သေချာသလောက်ရှိသွားပြီဟုသတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လျက်ရှိနေသည်။

အာဆင်နယ်အသင်း နည်းပြ အာတီတာက ‘ကျွန်တော်တို့အသင်းရဲ့ အဓိကအားနည်းတဲ့နေရာက ခံစစ်ပိုင်းနဲ့ တောင်ပံပိုင်းပါ။ အဲဒီနေရာတွေကိုသာ အရည်အချင်းပြည့်မီတဲ့ ကစားသမားတွေနဲ့ အစားထိုးနိုင်ခဲ့မယ်ဆိုရင် ကျွန်တော်တို့အသင်း ရာသီသစ်မှာ ဘယ်လိုအသင်းမျိုးကိုမဆို စိန်ခေါ်နိုင်စွမ်းရှိလာမှာပါ။ ကျွန်တော်တို့ အပြီးသတ် စာချုပ်ချုပ်ဆိုနိုင်ဖို့ နီးစပ်နေတဲ့ ဂါဘရီရယ်နဲ့ ဝီလီယံတို့က အသင်းရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်လိမ့်မယ် ဆိုတာကို ကျွန်တော် ယုံကြည်ထားပါတယ်။ နှစ်ဦးစလုံး မဟုတ်ရင်တောင်မှ ဒီကစားသမားနှစ်ဦးထဲက တစ်ဦးကတော့ သေချာပေါက် အာဆင်နယ်အသင်းကို ရောက်ရှိလာမှာပါ’ဟု ပြောဆိုခဲ့သည်။

ဟန်နေသစ် စုစည်းသည်




# ဖူလ်ဟမ်အသင်း ပရီးမီးယားလိဂ်သို့ တန်းပြန်တက်

၂၀၁၈-၂၀၁၉ ဘောလုံးရာသီက ချန်ပီယံရှစ်သို့ တန်းဆင်းသွားခဲ့ရသည့် ဖူလ်ဟမ်အသင်းသည် ယခု ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် ချန်ပီယံရှစ်၌ ရလဒ်ကောင်းပြီး ပရီးမီးယားလိဂ်သို့ တန်းပြန်တက်လာနိုင်ခဲ့သည်။

ဖူလ်ဟမ်အသင်းသည် ယခုနှစ်ရာသီတွင် ချန်ပီယံရှစ်၌ အဆင့်(၄)နေရာသာရရှိခဲ့ခြင်းကြောင့် တန်းတက်တစ်နေရာအတွက် ပလေးအော့ဖ် ကစားခဲ့ရသည်။ ပလေးအော့ဖ်တွင် ကာဒစ်ဖ်အသင်းကို နှစ်ကျော့ပေါင်း ၃-၂ ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ဖူလ်ဟမ်အသင်းသည် တစ်ဖက်က ဆွမ်ဆီးအသင်းကို အနိုင်ရခဲ့သည့် ဘရန့်ဖို့ဒ်အသင်းနှင့် ပလေးအော့ဖ် ဗိုလ်လုပွဲကစားခဲ့ရာ ပွဲချိန် မိနစ် ၉၀ အတွင်း ဂိုးမရှိ သရေကျနေခြင်းကြောင့် အချိန်ပို ဆက်လက်ကစားခဲ့ရသည်။ အချိန်ပိုတွင် ဖူလ်ဟမ်အသင်းက ၂-၁ ဂိုးဖြင့် အနိုင်ရပြီး ပရီးမီးယားလိဂ်သို့ တန်းပြန်တက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဖူလ်ဟမ်အသင်း နည်းပြ စကော့ပါကားက ‘ကျွန်တော်တို့အသင်း အခုလို ပရီးမီးယားလိဂ်မှာ ပြန်ကစားနိုင်တာဝမ်းသာစရာပါ။ ဒီလိုဖြစ်လာရတာကလည်း အသင်းပိုင်ရှင်တွေရဲ့ ပံ့ပိုးမှု၊ ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုတွေကြောင့်ပါ။ ချန်ပီယံရှစ်ကနေ အလျင်အမြန် တန်းပြန်တက်လာနိုင်တာ အလွန်ပဲကျေနပ်စရာကောင်းပါတယ်။ ပရီးမီးယားလိဂ်မှာ စိန်ခေါ်မှုသစ်တွေကို ရင်ဆိုင်နိုင်ဖို့အတွက် ကစားသမားကောင်းတွေကို ထပ်မံဖြည့်တင်းသွားမှာပါ။ ထိပ်တန်းကစားသမားတွေ မဟုတ်ရင်တောင်မှ အဆင့်အတန်းမီကစားသမားတွေကို ခေါ်ယူသွားဖို့ ပြင်ဆင်ထားပါတယ်’ဟု ပြောဆိုခဲ့သည်။



# အင်တာမီလန်အသင်း ဆန်းချက်ဇ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူ

အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသည် မန်ယူအသင်းထံမှ အငှားခေါ်ယူထားသည့် တိုက်စစ်မှူး ဆန်းချက်ဇ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူလိုက်ကြောင်း သိရသည်။

ဆန်းချက်ဇ်သည် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် မန်ယူအသင်းမှ အင်တာမီလန်အသင်းသို့ အငှားဖြင့် လာရောက်ကစားနေရာ ယခုအချိန်တွင် ၎င်းကစားသမားကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် အပြီးပြတ်ခေါ်ယူပြီး သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၁)နှစ်ရှိ ဆန်းချက်ဇ်သည် အင်တာမီလန်အသင်းတွင် ပုံမှန်ပွဲထွက်ခွင့် မရရှိသော်လည်း မန်ယူအသင်းတွင် ပြန်လည်ကစားရန်ဆန္ဒမရှိခြင်းကြောင့် အင်တာမီလန်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

‘ကျွန်တော် အင်တာမီလန်အသင်းနဲ့ စာချုပ်ကိစ္စ အားလုံးပြီးပြတ်ခဲ့ပါပြီ။ နောက်ရာသီတွေမှာ ကျွန်တော် အင်တာမီလန်အသင်းနဲ့အတူ စီးရီးအေမှာ ဆက်ရှိနေတော့မှာပါ။ ပုံမှန်ပွဲထွက်ခွင့်မရရှိပေမယ့် အင်တာမီလန်အသင်းမှာ ကျွန်တော် ပျော်ရွှင်နေပါပြီ။ ကျွန်တော့်ကို ယုံကြည်ပေးတဲ့ အင်တာမီလန်အသင်းရဲ့ နည်းပြ အန်တိုနီယိုကွန်တီနဲ့ ကျွန်တော့်ကို လက်ခံပေးတဲ့ အမှုဆောင်အရာရှိချုပ် ဂူဆက်ပီမာရော့တာကိုလည်း ကျေးဇူးတင်ရပါတယ်။ အင်တာမီလန်အသင်းအတွက် အစွမ်းကုန် ကြိုးစားသွားပါမယ်’ဟု ဆန်းချက်ဇ်က ပြောသည်။


# တောင်ပံကစားသမား တောရက်စ်ကို မန်စီးတီးအသင်း ခေါ်ယူ

မန်စီးတီးအသင်းသည် ဗလန်စီယာအသင်းမှ စပိန်ယူ-၂၁ လက်ရွေးစင် တောင်ပံကစားသမား တောရက်စ်ကို ပေါင် ၂၁ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

မန်စီးတီးအသင်းသည် အဆိုပါ အသက်(၂၀)ရှိ လူငယ်ကစားသမားကို ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။ ဗလန်စီယာအသင်းအနေဖြင့်လည်း တောရက်စ်အတွက် ပြောင်းရွှေ့ကြေး ပေါင် ၂၁ သန်းအပြင် ယင်းကစားသမား၏ မန်စီးတီးအသင်းတွင် အောင်မြင်မှုမှတ်တမ်းများအပေါ်မူတည်ပြီး နောက်ထပ် ပေါင် ၁၁ သန်းရရှိမည့် အခွင့်အရေးတစ်ရပ်လည်းရှိနေသည်ဟုဆိုသည်။

မန်စီးတီးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့သွားသည့် တောင်ပံကစားသမား ဆာနေး၏ နေရာတွင် အစားထိုးနိုင်ရန်အတွက် တောရက်စ်ကို ခေါ်ယူရခြင်းဖြစ်ကြောင်း နည်းပြ ဂွါဒီယိုလာက ပြောသည်။

‘မန်စီးတီးအသင်းကို ပြောင်းရွှေ့ကစားခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အလွန်ပဲဝမ်းသာပျော်ရွှင်ရပါတယ်။ ဒီအချိန်မှာ ကစားသမားတိုင်းလိုလိုက မန်စီးတီးအသင်းမှာ ကစားချင်နေကြတယ်။ မန်စီးတီးအသင်းမှာ ဂွါဒီယိုလာလို နည်းပြကောင်းရှိနေသလို ထိပ်တန်းကစားသမားကောင်းတွေလည်း ရှိနေပါတယ်။ အဂူရို၊ ဒီဘရိုင်း၊ စတာလင်း စတဲ့ ကစားသမားတွေနဲ့ တွဲကစားခွင့်ရမှာက ကျွန်တော့်အတွက် ကြီးမားတဲ့ အခွင့်အရေးတစ်ရပ်ပါ။ အသင်းသစ် မန်စီးတီးနဲ့အတူ အောင်မြင်မှုတွေကိုရယူသွားဖို့ ကျွန်တော် အဆင်သင့် ပြင်ဆင်ထားပါတယ်’ဟု တောရက်စ်က ပြောသည်။




မန်စီးတီးအသင်းသို့ ပြောင်းရွှေ့မှု အောင်မြင်ခဲ့သည့် တောရက်စ်သည် ၂၀၁၇ ခုနှစ်ကပင် ဗလန်စီယာအသင်းကြီးတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။ ၎င်းကစားသမားသည် ဗလန်စီယာအသင်းအတွက် ၇၁ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ခြောက်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

# အိန္ဒိယနိုင်ငံ၌ ကုန်ထုတ်လုပ်မှုအညွှန်းကိန်းများ ပြန်လည်ကျဆင်းခဲ့

အိန္ဒိယနိုင်ငံ၌ COVID-19 ဗိုင်းရပ်စ်ကူးစက်မှု တားဆီးထိန်းချုပ်ရေးဆိုင်ရာ ဆက်သွယ်သွားလာမှုတားမြစ်ချက်များအား စတင်ဖြေလျှော့မှုပြုခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ် ဇွန်လ၌ စီးပွားရေးပြန်လည်နာလန်ထူလာမည့် အရိပ်အယောင်များရှိရာမှ ဇူလိုင်လတွင် ကုန်ထုတ်လုပ်ငန်းများမှာ ပြန်လည်ကျဉ်းမြောင်းမှု ဖြစ်ပေါ်လာကြောင်း လန်ဒန်မြို့အခြေစိုက် စီးပွားရေးရာလေ့လာဆန်းစစ်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် IHS Markit ၏ ကုန်ထုတ်လုပ်မှု ဝယ်ယူရေးစီမံခန့်ခွဲသူများအညွှန်းကိန်း Purchasing Managers' Index (PMI) အရ သိရှိရသည်။

အိန္ဒိယနိုင်ငံ၏ ကုန်ထုတ်လုပ်မှု PMI အညွှန်းကိန်းသည် ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ၄၇ ဒသမ ၂ ရှိရာမှ ဇူလိုင်လတွင် ၄၆ သို့ ကျဆင်းခဲ့သည်။ လေ့လာစစ်တမ်းကောက်ယူမှုအပေါ် အိန္ဒိယ ကုန်ထုတ်လုပ်ငန်းများမှဖြေကြားရာတွင် လုပ်သားအင်အားလျှော့ချမှုနှင့်အတူ ၎င်းတို့၏ ဝယ်ယူရေးဆိုင်ရာ လုပ်ဆောင်မှုများကိုလည်း လျှော့ချခဲ့သည်ကို တွေ့ရှိရသည်။ ပြည်ပသို့ ကုန်တင်ပို့ရန် အမှာအသစ်များ လက်ခံရရှိမှုမှာကျဆင်းခဲ့ပြီး နိုင်ငံတကာမှ ဝယ်ယူသူများအနေဖြင့် ကပ်ရောဂါအကျပ်အတည်းကာလအတွင်း သေချာရေရာမှုမရှိသည့် အခြေအနေ၌ အမှာစာများပေးပို့ရန် နှောင့်နှေးလျက်ရှိသည်။ လွန်ခဲ့သည့် နှစ်လတာအတွင်း စီးပွားရေးတည်ငြိမ်မှုရရှိမည့် အရိပ်လက္ခဏာများမှာ ပြန်လည်ယိုယွင်းလာခဲ့သည်။ သို့ရာတွင် ကုန်ထုတ်လုပ်ငန်းရှင်များအနေဖြင့် ရှေ့လာမည့်ကာလများ၌ စီးပွားရေးလုပ်ဆောင်မှုများ တိုးတက်ကောင်းမွန်မှုရှိရန် အပြုသဘောဆောင်သည့် ရှုမြင်မှုများရှိနေကြောင်းဖြင့် IHS Markit ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

IHS Markit အဖွဲ့က ထုတ်ပြန်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မှုအညွှန်းကိန်း (Services Business Activity Index) ဖော်ပြချက်၌ အိန္ဒိယနိုင်ငံ၏ အဆိုပါအညွှန်းကိန်းသည် ဇွန်လတွင် ၃၃ ဒသမ ၇ ရှိရာမှ ဇူလိုင်လတွင် ၃၄ ဒသမ ၂ သို့ အနည်းငယ် မြင့်တက်လာသည်ကို တွေ့ရှိရသော်လည်း ဝန်ဆောင်မှုကဏ္ဍလုပ်ငန်းများ ကျဉ်းမြောင်းကျုံ့ဝင်မှုမှာ ငါးလဆက်တိုက်တည်ရှိနေဆဲဖြစ်သည်။ IHS Markit အဖွဲ့မှ စီးပွားရေးပညာရှင် Mr. Lewis Cooper က အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြုံတွေ့ရမှုနှင့်အတူ ပြည်နယ်ဒေသအချို့တွင် အသွားအလာကန့်သတ်တားမြစ်မှုများ ပြန်လည်ချမှတ်ဆောင်ရွက်ခြင်းက ဝန်ဆောင်မှုကဏ္ဍအပေါ် သက်ရောက်မှုကြီးမားလျက်ရှိပြီး ဝယ်လိုအားလျော့ကျမှုနှင့် စီးပွားရေးလုပ်ငန်းများ ယာယီပိတ်သိမ်းမှုတို့ကို ဖြစ်ပေါ်စေကြောင်း ပြောကြားသည်။ IHS Markit၏စစ်တမ်းအရ အိန္ဒိယဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ရှေ့လာမည့်ကာလများ၌ စီးပွားရေးလုပ်ဆောင်မှုများ ဆက်လက်ကျဆင်းမည့် အနုတ်သဘောဆောင်ရှုမြင်မှုများ ရှိနေကြကြောင်း တွေ့ရှိရသည်။

အိန္ဒိယနိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍ နှစ်ရပ်ပေါင်းအတွက် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ဝယ်ယူရေးစီမံခန့်ခွဲသူများ အညွှန်းကိန်းမှာ ၃၇ ဒသမ ၂ ရှိပြီး ယခင်လအောက်သုညဒသမ ၆ မှတ် လျော့ကျခဲ့သည်။ PMI အညွှန်းကိန်း ၅၀ အထက်ဖြစ်ပါက လုပ်ငန်းဆောင်ရွက်မှုများမှာ ဆက်လက်တိုးချဲ့နေမည်ဖြစ်ပြီး ၅၀ အောက်၌တည်ရှိမှုမှာ လုပ်ငန်းများ ကျဉ်းမြောင်းကျုံ့ဝင်မည့်အခြေအနေဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ COVID-19 ဗိုင်းရပ်စ် ကူးစက်မှု တားဆီးထိန်းချုပ်နိုင်ရန်အတွက် ပြည်နယ်ဒေသအချို့တွင် အသွားအလာကန့်သတ်တားမြစ်မှုအစီအမံများ ဆက်လက်ဆောင်ရွက်မှုနှင့်အတူ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်လုပ်ကိုင်နိုင်မှုမှာ ကြန့်ကြာမည့်အခြေအနေများ ရှိနေသဖြင့် နိုင်ငံ၏စီးပွားရေး ပြန်လည်နာလန်ထူလာရန်မှာ လပေါင်းအတန်ကြာ အချိန်ယူရဖွယ်ရှိကြောင်း ကျွမ်း ကျင်သူများက သုံးသပ်လျက်ရှိကြသည်။

Source: 1. India's manufacturing activity contracted at a sharper pace in July, 4 Aug 2020, EconomicTimes

2. Services activity contraction weakens in July but downturn not slowing: IHS Markit, 5 Aug 2020, Economic Times

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# ကမ္ဘာ့ကပ်ရောဂါဆက်လက်ဖြစ်ပွားလျက်ရှိသော်လည်း တရုတ်နိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏသည် မျှော်မှန်းထားသည်ထက် တိုးတက်ခဲ့

၂၀၂၀ ပြည့်နှစ် ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံ၏နိုင်ငံခြား ကုန်သွယ်မှုပမာဏသည် ယွမ် ၁၄ ဒသမ ၂၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၄ ထရီလီယံ)ရှိခဲ့ပြီး ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်ကာလနှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ပို့ကုန်ပမာဏသည် ယွမ် ၇ ဒသမ ၇၁ ထရီလီယံရှိခဲ့ပြီး ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ သွင်းကုန်ပမာဏသည် ယွမ် ဒသမ ၅၃ထရီလီယံရှိခဲ့ပြီး ၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လတွင် တရုတ်နိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိခဲ့ပြီး အချို့နိုင်ငံများတွင် COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုများ ဖြစ်ပွားမှုကြောင့် ပြည်တွင်းဝယ်လိုအားမြင့်တက်လာခြင်း၊ ပိတ်ဆို့မှုများ ဖြေလျှော့ပေးခြင်းတို့ လုပ်ဆောင်ခဲ့သဖြင့် နိုင်ငံခြားကုန်သွယ်မှုကဏ္ဍတည်ငြိမ်မှုရှိခဲ့ကြောင်း သိရသည်။



၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏသည် ၂၀၁၉ ခုနှစ် ဇွန်လနှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ပို့ကုန်ကဏ္ဍတွင် ၄ ဒသမ ၃ရာခိုင်နှုန်း၊သွင်းကုန်ကဏ္ဍတွင် ၆ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏမြင့်တက်ခဲ့ခြင်းသည်စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်ခြင်း၊ ပြည်ပနိုင်ငံများမှ ကုန်ပစ္စည်း အမှာစာများ ပြန်လည်မြင့်တက်ခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း တရုတ်နိုင်ငံ၊ Bank of Communications မှ စီးပွားရေးသုတေသနပညာရှင် Liu Xuezhi က ပြောကြားခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပထမနှစ်ဝက်ကာလအတွင်း အာဆီယံနိုင်ငံများသည် တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ခဲ့ပြီး ကုန်သွယ်မှုပမာဏသည် ယွမ် ၂ ဒသမ ၀၉ ထရီလီယံရှိခဲ့သဖြင့် ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်နှင့်နှိုင်းယှဉ်ပါက ၅ဒသမ ၆ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ဥရောပနိုင်ငံများနှင့်ကုန်သွယ်မှုပမာဏသည် ယွမ် ၁ ဒသမ ၉၉ ထရီလီယံရှိခဲ့ပြီး ၁ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အမေရိကန်နိုင်ငံ နှင့်ကုန်သွယ်မှုတွင် ယွမ် ၁ ဒသမ ၆၄ ထရီလီယံရှိခဲ့ပြီး ၆ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုပမာဏ မြင့်တက်လာခြင်းသည် ဒေသတွင်း COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုအား ထိရောက်စွာ ထိန်းချုပ်ဆောင်ရွက်ခြင်း၊ လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်များထားရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပထမခြောက်လအတွင်း တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုများ ဖြစ်ပေါ်မှုအား တိုက်ဖျက်ရန် ပြည်ပနိုင်ငံများအတွက် အရေးတကြီးလိုအပ်နေသည့်ကုန်ပစ္စည်းများတင်ပို့မှုပမာဏ မြင့်တက်ခဲ့ကြောင်း၊ ပြည်ပနိုင်ငံများသို့ Face Masks အပါအဝင် အထည်အလိပ် ပို့ကုန် ပမာဏ သည် ၃၂ ဒသမ ၄ ရာခိုင်နှုန်း၊ ဆေးပစ္စည်းတင်ပို့မှုတွင် ၂၃ ဒသမ ၆ ရာခိုင်နှုန်း၊ ဆေးပစ္စည်းနှင့်ပတ်သက်သည့်ဆက်စပ်ပစ္စည်းများ တင်ပို့မှုတွင် ၄၆ ဒသမ ၄ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ကြောင်း တရုတ်နိုင်ငံ၊ Chinese Academy of International Trade and Economic Cooperation မှ စီးပွားရေးသုတေသနပညာရှင် Bai Ming က ပြောကြားခဲ့ကြောင်း သိရှိရသည်။

**ရင်းမြစ်: https://www.globaltimes.cn/content/1194447.shtml**

**ရွှေစင်ဦး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘေကျင်းမြို့။**

# စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်က ဘဏ်များသို့ အမေရိကန်ဒေါ်လာ ထုတ်ချေးမှု အစီအစဉ် ၂၀၂၁ ခုနှစ် မတ်လအထိ ဆောင်ရွက်ပေးမည်

စင်ကာပူ ငွေကြေးကြီးကြပ်မှုအာဏာပိုင် (Monetary Auth-ority of Singapore - MAS)သည် အမေရိကန်ဗဟိုဘဏ် (Federal Reserve)နှင့် သဘောတူ ဆောင်ရွက်လျက်ရှိသည့် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံ SWAP Facility အစီအစဉ်ကို ၃၁ - ၃ - ၂၀၂၁ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဤအစီအစဉ်သည် ဘဏ်များမှတစ်ဆင့် စင်ကာပူနှင့်ဒေသတွင်းနိုင်ငံများရှိ စီးပွားရေးလုပ်ငန်းများသို့ အမေရိကန်ဒေါ်လာကို ထပ်ဆင့် ထုတ်ချေးပေးနိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် ဤအစီအစဉ် စတင်ခဲ့သော ၂၀၂၀ ခုနှစ် မတ်လမှစ၍ အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံခန့်ကိုဘဏ်များသို့ ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

အမေရိကန်ဗဟိုဘဏ်၏စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်အပါအဝင် ဗဟိုဘဏ် ၁၄ ခုတို့နှင့် ဆောင်ရွက်လျက်ရှိသော အမေရိကန်ဒေါ်လာ SWAP Facility အစီအစဉ်များသည် နိုင်ငံအသီးသီး၏ အမေရိကန်ဒေါ်လာလိုအပ်ချက်များကို အထူးပံ့ပိုးပေးကြောင်း၊ ကိုဗစ်(၁၉)ကာလအတွင်း ငွေရေးကြေးရေးဈေးကွက်များ တည်ငြိမ်စွာ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ဗဟိုဘဏ်များ၏ ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် များစွာအထောက်အကူပြုကြောင်း၊ ကမ္ဘာ့အမေရိကန်ဒေါ်လာငွေကြေး ထုတ်ချေးမှုဈေးကွက်များ၏ လတ်တလောဖြစ်ပေါ်တိုးတက်မှုများကိုလည်း ဆက်လက် ထိန်းသိမ်းထားနိုင်ရန် ကူညီပေးကြောင်း၊ ဤအစီအစဉ်ကို ကာလထပ်တိုး ဆောင်ရွက်ခြင်းဖြင့် စင်ကာပူနိုင်ငံ၏ ငွေရေးကြေးရေးဈေးကွက်တည်ငြိမ်မှုနှင့်ဈေးကွက်အပေါ် ယုံကြည်မှုတို့ကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း၊ စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်သည်ဘဏ်လုပ်ငန်းစနစ်တွင် စင်ကာပူဒေါ်လာနှင့် အမေရိကန်ဒေါ်လာတို့၏ ငွေဖြစ်လွယ်မှုအဆင့်အတန်းကို အမြင့်ဆုံးအခြေအနေတွင် ဆက်လက်ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ ကိုဗစ်(၁၉) ကာလအတွင်း ဘဏ်များ၏ ချေးငွေထုတ်ချေးမှုများအပေါ် ဤအစီအစဉ်က ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

နိုင်ငံတကာငွေရေးကြေးရေးဗဟိုဌာနတစ်ခုဖြစ်သော စင်ကာပူအနေဖြင့်အာရှဒေသတွင်း နယ်စပ်ဖြတ်ကျော်အမေရိကန်ဒေါ်လာငွေကြေးထုတ်ချေးမှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်သည် ၂၀၂၀ ပြည့်နှစ် မတ်လတွင် စတင်ဆောင်ရွက်ခဲ့သော အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံ SWAP Facility အစီအစဉ်မှတစ်ဆင့် စင်ကာပူဒေါ်လာနှင့်လဲလှယ်၍ ရရှိမည့်အမေရိကန်ဒေါ်လာများကိုလေလံစနစ်ဖြင့် စင်ကာပူရှိ ဘဏ်များသို့ ထုတ်ချေးပေးလျက်ရှိကြောင်း သိရှိရသည်။

**သတင်းရင်းမြစ်။The Business Times, Monetary Authority of Singapore**

**မြတ်နိုး**
**စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့။**

# JETRO က ဂျပန်နိုင်ငံထုတ် လက်မှုပစ္စည်းများကို အင်တာနက်မှတစ်ဆင့် ချိတ်ဆက်ရောင်းချနိုင်ရန် ပံ့ပိုးကူညီမည်

ဂျပန်နိုင်ငံမှ JETRO အဖွဲ့အစည်းသည် ပြည်တွင်းရှိကုမ္ပဏီများကို made-in-Japanကုန်ပစ္စည်းများဖြစ်ကြသည့် စာရေးကိရိယာများ၊ ပရိဘောဂများ၊ လက်မှုပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများကို အင်တာနက်မှတစ်ဆင့် ကြော်ငြာ၍ နိုင်ငံတကာမှ ဝယ်လက်များနှင့် စီးပွားရေးအပိုင်း ချိတ်ဆက်မှုများဆောင်ရွက်ရာတွင် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းသိရသည်။

JETRO အဖွဲ့အစည်းသည် ပြည်တွင်းထုတ်လုပ်သူ ၁၂၀ ဦး ထံမှ ကုန်ပစ္စည်း ၅၁၉ ခုကိုTakumi (လက်မှုပညာဖန်တီးသူ- ဟု ဂျပန်ဘာသာဖြင့် အမည်ရသည့်)အစီအစဉ်ကို အကောင်အထည်ဖော်ရန် စုစည်းထားကြောင်းသိရသည်။

JETRO အနေဖြင့် ပြည်တွင်းလက်မှုပစ္စည်းထုတ်လုပ်သူများအတွက် ပြည်ပမှဝယ်လက်များနှင့် ချိတ်ဆက်နိုင်ရန်၊ ပြည်ပဈေးကွက်များသို့ ထိုးဖောက်နိုင်ရေး ဈေးကွက်ကျွမ်းကျင်သူများထံမှ အကြံဉာဏ်များရယူနိုင်ရန် အလို့ငှာ online system တစ်ခုကို တည်ထောင်ပေးထားပြီး Instagramကဲ့သို့ လူမှုကွန်ရက်တွင်လည်း အဆိုပါကုန်ပစ္စည်းများ အရောင်းမြှင့်တင်ရေးဗီဒီယိုအစီအစဉ်များထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအင်တာနက်မှတစ်ဆင့် အရောင်းမြှင့်တင်မည့် ကုန်ပစ္စည်းများမှာ ချည်ထည်များ၊ သစ်သားနှင့်ပြုလုပ်သည့် လက်မှုထည်များ၊ ဖန်ထည်များ၊ သားရေဖြင့်ပြုလုပ်သည့်ပစ္စည်းများ၊ သံဖြင့်ပြုလုပ်သည့်ပစ္စည်းများ၊ ရွှံ့စေးဖြင့်ပြုလုပ်သည့်ပစ္စည်းများနှင့် ဂျပန်ရိုးရာ washi paperဖြင့် ပြုလုပ်သည့် ပစ္စည်းများ ပါဝင်ပါသည်။ JETRO အနေဖြင့် အင်တာနက်မှ ညှိနှိုင်းရောင်းချခြင်းများကို ယခုသြဂုတ်လအတွင်း စတင်ဆောင်ရွက်မည်ဖြစ်ပြီး E-commerce အသုံးပြုပြီး ဝယ်ယူသူများဖြစ်ကြသည့် ပြင်သစ်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ အမေရိကန်ပြည်ထောင်စု၊ ဟောင်ကောင်နှင့် တရုတ်(တိုင်ပေ) စသည်တို့နှင့် ချိတ်ဆက်ထားကြောင်းသိရသည်။ အဆိုပါ ဂျပန်ပြည်တွင်းထွက်ကုန်များကို ရောင်းသူနှင့်ဝယ်သူအကြားချိတ်ဆက်ပြီးပါက ဝယ်ယူသူများ၏ E-commerce အင်တာနက် စာမျက်နှာများနှင့် pop-up stores တို့မှရောင်းချသွားမည်ဟု JETRO က ဆိုသည်။

ယခုဘဏ္ဍာနှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုနှင့် ကြုံကြိုက်နေရချိန်အတွင်း အင်တာနက်မှ အရောင်းအဝယ်ပြုလုပ်သည့် platform တစ်ခုကို တည်ထောင်ပေးခြင်းဖြင့် ပြည်တွင်းထုတ်လုပ်သူများအတွက် အကျိုးရှိစေမည့် ရလဒ်ကောင်းတစ်ခုအဖြစ် ဖန်တီးအကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်းဟု ဒစ်ဂျစ်တယ်နည်းပညာ မြှင့်တင်ရေးဌာနခွဲ၏ ညွှန်ကြားရေးမှူးဖြစ်ပြီး ယခုအစီအစဉ်ကို ဦးဆောင်မည့် Ms. Emi Teshima က ပြောကြားခဲ့သည်။ ၎င်းတို့အနေဖြင့် ပြည်တွင်းရှိ လက်မှုပညာလုပ်ငန်းဆောင်ရွက်သူများအား နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေးစီမံခန့်ခွဲရေး၊ ရောင်းချရေးနှင့် ဆက်ဆံရေးအပိုင်းတို့တွင် ပံ့ပိုးကူညီပေးသွားမည်ဟု Ms. Emi က ဆိုသည်။

Takumi projectသည် ယခင်နှစ်က ဂျပန်ရိုးရာ နည်းပညာများ အသုံးပြုထားသည့် ရိုးရာထွက်ကုန်ပစ္စည်းမျိုးစုံဖြင့် အစပြုခဲ့ပြီး ကုမ္ပဏီ ၁၀၁ ခုထံမှ ကုန်ပစ္စည်းအမျိုးပေါင်း ၂၆၀ကိုစုစည်းကာရောင်းသူနှင့်ဝယ်သူအကြား မျက်နှာချင်းဆိုင်ညှိနှိုင်းဆောင်ရွက်ကြသည့်ပုံစံမျိုးဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါသည်။ ပြီးခဲ့ သည့် ၂၀၂၀ ပြည့်နှစ် မတ်လတွင် အဆုံးသတ်သည့် ၂၀၁၉ ဘဏ္ဍာနှစ်တွင် ကိုရိုနာကပ်ရောဂါပြန့်ပွားနေမှုကြောင့် ရောင်းသူနှင့် ဝယ်သူအကြား ချိတ်ဆက်ထားသည့် အရောင်းအဝယ် ၁၃၃ ခုသည် အကျပ်အတည်းကြုံခဲ့ရပါသည်။

ယခုနှစ်တွင် ဂျပန်နိုင်ငံရှိလက်မှုပစ္စည်းထုတ်လုပ်သူ ၁၈၀ ခန့်သည် အဆိုပါ project တွင် ဝင်ရောက်လျှောက်ထားကြပြီး စီရင်စုဒေသ ၃၆ ခုမှ ကုမ္ပဏီ ၁၂၀ ခုသည် Japan luxury ဟူသည့် စံသတ်မှတ်ချက်နှင့်ကိုက်ညီကြောင်း ရွေးချယ်ခံခဲ့ရကြောင်း JETRO က ပြောကြားခဲ့ပါသည်။ ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရွေးချယ်ထားသည့် ကုန်ပစ္စည်း ၅၁၉ မျိုးအနက် Surprise Creative Ltd. မှ ထုတ်လုပ်သော ဖူဂျီတောင်ရုပ်ပုံနှင့် ဒီဇိုင်းဖော်ထားသည့် happi အမည်ရ ဂျပန်ရိုးရာအင်္ကျီလည်း ပါဝင်ကြောင်းသိရပါသည်။ အဆိုပါ ရိုးရာအင်္ကျီများကို ဂျပန်ရိုးရာပွဲလမ်းသဘင်များတွင် ဝတ်ဆင်ကြခြင်းဖြစ်သည်။

JETROသည် ပြည်တွင်းလက်မှုပညာရှင်မ၂၁းစုစည်း၍ ၎င်းတို့အကြား ကုန်ပစ္စည်းအသစ်များ တိုးတက်ဆောင်ရွက်နိုင်ရန်နှင့် ဆွေးနွေးညှိနှိုင်းနိုင်ရန် social media platform တစ်ခုကိုလည်း တည်ထောင်ပေးရန် ပြင်ဆင်နေကြောင်းသိရသည်။

**နန္ဒာဝင်း၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ တိုကျိုမြို့**

# သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းဆိုင်ရာ အမှုကိစ္စတစ်ရပ်အား ရပ်စဲကြောင်း အိန္ဒိယတရားရုံးချုပ် အမိန့်ချမှတ်

အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်ရှိ မိုရေးမြို့နှင့် ထိုင်းနိုင်ငံရှိမဲဆောက်မြို့တို့အကြား ဆက်သွယ်ဖောက်လုပ်မည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး၏ စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရာ၌ ဥပဒေကြောင်းအရ နှောင့်နှေး ကြန့်ကြာခက်ခဲမှုဖြစ်ပေါ်စေလျက်ရှိသည့် စာချွန်တော် လျှောက်ထားမှုဆိုင်ရာ ကိစ္စရပ်တစ်ခုအား အိန္ဒိယ တရားလွှတ်တော်ချုပ်က ဇူလိုင် ၂၈ ရက်တွင် ကြားနာစစ်ဆေးလျက် အမှုအား ဆိုင်းငံ့သည့်အမိန့်ကို ချမှတ်လိုက်ခြင်းဖြင့် ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း Hindustan Times သတင်းဌာန၏ ဖော်ပြချက်အရ သိရှိရသည်။

၂၉-၈-၂၀၁၆ ရက်တွင် အဆိုပါ သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရေး သဘောတူညီချက်ကို အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့ရာ၌ တမူး-ကြည်ကုန်း-ကလေးဝ ချဉ်းကပ်လမ်းပိုင်း ဖောက်လုပ်မှု အပါအဝင် အဝေးပြေးလမ်းမကြီး တစ်လျှောက်ရှိ တံတား ၆၉ စင်းအား တည်ဆောက်ရေးနှင့်အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းလည်း ပါဝင်ခဲ့သည်။ ရူပီးငွေ ၂၉၃၉ သန်းကျော် ကုန်ကျမည့် ၎င်းစီမံကိန်း လုပ်ငန်း၌ အိန္ဒိယပြည်ပရေးရာ ဝန်ကြီးဌာနသို့ စီမံခန့်ခွဲရေး အတိုင်ပင်ခံဝန်ဆောင်မှု (Project Management Consultancy) ထောက်ပံ့ပေးရန် အိန္ဒိယနိုင်ငံရှိ Ircon ISL လီမိတက်က ၂၆-၁၀-၂၀၁၇ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး အင်ဂျင်နီယာလုပ်ငန်း၊ ဝယ်ယူရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ(Engineering, Procurement & Construction - EPC) ဆောင်ရွက်ရန် မွန်ဘိုင်းမြို့ အခြေစိုက် Niraj Cement Structurals လီမိတက်နှင့် မဏိပူရ်ပြည်နယ်ရှိ Manipur Tribal Development Corporation လီမိတက်တို့ ပူးပေါင်းသည့် NCSL-MTDCL JV ဖက်စပ်လုပ်ငန်းအဖွဲ့က တင်ဒါအောင်မြင်လျက် ၈-၁၁-၂၀၁၇ ရက်တွင် ကန်ထရိုက်စာချုပ် ချုပ်ဆိုခဲ့ကြသည်။ သို့သော် ၎င်းဖက်စပ်လုပ်ငန်းအဖွဲ့အနေဖြင့် လုပ်ငန်းစတင်သည့် ၂၈-၁၁-၂၀၁၇ ရက်မှ ၁၃ လကြာမြင့်သည့်တိုင် တစ်စုံတစ်ရာမျှ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ပျက်ကွက်လျက်ရှိသဖြင့် ၂၄-၁၂-၂၀၁၈ ရက်တွင် EPC စာချုပ်ရပ်စဲခြင်းကို အိန္ဒိယပြည်ပရေးရာ ဝန်ကြီးဌာနက Ircon ISL အတိုင်ပင်ခံ လီမိတက်မှတစ်ဆင့် ဆောင်ရွက်ခဲ့သည်။ ထိုသို့ ကန်ထရိုက်စာချုပ်ရပ်စဲမှုအပေါ် NCSL-MTDCL JV အဖွဲ့က ၂၉-၁၂-၂၀၁၈ ရက်တွင် မဏိပူရ်ပြည်နယ် တရားရုံးချုပ်၌ အမှုဖွင့်လှစ်ရင်ဆိုင်ခဲ့ရာ ၎င်းတရားရုံးက စီရင်ပိုင်ခွင့်အာဏာအတွင်းကျရောက်မှုမရှိကြောင်းဖော်ပြလျက် အမှုစွဲဆိုထားရှိခြင်းကို ၂၉-၃-၂၀၁၉ ရက်တွင် ပယ်ချခဲ့သည်။ သို့ဖြစ်ရာ ၎င်းဖက်စပ်လုပ်ငန်းအဖွဲ့က မဏိပူရ်ပြည်နယ် အယူခံတရားရုံး၌ စာချွန်တော် လျှောက်ထားမှု ထပ်မံဖွင့်လှစ်ခဲ့ရာမှ အမှုပြီးပြတ်နိုင်ခြင်းမရှိဘဲ တင်ဒါအသစ်ခေါ်ယူလျက် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရေးမှာ ကြန့်ကြာနေခဲ့ခြင်းဖြစ်သည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်းလုပ်ငန်းများအား မြန်မာနိုင်ငံအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အိန္ဒိယအစိုးရ၏ အရှေ့လှမ်းမူဝါဒနှင့် အညီ ဖွံ့ဖြိုးမှုအထောက်အပံ့များပေးအပ်ရေး အစီအစဉ်ဖြင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက်က အဆိုပါစီမံကိန်းအား ဆောလျင်စွာ ပြီးစီးရန် မျှော်လင့်လျက်ရှိသည်ဟု မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက ၂၄-၆-၂၀၂၀ ရက်တွင် ဗဟိုအစိုးရထံ စာရေးသားတင်ပြခဲ့ကြောင်း၊ အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာနမှ ဗဟိုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားတင်ပြရာတွင် မဏိပူရ်ပြည်နယ် တရားရုံး၌ အမှုကြန့်ကြာလျက်ရှိခြင်းက အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးအပေါ် ထိခိုက်မှုရှိလာနိုင်ပြီး နိုင်ငံဖြတ်ကျော်၍ ဆက်သွယ်မှုကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအားလုပ်ဆောင်ရာတွင် အိန္ဒိယနိုင်ငံ၏ ပုံရိပ်ကိုလည်း ကျဆင်းစေနိုင်သည်ဟုဖော်ပြခဲ့ကြောင်း၊ ယခုအမှုအား တရား လွှတ်တော်၌ ကြားနာစစ်ဆေးရာတွင် အိန္ဒိယအစိုးရဘက်က ရှေ့နေချုပ် Mr. KK Venu-gopal ကိုယ်တိုင်တက်ရောက်ခဲ့ကြောင်းဖြင့် Hindustan Timesသတင်းဌာနက ရေးသားဖော်ပြသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ယူရိုဇုန်၏လက်လီရောင်းချမှု ကပ်ရောဂါကာလမတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိ

ယူရိုဇုန်တွင် လက်လီရောင်းချမှုပမာဏမှာ ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ပြန်လည်တိုးတက်လာခဲ့ပြီး အသွားအလာကန့်သတ်မှုများ မပြုလုပ်မီကာလဖြစ်သည့် ဖေဖော်ဝါရီလက ရောင်းချမှု အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ယူရိုဇုန်၏ ဇွန်လအတွင်း လက်လီရောင်းချမှုသည် မေလ၌ ရောင်းချမှုပမာဏထက် ၅ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ဥရောပစာရင်းအင်းအဖွဲ့အစည်း Eurostat ၏ စာရင်းဇယားများအရ သိရသည်။အဝတ်အထည်များနှင့် ကားလောင်စာဆီများတွင် သုံးစွဲမှုတိုးတက်ခဲ့ခြင်းကြောင့် လက်လီရောင်းချမှုပြန်လည်တိုးတက်လာခြင်းဖြစ်သည်။

လက်လီရောင်းချမှုပမာဏတိုးတက်ခဲ့သော်လည်း စီးပွားရေးပညာရှင်များခန့်မှန်းထားသည့် ၅ ဒသမ ၉ ရာခိုင်နှုန်းထက် အနည်းငယ်လျော့ နည်းခဲ့ကြောင်း၊ လက်လီရောင်းချမှုသည် မေလနှင့်ဇွန်လတို့တွင် နှစ်လဆက်တိုက် တိုးတက်ခဲ့သဖြင့် ယူရိုဇုန်နိုင်ငံများ၌ ဗိုင်းရပ်စ်ကူးစက်မှု ထိန်းချုပ်နိုင်ရေး Lockdown များ ပြုလုပ်ခဲ့ရသည့် မတ်လနှင့် ဧပြီလတို့အတွင်း စံချိန်တင်ကျဆင်းခဲ့သည့်အခြေအနေအား ပြန်လည်ချိန်ညှိလာနိုင်ခြင်းဖြစ်ကြောင်း Eurostat က ပြောကြားသည်။

ယခုနှစ် ဇွန်လတွင် လက်လီဝယ်ယူမှုပမာဏသည် ယခင်နှစ်ကထက် ၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ဖေဖော်ဝါရီလ နောက်ပိုင်းတွင် ပထမဆုံးအကြိမ် နှစ်စဉ်နှိုင်းယှဉ်ချက်၌ တိုးတက်လာခြင်းဖြစ်ရာ ယူရိုဇုန်၏ လက်လီရောင်းချမှုသည် အကျပ်အတည်း ကာလမတိုင်မီကအဆင့်သို့ ပြန်လည်ရောက်ရှိလာသည့် လက္ခဏာဖြစ်ကြောင်း Eurostat အရ သိရသည်။ လအလိုက် နှိုင်းယှဉ်ချက်တွင် ဇွန်လ၌လက်လီရောင်းချမှု ဂဏန်းနှစ်လုံးဖြင့် တိုးတက်ခဲ့သည့်နိုင်ငံများမှာ အိုင်ယာလန်၊ အီတလီနှင့်စပိန်နိုင်ငံတို့ဖြစ်ကြပြီး ဂျာမနီနှင့်ဩစတြီးယားနိုင်ငံတို့တွင်မူ မေလကတိုးတက်ခဲ့သည့်အခြေအနေမှ တ စ်ဖန်ပြန်လည်ကျဆင်းခဲ့သည်။ ယူရိုဇုန်တွင် လအလိုက် နှိုင်းယှဉ်ချက်အရ အထည်အလိပ်၊ အဝတ်အထည်နှင့် ဖိနပ်များ ရောင်းချမှုသည် ၂၀ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊စားသုံးသူများသည်ကားလောင်စာဆီ၊ကွန်ပျူတာပစ္စည်းကိရိယာများနှင့်စာအုပ်များကိုလည်းပိုမိုဝယ်ယူမှုရှိခဲ့ကြကြောင်း၊ စားသုံးသူများအနေဖြင့်ရောင်းချရာနေရာများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဝယ်ယူမှုများကို ပြန်လည်လုပ်ဆောင်လာကြသဖြင့် ဇွန်လတွင် အွန်လိုင်းမှရောင်းချရမှုသည် ၆ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

**ရင်းမြစ် - Reuters, Eurostat**
**ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# အီးယူ-ဗီယက်နမ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် စတင်အသက်ဝင်

အီးယူ-ဗီယက်နမ် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် (EU-Vietnam Free Trade Agreement) သည် ဩဂုတ် ၁ ရက်မှစတင်၍ အသက်ဝင်အာဏာတည်ခဲ့ပြီး အီးယူမှ ဗီယက်နမ်နိုင်ငံသို့ပို့ကုန်များသည်အခွန်သက်သာခွင့်များရရှိမည်ဖြစ်ကြောင်း သိရသည်။ ၎င်း FTA စတင်အသက်ဝင်မှုကြောင့် နှစ်ဖက်အကြား ကုန်သွယ်မှုပြုသည့် ကုန်စည်အားလုံး၏ ၉၉ ရာခိုင်နှုန်းအပေါ် အခွန်နှုန်းထားများအား လျှော့ချဖယ်ရှားသွားမည်ဖြစ်ကြောင်း ဥရောပကော်မရှင်အရ သိရသည်။

ယခုသဘောတူညီချက်အရ ဥရောပကုမ္ပဏီများအတွက် ဗီယက်နမ်နိုင်ငံ၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူစေမည်ဖြစ်ပြီး အစိုးရကဏ္ဍမှ ဝယ်ယူဖြည့်တင်းရေး (government procurement)စာချုပ်များတွင် ပြည်တွင်းလုပ်ငန်းရှင်များနှင့် အခွင့်အရေးတူညီစွာ ယှဉ်ပြိုင်၍ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်သည်။ ယခုသဘောတူညီချက်အား စီးပွားရေးအကျိုးကျေးဇူးများနှင့်အတူ အလုပ်သမားအခွင့်အရေးများ၊ ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များမှတစ်ဆင့် ရာသီဥတုဆိုင်ရာ ပါရီသဘော တူညီချက်နှင့်သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးစသည်တို့အပေါ် အာမခံချက်များနှင့်အတူ ချိတ်ဆက်၍ အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ အီးယူ-ဗီယက်နမ် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်သည် ဗီယက်နမ်နိုင်ငံ၏ ဖွံ့ဖြိုးမှုလိုအပ်ချက်များကို အပြည့်အဝ ထည့်သွင်းစဉ်းစားလျက် ဗီယက်နမ်နိုင်ငံသို့ အီးယူ၏ သွင်းကုန်များအပေါ် အခွန်လျှော့ချဖယ်ရှားပေးရမည့်အချိန်ကာလအား ၁၀ နှစ်သတ်မှတ်ပေးထားသည်။ သို့ရာတွင် ဆေးဝါးပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများနှင့် စက်ပစ္စည်းများကဲ့သို့သော အီးယူပို့ကုန်များအတွက်မူ သဘောတူညီချက်စတင်အသက်ဝင်ချိန်၌ အခွန်သက်သာခွင့်များ ရရှိခံစားနိုင်မည်ဖြစ်သည်။ လယ်ယာထွက် စားသောက်ကုန်များဖြစ်သည့် အမဲသားနှင့်သံလွင်ဆီကဲ့သို့သော ထုတ်ကုန်များအတွက် သုံးနှစ်အတွင်း အခွန်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပြီး နို့ထွက်ပစ္စည်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တို့အတွက် အများဆုံးငါးနှစ်အတွင်း အခွန်ကင်းလွတ်ခွင့်ခံစားနိုင်မည်ဖြစ်သည်။ တိရစ္ဆာန်နှင့် အပင်ပိုးမွှား ရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များကြောင့် ပိုမိုပွင့်လင်းမြင်သာ၍ မြန်ဆန်သည့် လုပ်ထုံးလုပ်နည်းများမှတစ်ဆင့် အီးယူလုပ်ငန်းများသည် ဗီယက်နမ်ဈေးကွက်သို့ ဝင်ရောက်ခွင့်တိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အီးယူ-ဗီယက်နမ် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်တွင် အီးယူ၏ကာတင်ပို့မှုအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ အတားအဆီးများ ဖယ်ရှားပေးရေးနှင့်ဒိန်ခဲ၊ ဝိုင်စသည့် ဒေသဆိုင်ရာအညွှန်း(Geographical Indications)အဖြစ် အသိအမှတ်ပြုထားသော ဥရောပဒေသထွက် ရိုးရာစားသောက်ကုန်များအား အတုအပ ပြုလုပ်ခြင်းမှ အကာအကွယ်ပေးရေးတို့နှင့် စပ်လျဉ်းသည့် သီးခြားပြဋ္ဌာန်းချက်များလည်းပါဝင်သည်။ ယင်းကုန်သွယ်ရေးသဘောတူညီချက်တွင် သဘာဝပတ်ဝန်းကျင်နှင့်လူမှုအခွင့်အရေးများအပေါ် နှစ်ဖက်ကတိကဝတ်ပြုမှုများကိုလည်း ဖော်ပြထားပြီး အလုပ်သမား၊ သဘာဝပတ်ဝန်းကျင်နှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ မြင့်မားသည့် စံချိန်စံညွှန်းများကိုလည်း ချမှတ်ထားကြောင်း သိရသည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (International Labour Organization-ILO) ၏ အခြေခံကွန်ဗင်းရှင်းရှစ်ခုအား အတည်ပြုရေးနှင့်အကောင်အထည်ဖော်ရေး၊ လေးစားလိုက်နာရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာ အခြေခံအခွင့်အရေးများနှင့်ပတ်သက်၍ ILO ၏ စည်းမျဉ်းများအား ထိရောက်စွာ အကောင်အထည်ဖော်ရေးနှင့် မြှင့်တင်အားပေးရေးတို့နှင့်စပ်လျဉ်းသည့် နှစ်ဖက်ကတိကဝတ်ပြုမှုများလည်း ပါဝင်ကြောင်း သိရသည်။

အီးယူ-ဗီယက်နမ် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်အား အီးယူအဖွဲ့ဝင်နိုင်ငံများ၏ အတည်ပြုချက်နှင့်အတူ ၂၀၁၉ ခုနှစ် ဇွန်လတွင် လက်မှတ်ရေးထိုးခဲ့ပြီး ဥရောပပါလီမန်က ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ယင်းသဘောတူညီချက်ကို အတည်ပြုခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် အီးယူ၏ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် စင်ကာပူနိုင်ငံ၏နောက်တွင် ရပ်တည်နေပြီး ၂၀၁၉ ခုနှစ်တွင် ကုန်စည်ကုန်သွယ်မှုတန်ဖိုး ယူရို ၄၅ ဒသမ ၅ ဘီလီယံနှင့် ၂၀၁၈ ခုနှစ်တွင် ဝန်ဆောင်မှုကုန်သွယ်မှုတန်ဖိုး ယူရိုလေးဘီလီယံခန့်ရှိခဲ့ကြောင်းသိရသည်။ အီးယူမှဗီယက်နမ်နိုင်ငံသို့ အဓိကပို့ကုန်များမှာ လျှပ်စစ်စက်ပစ္စည်းနှင့်ကိရိယာများ၊လေယာဉ်များ၊ ယာဉ်ယန္တရားများနှင့်ဆေးဝါးပစ္စည်းများအပါအဝင် အဆင့်မြင့်နည်းပညာထုတ်ကုန်များဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံမှ အီးယူသို့ အဓိကတင်ပို့သည့် ပို့ကုန်များမှာ လျှပ်စစ်ပစ္စည်းများ၊ ဖိနပ်များ၊ အထည်အလိပ်နှင့် အဝတ်အထည်များ၊ ကော်ဖီ၊ ဆန်၊ ပင်လယ်စာနှင့် ပရိဘောဂများ ဖြစ်ကြပါသည်။ အီးယူသည် ၂၀၁၈ ခုနှစ်တွင် စုစုပေါင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ယူရို ၇ ဒသမ ၄ ဘီလီယံဖြင့် ဗီယက်နမ်နိုင်ငံ၌ အများဆုံး ပြည်ပရင်းနှီးမြှုပ်နှံသူများတွင် ပါဝင်သည်။

**ရင်းမြစ် - (ဥရောပကော်မရှင်၊ Press release၊ ၁၁-၇-၂၀၂၀)**
**ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ထိုင်းပြည်ပပို့ကုန် ဇွန်လတွင် ၂၃ ရာခိုင်နှုန်းကျဆင်း

ပြည်ပပို့ကုန်တင်ပို့မှုသည်ဇွန်လတွင် နှစ်အလိုက်၌ ၂၃ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၎င်းမှာ ၂၀၀၉ ခုနှစ် ဇူလိုင်လ မှစ၍ အနိမ့်ဆုံးဖြစ်သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပို့ကုန်ခန့်မှန်းချက်ကို ယခင်အစောပိုင်းက(၅-၆ ရာခိုင်နှုန်း)ကျဆင်းမည်ဟု ခန့်မှန်းထားချက်မှ(၈-၉ခိုင်နှုန်း) အထိ ကျဆင်းသွားစေခဲ့ခြင်းဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုသည် စိန်ခေါ်မှု တစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေပြီး ၂၀၂၀ပြည့်နှစ် ဒုတိယနှစ် ဝက်နောက်ပိုင်းကာလများတွင်ထိုင်းပြည်ပပို့ကုန်များကို ကျဆင်းစေလိမ့်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု မူဝါဒနှင့် မဟာဗျူဟာရုံးညွှန်ကြားရေးမှူးချုပ် Pionchanok Vonkorpon ကပြောကြားခဲ့သည်။

အာရှနိုင်ငံများစွာတို့အနေဖြင့်ကပ်ရောဂါမှ နောက်ပိုင်းတွင် ပြန်လည်၍နာလန်ထူလာကြပြီဖြစ်သော်လည်း COVID-19 ဒုတိယလှိုင်းသည် စီးပွားရေးအပေါ် ကျဆင်းစေနိုင်သည့် အန္တရာယ်ရှိနေကြောင်း ၎င်းက ပြောကြားခဲ့သည်။ ထို့ပြင် အင်အားကြီးနိုင်ငံများအကြား ပထဝီနိုင်ငံရေးမူဝါဒသည် မူဝါဒဆိုင်ရာမရေရာမှုများကို ဖြစ်ပေါ်စေပြီး ကမ္ဘာ့စီးပွားရေးကျဆင်းမှုကို ပိုမိုဆိုးဝါးစေနိုင်ကြောင်း၊ ဘတ်ငွေတန်ဖိုးမြင့်တက်မှုကလည်း ထိုင်းပြည်ပပို့ကုန်များ၏ တန်ဖိုးယှဉ်ပြိုင်စွမ်းအားကို အားနည်းစေပြီး ပို့ကုန်ဝင်ငွေကို ဘတ်ငွေအားဖြင့် တွက်ချက်မည်ဆိုပါက လျော့ကျစေနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။




အကောက်ခွန်ရှင်းလင်းပြီး ပြည်ပပို့ကုန်တင်ပို့မှုအနေဖြင့် ဇွန်လတွင် ၂၃ဒသမ ၂ခိုင်နှုန်း ကျဆင်းသွားသည်။ ၎င်းမှာ ၂၀၀၉ခုနှစ်ဇူလိုင်လ နောက်ပိုင်း ၁၃၁ လအတွင်း အနိမ့်ဆုံးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၂၄ ရက်တွင် အစီရင်ခံတင်ပြခဲ့သည်။ ပို့ကုန်တင်ပို့မှုမှာ ဇွန်လတွင် အမေရိကန်ဒေါ်လာ ၁၆ဒသမ၄၄ဘီလီယံရှိခဲ့ပြီး သွင်းကုန်မှာ၁၈ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကာအမေရိကန်ဒေါ်လာ ၁၄ဒသမ၈၃ဘီလီယံရှိကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှု ပိုငွေ ၁ဒသမ၆၁ ဘီလီယံရှိခဲ့ကြောင်း သိရသည်။

တရုတ်ဈေးကွက်သို့တင်ပို့မှုမှာ ပြီးခဲ့သည့် နှစ်ဇွန်လကထက် ၁၂ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တတိယမြောက်လအဖြစ် မြင့်တက်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်ဈေးကွက်သို့ တင်ပို့မှုမှာလည်း နှစ် အလိုက်တွင် ၁၄ဒသမ၅ခိုင်နှုန်း တိုးတက်ခဲ့ပြီး ကောင်းမွန် လျက်ရှိကြောင်း သိရှိရသည်။ သို့ရာတွင် အခြားသောနေရာများသို့ ပို့ကုန်တင်ပို့မှုမှာ ကမ္ဘာ့စီးပွားရေးလမ်းကြောင်းနှင့်အညီ ဇွန်လတွင် ကျဆင်း ခဲ့ကြောင်းနှင့် ကုန်သွယ်ဖက်နိုင်ငံများ၏ ဝယ်လိုအားမှာလည်း ကျဆင်းခဲ့ကြောင်း သိရှိရသည်။

ပထမနှစ်ဝက်အတွက် ပို့ကုန်တင်ပို့မှုမှာ ယမန်နှစ်ကာလတူထက် ၇ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အမေရိကန် ဒေါ်လာ (၁၁၄ဒသမ၃၄) ဘီလီယံရှိခဲ့သည်။သွင်းကုန်တင်သွင်းမှုမှာလည်း ၁၂ဒသမ၆ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀၃ဒသမ၆၄ ဘီလီယံရှိခဲ့သည်။ ရလဒ်အနေဖြင့် ကုန်သွယ်မှု ပိုငွေအမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇ ဘီလီယံရှိခဲ့ကြောင်း သိရှိရသည်။ ဒုတိယသုံးလပတ်တွင်ပြည်ပပို့ကုန်မှာ အနိမ့်ဆုံးသို့ ကျဆင်းသင့်ပြီး ဒုတိယနှစ်ဝက်တွင် ပြန်လည်တိုးတက်သင့်ကြောင်း Ms. Pinchanok က ပြောကြားခဲ့သည်။

Standard Chartered ဘဏ်မှ ထိုင်းစီးပွားရေးပညာရှင် Tim Leelahaphan က အစောပိုင်းတွင်ပြန်လည်နာလန်ထူသည့်လက္ခဏာပြသော်လည်း ပြည်ပပို့ကုန်တင်ပို့မှုမှာထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပြဿနာများကြောင့် ထိခိုက်ခဲ့ရကြောင်းပြောကြားခဲ့သည်။ မိမိတို့အနေဖြင့် ယခုအဆင့်တွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကဲ့သို့သော အီလက်ထရွန်နစ် ထုတ်ကုန်များတင်ပို့ရောင်းချမှုတိုးတက်လာတာကို မျှော်လင့်မထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

စက်မှုလယ်ယာထွက်ကုန်များ (ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ)၊ ကြက်သား၊ အိမ်မွေးတိရစ္ဆာန်အစားအစာတို့မှာ အစားအစာနှင့် မရှိမဖြစ် လိုအပ်သော ကုန်ပစ္စည်းများအတွက် ဝယ်လိုအားမြင့်တက်လာသော်လည်း မော်တော်ကားနှင့် အစိတ်အပိုင်းများ ပြည်ပတင်ပို့မှုမှာ ဆက်လက်ကျဆင်းနိုင်ကြောင်း သိရှိရသည်။

Source:Bangkok Post
**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ဗန်ကောက်မြို့**

## MYANMAR CONFIDENT GROUP
COMPANY LIMITED
EXPORT & IMPORT

+959420186883 myanmarmcg@gmail.com www.mmpulses.com

1 URAD (BLACK MATPE) SSQ
2 URAD (BLACK MATPE) SQ
3 URAD (BLACK MATPE) FAQ
4 URAD (BLACK MATPE) GOTA
5 URAD (BLACK MATPE) DAL (SPLIT)
6 URAD (BLACK MATPE) CHILKA DAL (SPLIT)
7 TUR WHOLE LEMON
8 TUR WHOLE LINKHEY
9 TUR WHOLE WHITE
10 TUR DAL(SPLIT)
11 GREEN MUNG BEANS(PADI SHWEWAR)
12 GREEN MUNG BEANS(PAKAKKU)
13 GREEN MUNG BEANS(ANYASHWEWA)
14 GREEN MUNG BEANS(WAKHAYMA)
15 GREEN MUNG BEANS DAL (SPLIT)
16 GREEN MUNG BEANS CHILKA DAL (SPLIT)
17 RED KIDENY BEANS (BAMAWKATA)
18 RED KIDENY BEANS (HAND PICK POLISH)
19 BLACK EYE BEANS(BROWN)SQ
20 BLACK EYE BEANS(BROWN)FAQ
21 BLACK EYE BEANS(BLACK)SQ
22 BLACK EYE BEANS(BLACK)FAQ
23 BROWN EYE BEANS (COWPEA)
24 BOCKET BEANS(COWPEA)
25 CHICKPEA (6mm , 7mm , 8mm +)
26 GRAM WHOLE (6mm , 7mm , 8mm +)
27 DESI CHANA/KALA CHANA
28 CHANA DAL (SPLIT)
29 LAB LAB BEANS
30 NIGER SEED
31 YELLOW MAIZE
32 MYANMAR RICE ALL VARIETIES
33 TURMERIC
34 TAMARIND
35 JAGGERY
36 SULTANI BEANS
37 BUTTER BEANS
38 SOYA BEANS
39 CORIANDER SEED
40 PEANUTS / GROUNDNUT
41 BLACK CUMIN SEEDS
42 SOYA MEAL
43 SESAME SEEDS ALL VARIETIES
44 SUGER




No.86, 4th Floor, 49 Street, Pazundaung Township, Yangon, Myanmar.

+959420186883, +959793333577 , +9595390423

rammuni.ygn@gmail.com




စိုက်ပျိုးရေးဆိုတာ စိုက်ပျိုးနေရုံနဲ့မပြီးပဲ ဈေးကွက်နဲ့ ချိန်ဆနိုင်မှသာ တောင်သူတွေ အတွက် အကျိုးရှိစေမှာ ဖြစ်တယ်။ တောင်သူတွေ အကျိုးရှိစေဖို့ GAP သဘာဝ မြေဩဇာကို အသုံးပြုစေလိုပါတယ်။

Selective Star Agribusiness Co.,Ltd

## ZIN & FRIENDS
AUDITOR, ACCOUNTANT & FINANCIAL CONSULTANT


WE ARE DOING THE FOLLOWING SERVICES

1 . Company Formation (Local & Foreign).
2 . Director Apointment, Resignation, Share Transfer.
3 . Auditing & Accounting.
4 . Filing of Tax Return to Company Cyele Tax Office.
5 . Part Time Accounting and Auditing.
6 . Apply For Import / Export Licence & Licence Extension
7. Bamk Account Opening.
8 . Apply for Company Extension.
9 . Company Liquidation.
10 . Prepare Account for Bank Loan.
11 . Prepare Account for Foreign Education Visa.
12 . Prepare Proposal for Myanmar Investment Commission.
13 . Apply for UMFCCI Member Ship.
14 . Apply for Travel & Tours Licence.
15 . Apply for Stay Visa & Visa Extension.
16 . Apply for FDA Licence.

Add : No. 350/354, 1st Floor, Ahnawrahtar Road, Near 1 Street, Lanmadaw Township, Yangon.
Ph : 09 420099356, 09 792834975
Email : zinfriends.zinwai@gmail.com


မြန်မာပီတောက် ကုမ္ပဏီမှ ဗီယက်နမ်နိုင်ငံထုတ်အဆင့်မြင့်ဝါယာကြိုးများအား မြန်မာနိုင်ငံတဝှမ်းလုံးသို့ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်တင်သွင်းဖြန့်ချိသည်။
တာရှည်ခံပြီး လုံခြုံဖို့
CADI-SUN
Cable ကို သုံးကြစို့
ISO - 9001:2008
IEC - 1089:1991
CADI-SUN
Made in Vietnam
FAST500
• HT/LT Copper Power Cable
• 400V Aerial Bundle Conductor (ABC Cable)
• 15kV & 33kV Aluminium Insulated Cable (SAC. Space Aerial Cable)
Yangon Contact ; 09-408888013-14 / TaungGyi Contact ; 09-445578001-2 / Monywa Contact ; 09-427888871
Dawei Contact ; 09-457366663-4 / Magway Contact ; 09-427888872


VIRGO
MYANMAR CO.,LTD
ADVERTISING & TRADING
01 - 294477 ,01-8610791
09 - 09-767177188, 798008650
Build (3) , Room (001), Kyi Taw Street,
Mingalartaungnyunt Township, Yangon,Myanmar.
virgomyanmar2017@gmail.com www.facebook.com\virgomyanmar www.virgomyanmar.com


HOTEL YADANAR THEINGHA
No.(6), Yarzathingaha Road, Dekkhina Thiri Township, Naypyitaw, Myanmar.
Ph : 0673-421911,421922,421933,421944,421955 Fax:0673-421910 Email: hotelyadanartheingha6@gmail.com

COMMERCE INTERNATIONAL

# ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ASEAN+3 အဆင့်မြင့်ဘဏ္ဍာရေးအရာရှိများ သုံးသပ်

ASEAN+3 ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်(Financial Cooperation Process)မဟာဗျူဟာလမ်းညွှန်မှုများအရ ဆောင်ရွက်သော အစီအစဉ်သစ်များကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများကို ASEAN+3အကြီးတန်းဘဏ္ဍာရေးအရာရှိများက ဩဂုတ် ၅ ရက်တွင် ပြန်လည်သုံးသပ်ခဲ့ကြသည်။

အွန်လိုင်းဖြင့် ဩဂုတ် ၅ ရက်တွင် ကျင်းပသော ASEAN+3 ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ကိုယ်စားလှယ်များအစည်းအဝေးတွင် ဗီယက်နမ် ဒုတိယဘဏ္ဍာရေးဝန်ကြီး ထရမ်ဇွမ်ဟာက အာဆီယံနှင့် ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုအရ ဆောင်ရွက်ခဲ့သည့် အရေးပါသော တိုးတက်မှုအခြေအနေများကို အလေးပေးဖော်ပြခဲ့သည်။




ကမ္ဘာလုံးနှင့် ဒေသဆိုင်ရာ စီးပွားရေးများကို ပြင်းထန်စွာထိခိုက်စေခဲ့သော ကိုဗစ်-၁၉ ၏ ရှုပ်ထွေးသော ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ဖြစ်ပေါ်နေစဉ် ဤအစည်းအဝေးကို ကျင်းပခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးသည် ၂၀၂၀ ပြည့်နှစ်တွင် ၄ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းပြီး အာရှစီးပွားရေးများမှာ ၁ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းမည်ဟု အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားသည်။

'စီးပွားရေး ကျဆင်းမယ်လို့ ဆိုပေမယ့် ASEAN+3 ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်က ပြီးခဲ့တဲ့ကာလတွေမှာ အရေးပါတဲ့ အဆင့်တွေကို ရောက်ရှိခဲ့ပါတယ်။ ကျွန်တော်တို့ လုပ်ငန်းအဖွဲ့တွေက ဘဏ္ဍာရေးဝန်ကြီးတွေနဲ့ ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးတွေ ချမှတ်ခဲ့တဲ့မူဘောင်တွေအတွင်း လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပြီး ထူးခြားတဲ့ ရလဒ်တွေရရှိခဲ့ပါတယ်' ဟု ဟာကပြောသည်။

# ကမ္ဘာ့ကပ်ရောဂါကြောင့် ဗီယက်နမ်ခရီးသွားလုပ်ငန်း ဝင်ငွေကျ

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် နယ်စပ်ပိတ်ဆို့မှုများနှင့် အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်များ ပိတ်ဆို့မှုကြောင့် ဗီယက်နမ်ခရီးသွားကုမ္ပဏီများ၏ ဝင်ငွေသည် ဒုတိယသုံးလပတ်တွင် ကျဆင်းခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ပထမဆုံးအတည်ပြုလူနာတွေ့ရှိပြီး နောက်နှစ်လနီးပါးအကြာ မတ်လမှစ၍ ဗီယက်နမ်သို့လာရောက်သော ခရီးသွားအရေအတွက်မှာ သိသိသာသာ ကျဆင်းခဲ့သည်။ ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ဇွန်လတွင် ခရီးသွားဝင်ရောက်မှုအရေအတွက်မှာ ၉၉ ဒသမ ၃ ရာခိုင်နှုန်းက ဆင်းခဲ့သည်။

စတော့ဈေးကွက်တွင်ရှိသော ခရီးသွားကုမ္ပဏီများ၏ ဝင်ငွေမှာ ဒုတိယသုံးလပတ်တွင် စံချိန်တင် ကျဆင်းပြီး ရာခိုင်နှုန်းအားဖြင့် ၇၀ မှ ၈၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ ထို့ကြောင့် ရှာရေတန်ဒါနန်း၊ ဗီယက်ထရားဘဲနှင့် ဒမ်ဆန်ဝါးတားပတ်စသည့်ကုမ္ပဏီများ၏ အမြတ်အစွန်းများ ကျဆင်းခဲ့သည်။

ဒုတိယသုံးလပတ်တွင် ဒမ်ဆန်ဝါးတားပတ်၏ အရှုံးမှာ ဗီယက်နမ် ဒေါင် ၄ ဒသမ ၃ ဘီလီယံရှိခဲ့သည်။ ယခင်နှစ်ကာလတူကမူ ဗီယက်နမ်ဒေါင် ၄၂ ဘီလီယံ အမြတ်ရှိခဲ့သည်။ ယခုနှစ် ပထမခြောက်လတွင် ကုမ္ပဏီ၏အမြတ်မှာ ဗီယက်နမ်ဒေါင် သန်း ၁၀၀ အမြတ်ရရှိခဲ့သည်။

လွန်ခဲ့သောသုံးလက ကိုဗစ်-၁၉ ကို ထိထိရောက်ရောက် ထိန်းနိုင်ခဲ့သဖြင့် ခရီးသွာလုပ်ငန်းအတွက် မျှော်လင့်ချက်များ ရရှိခဲ့သော်လည်း လွန်ခဲ့သည့် သီတင်းနှစ်ပတ်က ဒါနန်းတွင် ရောဂါပြန်ဖြစ်သဖြင့် ခရီးသွားလုပ်ငန်းအနာဂတ်အတွက် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့သည်။

# စင်ကာပူတွင် နိုင်ငံခြားသား အလုပ်သမားအများစု ဩဂုတ်လကုန်တွင် အလုပ်ပြန်ဆင်းနိုင်မည်ဟုခန့်မှန်း

စင်ကာပူတွင် နိုင်ငံခြားသား လုပ်သားအများစုသည် ယခုလကုန်တွင် အလုပ်ပြန်ဆင်းနိုင်လိမ့်မည်ဟု ကိုဗစ်-၁၉ ဝန်ကြီး ဌာနပေါင်းစုံလုပ်ငန်းအဖွဲ့ပူးတွဲဥက္ကဋ္ဌ မစ္စတာလောရင့်ဝေါင်းက ဩဂုတ် ၆ ရက်တွင် ပြောကြောင်း ချန်နယ်နယူးအေရှ သတင်းတွင် ဖော်ပြသည်။

ကိုဗစ်-၁၉ ကူးစက်မှုကင်းရှင်းသော သို့မဟုတ် ပြန်လည်ကောင်းမွန်လာသော အလုပ်သမားများလုပ်ငန်းပြန်ဝင်ခြင်းနှင့်အတူ ဆောက်လုပ်ရေးလုပ်ငန်းသည်လည်း ယခုလကုန်တွင် ပြန်စနိုင်မည်ဟုခန့်မှန်းကြောင်း ၎င်းက ပြောကြားပြီး ယခုအချိန်မှစပြီး လိုအပ်သော ဘေးကင်းလုံခြုံရေးအစီအမံများကိုဆောင်ရွက်ထားရန် ကန်ထရိုက်တာများကို တိုက်တွန်းထားသည်။

ကန့်သတ်ပိတ်ဆို့မှု ဝင်ရသည့် နောက်ဆုံးကာလ ပြီးဆုံးကာနီးလုပ်သားများမှအပ ဩဂုတ် ၇ ရက်အထိ အဆောင်နေလုပ်ခနည်း လုပ်သား ၃၀၀၀၀၀ ကိုဆေးစစ်ရန် စင်ကာပူတွင် ဆောင်ရွက်နေဆဲဖြစ်ကြောင်း သတင်း



စာရှင်းလင်းပွဲတစ်ခုတွင် မစ္စတာဝေါင်းက ပြောသည်။

လာမည့် သီတင်းနှစ်ပတ်တွင် သီးသန့်ထားသော ကာလကုန်ဆုံးချိန်၌ အလုပ်သမားများကို စစ်ဆေးပြီးသော အခါ စင်ကာပူတွင် ကူးစက်ရောဂါ အတည်ပြုလူနာ အရေအတွက်အတက်အကျ မငြိမ်မသက် ရှိနိုင်ကြောင်း သူကပြောသည်။

'စစ်လိုက်တဲ့အခါ ပိုးတွေ့တာ၊ မတွေ့တာ ဘယ်လောက်ရှိမယ်လို့ မသိသေးပါဘူး။ စစ်လို့ပိုးမတွေ့တဲ့လူ အများကြီးဖြစ်ပြီး ပိုးတွေ့တဲ့သူ နည်းနည်းတွေ့တာလည်း ဖြစ်နိုင်တာပဲ။ ဒါပေမဲ့ ပိုးတွေ့တဲ့လူ အများကြီးတွေ့တာမျိုးလည်းဖြစ်နိုင်တာပဲ။ ဒါပေမဲ့ သီးသန့်ထားတဲ့ အလုပ်သမားနောက်ဆုံးသုတ်ကို စစ်ဆေးနေပြီဆိုတော့ နောက် သီတင်းသုံးပတ်လောက်သာ ဆက်ဖြစ်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်'ဟု မစ္စတာဝေါင်းကပြောသည်။

စံမီအောင် စုစည်းသည်



# ကပ်ရောဂါကြောင့် မော်တော်ကား ရောင်းအားခေါက်ချိုးကျသဖြင့် တိုယိုတာအမြတ်အစွန်းကျ

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကြောင့် မော်တော်ကားရောင်းအားသည် ယခင်နှစ်ကရောင်းအား၏ ထက်ဝက်ခန့်အထိ ကျဆင်းသဖြင့် နောက်ဆုံးသုံးလပတ်တွင် တိုယိုတာ၏အမြတ်သည် ၇၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း အေပီသတင်းတွင်ဖော်ပြသည်။

ဧပြီ၊ မေ၊ ဇွန်သုံးလ ပတ်ကာလတွင် အမြတ်အစွန်းမှာ ယန်း ၁၅၈ ဒသမ ၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ) ရှိခဲ့သဖြင့် ယခင်နှစ်ကာလတူကရှိခဲ့သော အမြတ်ငွေ ယန်း ၆၁၉ ဘီလီယံအောက်ကို ကျဆင်းခဲ့သည်။

ဇွန်လကုန်အထိ သုံးလပတ်တွင် ကမ္ဘာတစ်ဝန်း၌ တိုယိုတာကား စီးရေ ၁ ဒသမ ၂ သန်းနီးပါး ရောင်းရသည့်အတွက် ယခင်နှစ်ကာလတူကရောင်းခဲ့ရသော စီးရေ ၂ဒသမ ၃ သန်းအောက်သို့ ကျဆင်းခဲ့သည်။

ကန့်သတ်ပိတ်ဆို့မှု၊ ထုတ်လုပ်မှုကျဆင်းမှုနှင့် ရောင်းအားကျဆင်းမှုတို့ကြောင့် သုံးလပတ်အလိုက် ရောင်းချမှုမှာ ၄၀ ရာခိုင်နှုန်း တန်ဖိုးအားဖြင့် ယန်း ၄ ဒသမ ၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၆ ဘီလီယံ)ကျဆင်းခဲ့ကြောင်း ကုမ္ပဏီကပြောသည်။

အမေရိကန်၊ ဂျပန်နှင့် ဥရောပအပါအဝင် ကမ္ဘာ့ဈေးကွက်အားလုံးတွင် တိုယိုတာရောင်းအား အထိနာခဲ့သည်။ ယခင်နှစ် နှောင်းပိုင်းက ရောဂါပိုးစတင်ခဲ့သော တရုတ်နိုင်ငံတွင် ရောင်းချမှုပြန်လည်ကောင်းမွန်လာစပြုလာသည်။

ဂျပန်နိုင်ငံရှိ ပြိုင်ဘက်ကုမ္ပဏီများဖြစ်ကြသောဟွန်ဒါနှင့် နစ်ဆန်းတို့အပြင် အမေရိကန်အခြေစိုက် ဂျင်နရယ်မော်တာတို့သည်လည်း နောက်ဆုံး သုံးလပတ်တွင် အရှုံးပြခဲ့ကြသည်။

Don't be drastic, Say "no" to plastic
ပြင်းထန်သော အကျိုးသက်ရောက်မှုမရှိစေရန် ပလတ်စတစ်ကို ငါတို့ငြင်းဆန်။